# ECONOMIC DEVELOPMENT OF MYANMAR

## Myat Thein

# မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆန်းစစ်ချက်

မြတ်သိန်း

**သက်ထွန်းဦး**
မြန်မာပြန်သည်

၂၀ ရာစု ဒုတိယပိုင်းကာလ မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် ပါမောက္ခမြတ်သိန်း၏ လေ့လာချက်သည် လွန်စွာ ထိမိ ပြောင်မြောက်လှပေသည်။ စာရေးသူ၏ ဆန်းစစ်ချက်မှာ မျှမျှတတလည်း ရှိ၊ ထိုးဖောက်မြင်တတ်မှုလည်း ပါသည့်နှင့်အမျှ လိုအပ်သော နေရာများ၌ပါ အကွက်ကျကျ ထောက်ပြထားပြန်သည်။ ဤစာတမ်းသည် အာရှမှ နားလည်ရန် မလွယ်ကူဆုံးသော နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို လေ့လာရာတွင် မရှိမဖြစ် အရေးပါလှသော စာအုပ်တစ်အုပ်ပင် ဖြစ်ပါသည်။

*Anne Booth*
School of Oriental and African Studies, London

mgyee.com

နောက်ဆုံးတွင်မှ ရေးကာ မထုတ်ဝေခဲ့ကြသေးသည့် စစ်ပြီးကာလ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှု အခြေအနေကို ပါမောက္ခမြတ်သိန်း၏ ဦးဆောင်ဖော်ထုတ် ရေးသားပေးသော ကျေးဇူးကြောင့် ကျွန်ုပ်တို့ လက်လှမ်းမီ သိခွင့် ရလိုက်ပေပြီ။ စာရေးသူသည် ချည့်နဲ့နေသည့် စီးပွားရေးစနစ် အဆင့်ဆင့် ပြောင်းလဲလာပုံကို နှစ်ကာလ အစဉ် အလိုက် ပြည့်စုံစွာ ဖော်ထုတ်တင်ပြထားသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဆန်းစစ်သည့် စာအုပ်သစ်များစွာ ထဲတွင် ဤစာအုပ်မှာ တန်ဖိုးရှိလှသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပေသည်။ စာရေးသူ၏ ဓမ္မဓိဋ္ဌာန်ကျကျ ချဉ်းကပ်၍ ရှင်းလင်း ပြတ်သားစွာ တင်ပြထားမှုကြောင့် ဤစာအုပ်သည် စိတ်ဝင်စားစရာလည်း ကောင်းလှသလို ထိုးဖောက်မြင်နိုင်စွမ်းကိုလည်း ပေးစွမ်းနိုင်ပေသည်။

*Mohamed Ariff*
Malaysian Institute of Economic Research

ပါမောက္ခမြတ်သိန်းသည် မြန်မာနိုင်ငံ၏ ၂၀ ရာစုနောက်ပိုင်း ကာလအတွင်း အလိုအပ်ဆုံးဖြစ်သည့် နိုင်ငံရေး ဘောဂဗေဒစာအုပ်ကို ရေးသား ပြုစုခဲ့သည်။ ယင်းစာအုပ်သည် အစိုးရ အဆက်ဆက် အကန့်အသတ်ဖြင့်သာ အောင်မြင်မှုရရှိခဲ့ပုံ၊ စိတ်မချမ်းမြေ့စရာ ဖြစ်ခဲ့ရပုံများကို မျှမျှတတနှင့် ကျွမ်းကျင်နိုင်နင်းစွာ လေ့လာရေးသားထား သည်။ ရွေးချယ်စရာ အခွင့်အလမ်းများစွာ ပွင့်နေသည့် နိုင်ငံတစ်နိုင်ငံ၏ အခြေအနေကို နားလည်သဘောပေါက် လိုသူများအတွက်လည်း ကိုးကားစရာအကောင်းဆုံး စာအုပ်တစ်အုပ် ဖြစ်သည်။ စီးပွားရေးနယ်ပယ်အတွက် အရေးပါသည့် ပံ့ပိုးဖြည့်ဆည်းမှုတစ်ရပ်ပါပေ။

*David O. Dapice*
John F. Kennedy School of Government, Cambridge, M.A

ပါမောက္ခမြတ်သိန်းသည် မြန်မာနိုင်ငံ၏ ရှုပ်ထွေးလှသည့် စီးပွားရေးသမိုင်းကြောင်းနှင့် ခေတ်ပြိုင်ဖြစ်ရပ်များကို စာဖတ်သူတို့ နားလည်စေရေးအတွက် ကြီးမားသော ဖြည့်ဆည်းမှုတစ်ရပ်ကို ပြုခဲ့ပေသည်။ သူ့စာအုပ်သည် နိုင်ငံက ရင်ဆိုင်ခဲ့ရသည့် ပြဿနာများကို ရှင်းလင်းစွာ တင်ပြထားသလို သူ့ဆန်းစစ်ချက်များကြောင့် ဤစာအုပ် မှာ လူသိနည်းလှသေးသော နိုင်ငံအကြောင်း ဖတ်ရှုလိုသူများ၏ စာအုပ်စာရင်းတွင် ပါဝင်သင့်သော စာအုပ် တစ်အုပ်ဖြစ်လာပေသည်။

*David I. Steinberg*
Georgetown University, Washington, DC

မိမိဘာသာ တံခါးပိတ်ဝါဒ ကျင့်သုံးလာခဲ့သော မြန်မာနိုင်ငံသည် နိုင်ငံတကာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အနေးနှင့်အမြန် ဆိုသလို ပြန်လည်ဖွင့်လှစ်ပေးရပေတော့မည်။ မြန်မာ့စီးပွားရေး နောက်ခံအကြောင်းကို ထဲထဲ ဝင်ဝင် နားလည်လိုသူများမှာ ယခုအချိန်တွင်ပင် အတော်အတန် များပြားနေသည်ဖြစ်ရာ ထိုကာလသို့ရောက်လျှင် ပို၍ပင် များပြားလာနိုင်ပေသည်။ ထိုလိုအပ်ချက်ကို ပါမောက္ခမြတ်သိန်း၏ စာအုပ်က ဖြည့်ဆည်းပေးထားသည်။ သို့ရာတွင် ဤစာအုပ်မှာ မြန်မာ့စီးပွားရေးမိတ်ဆက်အဆင့်ထက် များစွာတန်ဖိုးရှိနေပေသည်။ စာရေးသူသည် မိမိ၏ ပညာရပ်ဆိုင်ရာ ထိုးထွင်းသိမြင် နှံ့စပ်မှုဖြင့် ခေတ်သစ် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလှသော ပြဋ္ဌာန်းစာအုပ်တစ်အုပ်ကို အမှန်ပင် ရေးသား ဖန်တီးနိုင်ခဲ့ပေပြီ။

*John Wong*
East Asian Institute, Singapore

WISDOM HOUSE

SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

- ဤစာအုပ်သည် သမိုင်းဖြစ်စဉ်များနှင့် ၁၉၄၈ နောက်ပိုင်း စစ်ပြီးခေတ် စီးပွားရေး တိုးတက်မှုများကို ပြည့်ပြည့်စုံစုံနှင့် အသေးစိတ် ဖော်ပြလိုရင်း မဟုတ်ပါ။ အမှန်စင်စစ် ကျွန်တော်၏ ရည်ရွယ်ချက်မှာ အကြောင်း ကိစ္စများကို ကျယ်ပြန့်သည့် အမြင်များဖြင့် စဉ်းစားကာ ဖွံ့ဖြိုး တိုးတက်မှုကို ထိခိုက်စေသည့် အကြောင်းရင်းများကို ခေတ်ကာလ အပိုင်း အခြားအလိုက် ဆင်ခြင်သုံးသပ်တတ်စေရန်နှင့် အစိုးရအဆက်ဆက်က ကျင့်သုံးခဲ့သည့် မူဝါဒများကို နားလည်စေရန် ဖြစ်ပါသည်။ ကျွန်တော့် အနေနှင့် ၁၉၄၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ အဓိကကျသည့် ဖွံ့ဖြိုး တိုးတက်မှုများကို လွယ်ကူ ရှင်းလင်းစွာ တင်ပြထားခြင်း ဖြစ်ပါသည်။

*မှူရင်းစာအုပ်ပါ အမှာစာ မှ*

- မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်စနစ်အောက်တွင် နိုင်ငံခြား ကုန် သွယ်မှုနှင့် ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများ၊ ပြည်တွင်း လက်လီ လက်ကား ကုန်သွယ်မှု လုပ်ငန်းများ၊ ဘဏ်များ၊ စက်မှုလုပ်ငန်းများ၊ သစ်တော၊ ရေလုပ်ငန်း၊ သတ္တုတွင်း လုပ်ငန်းများသာမက ဆေးရုံများ၊ ကျောင်းများပင် ပြည်သူပိုင် အသိမ်းခံခဲ့ရသည်။ ပြည်သူပိုင် သိမ်းရန် မလိုအပ်သော စိုက်ပျိုးရေးကဏ္ဍတွင်ပင် စိုက်ပျိုး ထုတ်လုပ်သူများ သည် ပစ္စည်းနှင့် ဈေးနှုန်းများကို ပုံစံခွက်အတွင်း သွတ်သွင်းခံခဲ့ရသည်။ စိုက်ပျိုးထုတ်လုပ်သူများသည် အစိုးရက ချမှတ်ပေးထားသည့် သီးနှံများ သာ ထွန်ယက် စိုက်ပျိုးကြရပြီး ထွက်ရှိလာသည့် သီးနှံများကိုလည်း ဈေးကွက်ပေါက်ဈေးထက် လျော့နည်းသော သတ်မှတ်ဈေးဖြင့် အစိုးရ သို့ ရောင်းချကြရသည်။

*မြန်မာနိုင်ငံ၏ နိုင်ငံရေး ဘောဂဗေဒ ဖွံ့ဖြိုးတိုးတက်မှု*
*နှစ်အလိုက်မှတ်တမ်း (ခြုံငုံသုံးသပ်ချက်) မှ*

mgyoe.com

mgyoe.com SAMPLE BOOK

- စင်စစ် မူဝါဒကျဆုံးခြင်းအပြင် စီမံခန့်ခွဲမှုစနစ် ညံ့ဖျင်းမှုများက စီးပွားရေးစနစ် ယိမ်းယိုင်ခဲ့ခြင်း၏ အဓိက အကြောင်းရင်းများ ဖြစ်သည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် သူ ယုံကြည်စိတ်ချရသော စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များကို အစိုးရအဖွဲ့နေရာ အားလုံးတွင် ခန့်ထားမှုအပေါ် နားလည်နိုင်သည်။ ဤစနစ်မှာ ယခင် တာဝန်ယူသွားခဲ့သူများ၏ လုပ်ရပ်နှင့် သိသာစွာ ကွဲပြားသော်လည်း အတွေ့အကြုံ ကြွယ်ဝသော ထိပ်တန်းအရပ်ဘက် ဝန်ထမ်းများနေရာတွင် စစ်တပ်မှ အတွေ့အကြုံ မရှိသော ပုဂ္ဂိုလ်များနှင့် အစားထိုးမှုက ဘေးဒုက္ခကို ဖိတ်ခေါ်သလို ဖြစ်ခဲ့သည်။ အဆိုပါ အရာရှိများ၏ အတွေ့အကြုံ နည်းပါးမှုက မှားယွင်းသော ဆုံးဖြတ်ချက်များကို မဆင်မခြင် ချမှတ်ပြီး ၎င်းတို့ကို နောက်ရာထူး တစ်ဆင့်သို့ပင် ထပ်မံ တွန်းတင်၍ ပေးလိုက်ပါသည်။

*စစ်အုပ်ချုပ်ရေးအောက်မှ ဆိုရှယ်လစ်ခေတ် (၁၉၆၂–၁၉၈၈)*
*မြန်မာ့ စီးပွားရေးနှင့် ပြည်ပကုန်သွယ်မှုကဏ္ဍ ဆောင်ရွက်မှု အခြေအနေ မှ*

- ပြည်သူတို့ကို ဝန်ဆောင်မှုပေးရသူများ သို့မဟုတ် လုပ်ပိုင်ခွင့် ရှိသူများသည် မိမိတို့ကို ပေးအပ်ထားသော တာဝန်အရ ဆောင်ရွက်ရမည့် ပုံမှန် လုပ်ငန်းကိစ္စများအတွက်ပင် အရှက်ကင်းမဲ့စွာ ငွေတောင်းခံခဲ့ကြသည်။ ယင်းအခွင့်အရေးမျိုးကို မရနိုင်ကြသော ကျောင်းဆရာ အစရှိသူတို့ကလည်း မိမိတို့ကျောင်းမှ ကျောင်းသားများကို နေအိမ်တွင် သီးသန့် ကျူရှင်ပေးကာ အပိုဝင်ငွေ ဖန်တီးခဲ့ရသည်။ တစ်ဖန် အစိုးရဝန်ထမ်း အများစုမှာ ဘေးပန်းအလုပ် မလုပ်၍ မရသည့်ဘဝသို့ ကျရောက်ခဲ့ရသည်။ နောက်ဆုံး ဝန်ထမ်းများ၏ အခြေခံ လုပ်ခနှင့် လစာနှုန်း တိုးမြှင့်ပေး၍ ဆုတ်ယုတ်နေသော အခြေအနေကို ကုစားခဲ့သော်လည်း ရိုးသားမှုနှင့် ဂုဏ်သိက္ခာမှာ အစားထိုးမရအောင် ဆုံးရှုံး ပျက်စီးခဲ့ရသည်။

*၁၉၈၈ နောက်ပိုင်း စစ်အုပ်ချုပ်ရေးအောက်မှ ဈေးကွက်အခြေပြုစီးပွားရေးစနစ်၊ မြန်မာ့ စီးပွားရေးနှင့် ပြည်ပကုန်သွယ်ရေး စွမ်းဆောင်ချက်များ မှ*

mgyoe.com

mgyoe.com

SAMPLE BOOK

WISDOM HOUSE

စာအုပ် ၁၅၃

# မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆန်းစစ်ချက်

## မြတ်သိန်း

(သက်ထွန်းဦး ဘာသာပြန်သည်)

# ECONOMIC DEVELOPMENT OF MYANMAR

**Myat Thein**

WISDOM HOUSE

☎ ၀၉-၅၀၅-၈၅၃၃၊ ၀၁-၅၄၅၀၃၆၊ ၀၉-၄၃၀-၄၁၈၅၇။
*wisdomhouse.mm@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ပထမအကြိမ် | စက်တင်ဘာလ၊ ၂၀၁၅ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင်<br>Wisdom House စာအုပ်တိုက်၊<br>အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊<br>လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဇော်မြင့်ဝင်း၊ ကာလာဇုန်ပုံနှိပ်တိုက်၊<br>၁၈၄၊ ၃၁-လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | ကိုကြီးဌေး |
| အတွင်းအပြင်အဆင် | H. Lwin |
| တည်းဖြတ် | အေးကျော်မင်း |
| တန်ဖိုး | ၁၅၀၀၀ ကျပ် |

၃၃၀

သက်ထွန်းဦး

မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆန်းစစ်ချက်/ သက်ထွန်းဦး- ရန်ကုန်။

Wisdom House စာအုပ်တိုက်၊ ၂၀၁၅။

၃၆၅ စာ၊ ၁၃ × ၂၀. ၅ စင်တီ။

(၁) မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆန်းစစ်ချက်


mgyoe.com

mgyoe.com SAMPLE BOOK

## မြတ်သိန်း

အမည်ရင်း ဦးမြတ်သိန်း ဖြစ်သည်။

ရန်ကုန် စီးပွားရေးတက္ကသိုလ်တွင် ၁၉၈၈ ခုနှစ်မှ ၁၉၉၅ ခုနှစ် အထိ ဘောဂဗေဒဌာန ပါမောက္ခ/ဌာနမှူး၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

အငြိမ်းစားယူပြီးနောက် စင်ကာပူနိုင်ငံရှိ အရှေ့တောင်အာရှ လေ့လာရေး အဖွဲ့အစည်း (ISEAS) တွင် အာဆီယံဆိုင်ရာ သုတေသီတစ်ဦး
အဖြစ် လည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP)၊ ကုလသမဂ္ဂ သဲကန္တာရ ဖြစ်ထွန်းမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCCD) နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) တို့တွင် နိုင်ငံတကာ စီးပွားရေး အတိုင်ပင်ခံအဖြစ် လည်းကောင်း၊ ထိုင်းနိုင်ငံ ချူလာလောင်ကွန် တက္ကသိုလ်တွင် ဧည့်သုတေသီအဖွဲ့ဝင်အဖြစ် လည်းကောင်း တာဝန်များ ထမ်းဆောင်ခဲ့သည်။

အသွင်ကူးပြောင်းမှု စီးပွားရေး (Transitional Economics) နှင့် ပတ်သက်သည့် စာအုပ်ပေါင်း များစွာကို အင်္ဂလိပ်ဘာသာဖြင့် ရေးသား ထုတ်ဝေခြင်း၊ တည်းဖြတ်ပေးခြင်းများ ပြုလုပ်ခဲ့သည့်အပြင် ပြည်တွင်း ပြည်ပ စာစောင်များတွင် ဆောင်းပါး များစွာ ရေးသားခဲ့သည်။ နောက်ဆုံး ရေးသားထုတ်ဝေခဲ့သည့် စာအုပ်မှာ Money Matters - Essays on Money and Banking ဖြစ်သည်။ [ယင်း စာအုပ်ကို စာရေးဆရာ ရွှေနွယ်က ၂၀၀၉ ခုနှစ်တွင် 'ငွေရေးကြေးရေး (ငွေကြေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်းပါးများ)' မြန်မာဘာသာသို့ ပြန်ဆို ထုတ်ဝေခဲ့ပြီး ထွန်းဖောင်ဒေးရှင်းစာပေဆု ရရှိခဲ့သည်။]

ထို့ပြင် ဒေသတွင်း ဆွေးနွေးပွဲများတွင် ပညာရှင် (Resource Person) တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# သက်ထွန်းဦး

အဖ ဦးသိမ်းမောင်၊ အမိ ဒေါ်လှလှတို့မှ ၁၉၆၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ကချင်ပြည်နယ် နမ္မတီးမြို့၌ မွေးဖွားခဲ့သည်။ ၁၉၆၈ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ နမ္မတီး သကြားစက် မူလတန်းကျောင်းတွင် လည်းကောင်း၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ နမ္မတီး အစိုးရ အထက်တန်းကျောင်းတွင် လည်းကောင်း တက်ရောက်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်မှ ၁၉၈၂ ခုနှစ်အထိ မြစ်ကြီးနား ဒေသကောလိပ်သို့ တက်ရောက်ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် ရန်ကုန် စီးပွားရေးတက္ကသိုလ်မှ စီးပွားရေးပညာဘွဲ့ (စာရင်းအင်း)၊ ၁၉၉၇ ခုနှစ် ကွန်ပျူတာတက္ကသိုလ် (ရန်ကုန်) မှ ကွန်ပျူတာသိပ္ပံ ဒီပလိုမာဘွဲ့ ရရှိခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ရန်ကုန် စီးပွားရေးတက္ကသိုလ်မှ ဖွံ့ဖြိုးမှုပညာ မဟာဘွဲ့ကို ရရှိခဲ့သည်။

၁၉၈၅ ခုနှစ် အောက်တိုဘာလမှ ၁၉၈၇ ခုနှစ် ဒီဇင်ဘာလအထိ ချင်းပြည်နယ် စာရင်းရုံး (ဟားခါးမြို့) တွင် စာရင်းစစ်၊ ၁၉၈၇ ခုနှစ် ဒီဇင်ဘာလမှ ၁၉၉၂ ခုနှစ် မတ်လအထိ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနတွင် ဒုတိယ စီမံကိန်းမှူး တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၉၂ ခုနှစ် မတ်လတွင် မြန်မာ့စီးပွားရေးဘဏ်သို့ လက်ထောက် မန်နေဂျာအဖြစ် ပြောင်းရွှေ့ပြီး ၁၉၉၆ ခုနှစ် ဧပြီလတွင် မန်နေဂျာတာဝန် ထမ်းဆောင်ခဲ့သည်။ ထိုနှစ် ဇွန်လမှ စတင်ကာ Myanmar Securities Exchange Centre (MSEC) သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်သည်။

ပြည်တွင်းသင်တန်းများ အဖြစ် ၁၉၈၈ ခုနှစ် မတ်လတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပြည်သူ့ရေးရာ ဝန်ထမ်းလောင်းသင်တန်း (ဇေယျ-၉၇)၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၏ စီမံကိန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၈၉)၊ မြန်မာ့စီးပွားရေးဘဏ် လက်ထောက် မန်နေဂျာများဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၂/၉၂) တို့သို့ တက်ရောက်ခဲ့သည်။

ပြည်ပနိုင်ငံများသို့ စတော့ရှယ်ယာဈေးကွက်ဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးပွဲများအဖြစ် ၁၉၉၅ ခုနှစ် မတ်လ၊ နိုဝင်ဘာလနှင့် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလတို့တွင် ဂျပန်၊ ၂၀၀၀ ပြည့်နှစ် မေလတွင် ကိုရီးယား၊ ၂၀၀၁ မတ်လနှင့် ၂၀၀၇ ဧပြီလတို့တွင် စင်ကာပူ၊ ၂၀၀၄ အောက်တိုဘာလတွင် မလေးရှား၊ ၂၀၀၅ နိုဝင်ဘာလနှင့် ၂၀၁၁ နိုဝင်ဘာလတွင် တရုတ်နိုင်ငံ၊ ၂၀၁၂ စက်တင်ဘာလတွင် ထိုင်းနိုင်ငံတို့သို့ သွားရောက်ခဲ့သည်။

နိုင်ငံတကာစီးပွားရေးဂျာနယ်၊ မြန်မာ့ဓနမဂ္ဂဇင်း၊ *B2B* မဂ္ဂဇင်း၊ စီးပွားကူးသန်းဂျာနယ်၊ *Eco Vision* ဂျာနယ်နှင့် *The Trade Times* ဂျာနယ်တို့တွင် 'သန်းငွေ (စီးပွား)'၊ 'ထွန်းသက်ထွန်း' အမည်များဖြင့် ဆောင်းပါးများ ရေးသားခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် Wisdom House စာအုပ်တိုက်မှ ထုတ်ဝေသော '*စတော့ရှယ်ယာဈေးကွက် အခင်းအကျင်း*' စာအုပ်ကို ရေးသားခဲ့ပြီး ထိုစာအုပ်ဖြင့်ပင် ထွန်းဖောင်ဒေးရှင်း စာပေဆု (စီးပွားရေးဘာသာရပ်) ချီးမြှင့်ခံရသည်။ ၂၀၁၄ ခုနှစ်တွင် Wisdom House စာအုပ်တိုက်မှ ထုတ်ဝေသော '*အများပိုင် ကုမ္ပဏီများ၊ စတော့အိတ်ချိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဈေးကွက်*' စာအုပ်ကို ရေးသားခဲ့သည်။

ယခုအခါ *Myanmar Securities Exchange Centre (MSEC)* တွင် ဒုတိယ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


- ◆ စိစဉ်သူ၏ ကျေးဇူးစကား — က
- ◆ ဘာသာပြန်သူ၏ အမှာစကား — ဂ
- ◆ မူရင်းစာရေးသူ၏ အမှာစာ — င
- ◆ မူရင်းစာအုပ်ပါ အမှာစာ — ဆ

၁။ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဘောဂဗေဒ ဖွံ့ဖြိုးတိုးတက်မှု နှစ်အလိုက်မှတ်တမ်း (ခြုံငုံသုံးသပ်ချက်) — ၁

၂။ ပါလီမန် ဒီမိုကရေစီခေတ် (၁၉၄၈-၁၉၆၂) — ၁၈

၃။ စစ်အုပ်ချုပ်ရေးအောက်မှ ဆိုရှယ်လစ်ခေတ် (၁၉၆၂-၁၉၈၈)၊ မေခရို စီးပွားရေးနှင့် ပြည်ပကုန်သွယ်မှုကဏ္ဍ ဆောင်ရွက်မှု အခြေအနေ — ၆၉

၄။ စစ်အုပ်ချုပ်ရေးအောက်မှ ဆိုရှယ်လစ်ခေတ် (၁၉၆၂-၁၉၈၈)၊ ကဏ္ဍအလိုက်နှင့် လူမှုရေး တိုးတက်ဖွံ့ဖြိုးမှုများ — ၁၁၃

၅။ ၁၉၈၈ နောက်ပိုင်း စစ်အုပ်ချုပ်ရေးအောက်မှ ဈေးကွက်အခြေပြု စီးပွားရေးစနစ်၊ မေခရို စီးပွားရေးနှင့် ပြည်ပကုန်သွယ်ရေး စွမ်းဆောင်ချက်များ — ၁၅၈

၆။ စစ်အုပ်ချုပ်ရေးကာလ၏ ဈေးကွက်အခြေခံသော စီးပွားရေးစနစ် (၁၉၈၈-၂၀၀၀)၊ ကဏ္ဍအလိုက်နှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများ — ၂၂၅

၇။ နိဂုံး — ၃၀၁

- ◆ နောက်ဆက်တွဲဇယားများ — ၃၁၄
- ◆ ကျမ်းကိုးစာရင်း — ၃၄၀


mgyoe.com

mgyoe.com SAMPLE BOOK

# စီစဉ်သူ၏ ကျေးဇူးစကား

အမှန်တရားကို ရှာဖွေရာတွင် ခက်ခဲကြမ်းတမ်းသော နည်းလမ်းလည်း ရှိသည်။ လွယ်ကူချောမွေ့သော နည်းလမ်းလည်း ရှိသည်။ မည်သူကမျှ ပြည့်ပြည့်စုံစုံ ဖော်ထုတ်နိုင်သည် ဟူ၍လည်း မရှိနိုင်။ လုံးလုံးလျားလျား လွဲချော်သွားသည် ဟူ၍လည်း မရှိနိုင်။ သို့သော် သူ့ဟာနှင့်သူတော့ သဘာဝလောကအကြောင်း ကျွန်တော်တို့ သိသင့်သည်များကို နည်းနည်းချင်းစီ ဖြည့်စွက်သွားသည် ချည်းပင်။ ထိုအချက်များ အားလုံးကို ပေါင်းရုံးစုစည်းကြည့်လိုက်သည့်အခါတွင်မူ အပြန့်ကျယ်ကျယ် မြင်ကွင်းတစ်ခု ပေါ်ပေါက်လာရပေတော့သည်။

အရစ္စတိုတယ်

လွန်ခဲ့သော ခုနစ်နှစ်၊ ရှစ်နှစ်ခန့်က နေပြည်တော်ရှိ မိတ်ဆွေကြီးတစ်ဦးအိမ်သို့ အလည်ရောက်ခဲ့စဉ်က ဖြစ်သည်။ ကျွန်တော့်မိတ်ဆွေက မိတ္တူကူးထားသော စာအုပ်တစ်အုပ်ကို ပြ၍ "တို့နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုအကြောင်းကို စေတနာပါပါနဲ့ အရှိကို အရှိအတိုင်း ရေးထားတဲ့ စာအုပ်ပဲကွ၊ အမှန်တွေကို ရေးထားလို့ ငါတို့တော့ မြန်မာပြန် ဖတ်ရမှာ မဟုတ်ပါဘူး၊ သိချင်တာနဲ့ပဲ အင်္ဂလိပ်လိုပဲ ယူဖတ်ရတော့တယ်ကွာ" ဟု ပြောခဲ့ဖူးပါသည်။ ကျွန်တော် ထိုစာအုပ်ကို ကောက်ကိုင်ကြည့်ပါသည်။ အမှန်တွေကို နက်နက်နဲနဲ နှိုက်ထုတ်ရေးထားသည် ဆို၍လည်း ဖတ်ချင်မိပါသည်။ သို့သော် စီးပွားရေးဆိုင်ရာ ဝေါဟာရများ ပါလျှင် အလွယ်တကူ စာသွားပါမည်လား စိုးရွံ့၍ ဖတ်ရန် မကြိုးစားခဲ့မိပါချေ။ သို့ပင် ဖြစ်သော်လည်း ကျွန်တော်တို့ အနာဂတ်အတွက်မူ ရှိသင့်သော စာအုပ်တစ်အုပ်ဟု မှတ်ယူခဲ့ပါသည်။

ကံအကြောင်းတိုက်ဆိုင်လာသည့်အခါတွင်မူ ထိုစာအုပ် မြန်မာပြန်ဆိုရေးတွင် ကျွန်တော်လည်း ပါဝင်လာရပါတော့သည်။ ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စီးပွားရေးအကြံပေး ဒေါက်တာမောင်အောင်၏ မိတ်ဆက်ပေးမှုဖြင့် ဆရာကြီး ဦးမြတ်သိန်းနှင့် ရင်းနှီးသိကျွမ်းခဲ့ရာမှ ဆရာကြီး၏ စာအုပ် ၂ အုပ်ကို စီစဉ် ထုတ်ဝေခွင့်ရခဲ့ပါသည်။ ၂၀၁၃ ခုနှစ် နှစ်လယ်ပိုင်းလောက် ရောက်လာသောအခါ ဆရာကြီးက သူ့စာအုပ်တစ်အုပ်ကို မြန်မာပြန် ထုတ်ဝေချင်သည်ဟု ဆိုလာပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ထိုစာအုပ်ကား ကျွန်တော် အထက်က ပြောခဲ့သော စာအုပ် Economic Development of Mynamar ဖြစ်ပါ၏။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရစမှ အစပြု၍ ၂၀၀၀ ပြည့်နှစ်ခန့်အထိ နှစ်ပေါင်း ငါးဆယ်ကျော် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဆန်းစစ်ဝေဖန် သုံးသပ်ထားသော စာအုပ် ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများထဲမှ ကိုယ့်နိုင်ငံအကြောင်းကို မည်သည့်ဘက်မျှ မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ဝေဖန်သုံးသပ်ထား၍ နိုင်ငံတကာမှ ပညာရှင်များကပင် ချီးကျူးလေးစားခဲ့ရသော ရှားရှားပါးပါး စာအုပ်တစ်အုပ် ဖြစ်သည်။ ယခုအခါ စာပေရေးရာ ပွင့်လင်းလွတ်လပ်လာချိန်တွင် ကျွန်တော်တို့ မြန်မာပြည်သူ ပြည်သားများကိုယ်တိုင် ကျယ်ကျယ်ပြန့် ပြန့် ဖတ်ရှုနိုင်ရန် အခွင့်ကောင်းဟု ဝမ်းမြောက် ကြိုဆိုရတော့မည် မဟုတ်ပါလား။

ဘာသာရပ်ဆိုင်ရာစာအုပ် ဖြစ်သောကြောင့် ဤဘာသာရပ်အပေါ် ကျွမ်းဝင်မည့်သူ၊ သစ္စာရှိရှိ ပြန်ဆိုနိုင်မည့်သူကို ဆရာကြီး၊ ဆရာကြီးကတော် အန်တီဒေါ်ညွန့်ညွန့်ရင်နှင့် ကျွန်တော်တို့ ဝိုင်းဝန်းစဉ်းစား ရှာဖွေကြသည့်အခါ ဆရာသက်ထွန်းဦးကိုပင် အကူအညီတောင်းရန် အဖြေထွက်လာပါသည်။ ဆရာသက်ထွန်းဦးကလည်း ဆရာကြီးအပေါ် ကြည်ညိုရင်းစွဲ ရှိသည်နှင့်အညီ လိုလိုလားလား လက်ခံဆောင်ရွက်ခဲ့ရာမှ တစ်နှစ်ကျော်ခန့် ကြာသည့်အခါ ယခုစာအုပ် ဖြစ်မြောက်လာခဲ့ရပါတော့သည်။

နိုင်ငံတစ်နိုင်ငံချင်းပင် ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်ချင်းပင် ဖြစ်စေ ရှေ့သို့ ရှေ့သို့ ဆက်၍ဆက်၍ ချီတက်ကြရသည်ပင် ဖြစ်ရာ ရှေ့ခရီးသို့ ချီတက်လေတိုင်း နောက်ခရီးက ပြီးမြောက်ခဲ့သည်များကို သင်ခန်းစာအဖြစ် ပြန်လည်ငုံ့စောင်းကြည့်ရစမြဲ ဖြစ်ပါသည်။ ပညာရှင်ကြီး အရစ္စတိုတယ်က အမှန်တရားကို ရှုထောင့်ပေါင်းစုံမှ စုံလင်စွာ ကြည့်ရှုလျှင် ကျယ်ကျယ်ပြန့်ပြန့် မြင်နိုင်သည်ဟု ဆိုလေရာ ယခု စာအုပ်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးသမိုင်းတွင် အနိမ့်ဆုံးအားဖြင့် မှန်ကူကွက် တစ်ကွက်အဖြစ် ပါဝင်လိမ့်မည်ဟု ယုံကြည်ပါသည်။ သို့ပါ၍ မူရင်းစာအုပ်ကို ဘာသာပြန်ဆိုခွင့်ပြုသည့်အပြင် လိုအပ်ချက်၊ အားနည်းချက်များကို စိစစ်ဝေဖန် ထောက်ပြခဲ့သည့် ဆရာကြီး ဦးမြတ်သိန်း၊ စိတ်ရောကိုယ်ပါ နှစ်သိမ့်အားပေးပါသော အန်တီဒေါ်ညွန့်ညွန့်ရင်နှင့် ဝိုင်းဝန်းကူညီအားဖြည့်ပေးကြသည့် မိတ်ဆွေအပေါင်းအသင်းများ၊ Wisdom House အဖွဲ့သားများအားလုံးတို့၏ ကျေးဇူးများကို ချစ်ခင်မြတ်နိုးစွာ မှတ်တမ်းပြုလိုက်ရပါသည်။

ကြည်ရွှန်း
၂၀၁၅ ခုနှစ်၊ ဩဂုတ်လ၊ ၁၀ ရက်။



mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူ၏အမှာစကား

ဤစာအုပ်သည် ဘောဂဗေဒပညာကျော်၊ ကျွန်တော်တို့ ချစ်ခင်လေးစားရသည့် ဆရာကြီး ဦးမြတ်သိန်း (ပါမောက္ခချုပ်-ငြိမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်) ၏ လွန်ခဲ့သည့် ၁၀ နှစ်ကျော်က ရေးသားခဲ့သည့်စာအုပ် ဖြစ်ပြီး စင်ကာပူနိုင်ငံ Institute of Southeast Asian Studies မှ ၂၀၀၄ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။

ဤစာအုပ် မြန်မာနိုင်ငံသို့ ရောက်ရှိပြီး မကြာမီပင် သူငယ်ချင်းတစ်ဦးမှ ကျွန်တော့်ထံသို့ ၃၁-၅-၂၀၀၄ ရက်စွဲဖြင့် လက်ဆောင်အဖြစ် ပေးခဲ့ပါသည်။ ဤစာအုပ်ကို ကြိုက်နှစ်သက်လွန်းသောကြောင့် အားလပ်ချိန်များတွင် ဖတ်ရှုကာ ဆရာကြီး၏ အင်္ဂလိပ်စာ အရေးအဖွဲ့များ၊ စကားလုံးများ ၊ အီဒီယံ သုံးစွဲပုံများ၊ စီးပွားရေးစနစ်များကို သုံးသပ် တင်ပြသွားပုံများကို ထုတ်နုတ်မှတ်သား လေ့လာခဲ့ဖူးပါသည်။ ကိုယ်တိုင် ဘာသာပြန် ထုတ်ဝေရမည်ကို ထိုစဉ်က အိပ်မက်ဖြင့်တောင် မမက်ဝံ့ခဲ့ပါ။ ဤစာအုပ်သည် ဘွဲ့လွန်၊ ဘွဲ့ကြို ကျောင်းသားပေါင်းစုံတို့၏ လေ့လာရာ၊ ကိုးကားရာ၊ အတန်းတွင်း presentation များ ပြုလုပ်ရသော လက်မလည်သည့် စာအုပ်တစ်အုပ် ဖြစ်ခဲ့ရပါသည်။

တစ်နေ့တွင် ထုတ်ဝေသူ ဆရာကြည်ရွှန်း (Wisdom House စာပေတိုက် ပိုင်ရှင်) မှတစ်ဆင့် ဆရာကြီးမှ ကျွန်တော့်အား ဤစာအုပ်ကို ဘာသာပြန်ရန် တာဝန်ပေးအပ်လိုကြောင်း ပြောလာရာ အံ့သြခြင်း၊ တုန်လှုပ်ခြင်းများစွာ ဖြစ်ခဲ့ရပြီး ကြိုးစား ရေးကြည့်မည် ဖြစ်ကြောင်း ဆရာကြီးအား တာဝန်ခံခဲ့ရပါသည်။

ဆရာကြီး၏ လက်ရာကို မြန်မာလို ဖတ်ရှုလိုသူများ၊ ကျမ်းစာကောင်း တစ်စောင် ရေးသားနည်းကို ကျကျနန လေ့လာလိုသူများ၊ ဘွဲ့ကြို၊ ဘွဲ့လွန်ကျမ်း



mgyoe.com

mgyoe.com SAMPLE BOOK

ရေးသားသူများ၊ မြန်မာနိုင်ငံ၏ စီးပွားရေးသမိုင်းကြောင်းကို ပြန်လည် လေ့လာလိုသူများအတွက် မလွတ်တမ်း ဖတ်ရှုကိုးကားသင့်သည့် စာအုပ်တစ်အုပ် ဖြစ်ပါသည်။

စာအုပ်ပါ တင်ပြချက်များနှင့် ဘာသာပြန်ချက်များ လွဲမှားသွားပါလျှင်၊ တိမ်းချော်သွားပါလျှင် ကျွန်တော် တစ်ဦးတည်း၏ အားနည်းချက်ကြောင့်သာ ဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။

ဤစာအုပ်အား ဘာသာပြန်ခွင့်ပြုသည့်အပြင် ကိုယ်တိုင် တည်းဖြတ်ပေးသည့် ဆရာကြီးဦးမြတ်သိန်း၊ စာအုပ်အား ကူညီတည်းဖြတ်ပေးသူ ဦးစိန်ဌေး (ခေတ္တ USA)၊ ဦးမောင်မောင် (ဦးစီးအရာရှိ-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဦးမျိုးမြင့် (ခေတ္တ USA)၊ ဆရာကြည်ရွှန်း၊ စာအုပ်အပြင်အဆင် ဆရာဦးဌေးလွင်နှင့် Wisdom House စာပေတိုက် အဖွဲ့သားများ အားလုံးကို အထူး ကျေးဇူးတင်ရှိပါသည်။

**သက်ထွန်းဦး**



mgyoe.com

mgyoe.com SAMPLE BOOK

## မူရင်းစာရေးသူ၏ အမှာစာ

ဒုတိယကမ္ဘာစစ်ပြီးနောက် လွတ်လပ်ရေး ရလာခဲ့သည့် နိုင်ငံအများအပြား အနေဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အားသွန်ခွန်စိုက် လုပ်ကိုင်လာခဲ့ကြသည်။ ထိုအချိန်က ဒေသတွင်းနှင့် နိုင်ငံတကာ၏ စီးပွားရေး တိုးတက်မှုကို လေ့လာခဲ့ကြသည့် စီးပွားရေးပညာရှင်တိုင်းကပင် မြန်မာနိုင်ငံအား စီးပွားရေး တိုးတက်မှု အလျင်အမြန် ရရှိပြီး ဒေသတွင်း ဦးဆောင်နိုင်ငံတစ်ခု ဖြစ်လာလိမ့်မည်ဟု ကြိုတင် ဟောကိန်းထုတ်ခဲ့ကြသည်။ သို့သော် လွတ်လပ်ရေး ရပြီး ဆယ်စုနှစ် နှစ်ခုကျော် ကာလမှစ၍ အထင်နှင့်အမြင် တက်တက်စင် အောင် လွဲခဲ့ရသည်။

စာရေးသူအနေဖြင့် အဆိုပါ အခြေအနေကို စီးပွားရေးတက္ကသိုလ် ဂုဏ်ထူး တန်း တက်နေစဉ်ကတည်းကပင် သိရှိလာခဲ့သည်။ အဘယ်ကြောင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ခဲ့ရသလဲ ဆိုသည်ကို ဒေါမနဿများစွာဖြင့် တနုံ့နုံ့ ဖြစ်ခဲ့ရသည်။ ထို့ကြောင့်ပင် သမိုင်း၏ အမှားအမှန်များကို လေ့လာ ဖော်ထုတ် လို၍ မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆန်းစစ်ချက် (Economic Development of Myanmar) ကို ၂၀၀၂ ခုနှစ်က စတင် ရေးသားခဲ့ပြီး ၂၀၀၄ တွင် စင်ကာပူနိုင်ငံ Institute of Southeast Asian Studies (ISEAS) မှ ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

ထိုစာအုပ်ပါ အကြောင်းအရာများကို ၂၀၀၆ ခုနှစ်က စီးပွားရေးတက္ကသိုလ် အတန်းတစ်ခုတွင် သင်ကြားပို့ချနေစဉ် ကျောင်းသူတစ်ဦးက ဆရာ့စာအုပ်ကို မြန်မာလို ဘာသာ မပြန်ချင်ဘူးလားဟု မေးခဲ့ပါသည်။ မိမိအနေဖြင့် စေတနာ



mgyoe.com

mgyoe.com SAMPLE BOOK

ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီး မည်သူ၊ မည်သည့်အဖွဲ့ အစည်းကိုမျှ ထိခိုက်စေလို သောဆန္ဒ မရှိသော်လည်း ထိုအချိန် အစိုးရအနေဖြင့် အထင်အမြင် လွဲမှားနေ မည်စိုး၍ မပြန်လိုသေးပါဟုသာ ပြောခဲ့ပါသည်။

၂၀၁၃ ခုနှစ်သို့ ရောက်သည့်အခါ ကျွန်တော်၏ စာအုပ်များ ပြန်လည် ထုတ်ဝေပေးသော Wisdom House စာအုပ်တိုက်မှ ဦးမောင်မောင် (စာရေး ဆရာ ကြည်ရွှန်း) နှင့် အဆက်သွယ်ရကာ ယခုစာအုပ်ကို မြန်မာပြန်ဆို ရေးသား ပေးနိုင်မည့်သူကို ရှာဖွေကြရာ ယခု ဘာသာပြန်ပေးသူ ကိုသက်ထွန်းဦးကို တွေ့လာသောအခါ သူကလည်း လိုလိုလားလား လက်ခံခဲ့သောကြောင့် စိတ်ကူး အကောင်အထည် ပေါ်လာခြင်း ဖြစ်ပါသည်။ သို့သော်လည်း ယခုကဲ့သို့သော စာအုပ်မျိုး ရေးသားရာတွင် အချက်အလက်အားဖြင့် သော်လည်းကောင်း၊ အတွေးအခေါ် အယူအဆနှင့် သုံးသပ်ချက်အားဖြင့် သော်လည်းကောင်း အမှား အယွင်း မပါစေရန်မှာ အလွန့်ပင် ကြီးလေးသည့်တာဝန် ဖြစ်သည်။ သို့သော် အမှားအယွင်း အနည်းနှင့်အများ ပါနိုင်သောကြောင့် ပါနေသေးသမျှသော မှားယွင်းမှု ဟူသမျှကို မူလစာရေးသူအနေဖြင့် တာဝန်ယူပါကြောင်း ဝန်ခံလို ပါသည်။

မြတ်သိန်း
၂၀၁၅ ခုနှစ် ဩဂုတ်လ ၁ ရက်။

mgyoe.com

mgyoe.com SAMPLE BOOK

# မူရင်းစာအုပ်ပါ အမှာစာ

မြန်မာနိုင်ငံသည် ၁၉၆၂ ခုနှစ်တွင် စစ်တပ်က ဒုတိယအကြိမ် အာဏာသိမ်းခဲ့ခြင်းမှ စတင်ကာ ကမ္ဘာကြီးနှင့် ကင်းကွာခဲ့ရသည်။ ယင်းသို့ အာဏာသိမ်းပြီး မကြာမီမှာပင် အတွင်းကြည့်၊ မိမိဘာသာမိမိ သီးခြားရပ်တည်မည့် မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စနစ်ကို နိုင်ငံ၏အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒအဖြစ် ကြေညာခဲ့ပါသည်။ မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်စနစ်အောက်တွင် နိုင်ငံခြား စီးပွားရေး လုပ်ငန်းများ၊ ပြည်တွင်း လက်လီလက်ကား စီပွားရေးလုပ်ငန်းများ၊ ဘဏ်များ၊ စက်မှုလုပ်ငန်းများ၊ သစ်တော၊ သားငါး၊ သတ္တု တူးဖော်ရေး လုပ်ငန်းများသာမက ဆေးရုံများ၊ ကျောင်းများကိုပါ ပြည်သူပိုင် သိမ်းခဲ့သည်။

ထို့ပြင် ၁၉၆၄ ခုနှစ်တွင် ကျောင်းများနှင့် တက္ကသိုလ်များ၏ သင်ကြားရေး နည်းစနစ်များကို အင်္ဂလိပ်မှ မြန်မာစာသို့ နေ့ချင်းညချင်း ဆိုသလို ပြောင်းလဲခဲ့သည်။ တက္ကသိုလ် ဆရာဆရာမများအား ပြဋ္ဌာန်းစာအုပ် အားလုံးကို မြန်မာမှု ပြုစေခဲ့သည်။ ထို့ကြောင့် မသင်မနေရ ဘာသာရပ်တချို့ကို မြန်မာဘာသာဖြင့် ၁၉၇၀ ပြည့်နှစ်များတွင်မှ ထုတ်ဝေနိုင်ခဲ့သည်။ စာအုပ်အများစုမှာ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော မူဟောင်းစာအုပ်များမှ ပြန်ဆိုခဲ့ရသည်။ သို့အတွက် စာအုပ်အများစုမှာ ခေတ်နောက်ကျနေပြီး အထူးသဖြင့် လူမှုသိပ္ပံဘာသာရပ်များတွင် ခေတ်နောက်ကျနေခဲ့သည်။ ထို့ပြင် ကျွမ်းကျင်ဝန်ထမ်း ရှားပါးမှုနှင့် ဆွဲဆောင်မှု အားနည်းခဲ့သည့်အတွက် စာအုပ်များ လုံလောက်စွာ မထုတ်လုပ်နိုင်ခဲ့ပါ။ တစ်ဖန် ၁၉၈၁ ခုနှစ်တွင် တက္ကသိုလ် ပညာရေးအဆင့်တွင် အင်္ဂလိပ်စာဖြင့် ပြန်လည် သင်ကြားစေခဲ့ပါသည်။ ထိုအချိန်၌ နိုင်ငံအတွင်း နိုင်ငံခြားငွေ ရှားပါးမှုနှင့် တွေ့ကြုံခဲ့ရပါသည်။ ထို့ကြောင့် တက္ကသိုလ် စာကြည့်တိုက်များအတွက် အင်္ဂလိပ် ပြဋ္ဌာန်းစာအုပ်များ၊ ရည်ညွှန်းစာအုပ်များနှင့် ဂျာနယ်များ လုံလောက်စွာ ဝယ်ယူနိုင်ခြင်း မရှိခဲ့ပါ။ တစ်ချိန်တည်းမှာပင် နိုင်ငံခြားပြန် အင်္ဂလိပ်စာ ကျွမ်းကျင်သည့် တက္ကသိုလ်ဆရာများ၊ ပညာရှင် အများစု



mgyoe.com

mgyoe.com SAMPLE BOOK

သည် တက္ကသိုလ်အဆင့်နှင့် လျော်ညီသည့် ဘဝများကို မရရှိကြသည့်အတွက် နိုင်ငံရပ်ခြားသို့ ထွက်ခွာသွားခဲ့ကြပါသည်။ တစ်ပြိုင်တည်း ဆိုသလိုပင် အလား အလာ ကောင်းမွန်သည့် တက္ကသိုလ်ဆရာဆရာမများကို နိုင်ငံခြားသို့ ပါရဂူဘွဲ့ သွားရောက်ရယူခြင်းကို ပိတ်ပင်ခဲ့သည်။ ဆိုလိုသည်မှာ ပြဋ္ဌာန်းစာအုပ်များ ဝယ်ယူရန် နိုင်ငံခြားငွေ လုံလောက်မှု မရှိသည့်အပြင် အင်္ဂလိပ်မှ မြန်မာဘာ သာသို့ ပြန်ဆိုသူ ကျွမ်းကျင်ဆရာများ လုံလောက်မှု မရှိခြင်း၏ အကျိုးဆက် များ ဖြစ်ပေါ်ခဲ့သည်။

ကျွန်တော်၏ ကိုယ်ပိုင်ထင်မြင်ချက်အနေနှင့် ပြောရလျှင် စစ်ပြီးခေတ် မြန်မာနိုင်ငံ၏ စီးပွားရေးစနစ်အကြောင်း အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသည့် စာအုပ်စာတမ်းများ လွန်စွာ ရှားပါးကြောင်းတွေ့ရပါသည်။ စစ်ပြီးခေတ် ၁၉၄၈ ခုနှစ်မှသည် ၂၀၀၀ ပြည့်နှစ် ကာလအထိ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုကို လွှမ်းခြုံ ထင်ဟပ်စေသည့် ပြဋ္ဌာန်းစာအုပ် တစ်အုပ်တလေမျှပင် ထွက်ပေါ်မလာခဲ့ရာ ထိုသို့သော စာအုပ်မျိုး ထွက်ပေါ်ရန် အလွန်ပင် လိုအပ်နေ ကြောင်းလည်း တွေ့ရပါသည်။

မည်သို့ပင်ရှိစေ ကျွန်တော့်အနေနှင့် စိုးရိမ်မှု များစွာဖြင့် ဤတာဝန်ကို ယူခဲ့ပါသည်။ ပထမဦးစွာ စစ်ပြီးကာလ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက် မှုအတွက် တစုတစည်းတည်းသောစာအုပ် မရှိခဲ့သည်မှာ မှန်သော်လည်း ကာလ အပိုင်းအခြား တစ်ခုချင်းအလိုက်၊ ရှုထောင့် တစ်ခုချင်းအလိုက် ထင်ရှား ကျော် ကြားသည့် မြန်မာစီးပွားရေးပညာရှင်များ၊ ပြည်ပရောက် မြန်မာစကော်လာများ ရေးသားခဲ့သည့် စာတမ်း များစွာ ရှိခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော် ဖြည့်ဆည်း ပေးနိုင်သည့် မျှော်လင့်ထားသောအချက် တစ်ခုမှာ အဆိုပါ စာပေများကို အမိုး တစ်ခုတည်းအောက်တွင် စုစည်းထားလိုသော်လည်း အဆိုပါ စာတမ်းများ၏ အစိတ်အပိုင်းများကို ပုံစံသစ်ဖြင့် ကျွန်တော် နားလည်သလို ပြန်လည် ရေးသား ရာတွင် စာရေးသူ အနေနှင့် မှန်ကန်မှု ရှိပါ့မလား ဆိုသည်ကို စိုးရိမ်မိပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ အလေးအနက်ထားပြီး ပြောလိုသည်မှာ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဟူသည့် တစ်ခုတည်းသော ဦးတည်ချက်ဖြင့် စုစည်း ရေးသားလိုခြင်း ဖြစ်ပါသည်။ ၎င်းတို့ ရေးသားထားသော စာတမ်းများတွင် အနည်းနှင့် အများ ဆိုသလို အကောင်းဘက်မှ အမြင်ဖြင့် ရေးသားထားချက် များ၊ ဝေဖန် ထောက်ပြထားချက်များ ပါဝင်ပါသည်။ သို့အတွက် ဤစာအုပ် တွင် ပြန်လည် ဖော်ပြထားသည့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှု နည်းနစ်များသည် ကျွန်တော်၏ ကိုယ်ပိုင်အမြင်များ၊ ကျွန်တော့်စိတ်ကြိုက် ရေးသားထားခြင်း မဟုတ်ဘဲ အဖြစ်မှန်များကို အခြေခံ၍ စုစည်းဖော်ပြထားခြင်းသာ ဖြစ်ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဒုတိယအချက်အနေနှင့် ကျွန်တော့်အနေနှင့် တတ်နိုင်သမျှ အပြုသဘော ဆောင်သည့် အချက်များကို ရေးသား ပြုစုခဲ့သော်လည်း ပညာတတ် အသိုင်း အဝိုင်းနှင့် အုပ်ချုပ်ရေးရာ အဆင့်ဆင့်မှ ပုဂ္ဂိုလ်များအနေနှင့် ကျွန်တော်၏ စစ်မှန်သော စေတနာကို သိမှ သိပါလေစ ဆိုသည်ကို သံသယ ဖြစ်မိပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ အားလုံးကို အင်ဒိုနီးရှား အမျိုးသားပညာရေးဝန်ကြီး ဌာန၊ သမိုင်းဌာန ဒါရိုက်တာ Susanto Zuhdi ပြုစု ရေးသားထားချက် တချို့ ကို သိစေလိုပါသည်။ သူက ယခင် အစိုးရကို ပြန်လည် ရည်ညွှန်းလျက် 'သမိုင်း ကို ပြုစုရေးသားကြရာတွင် အဓိကအားဖြင့် လက်ရှိ အုပ်စိုးသူတို့၏ အကျိုး အတွက် ရေးသားလေ့ ရှိကြသည်။ ယင်းမှာ လွန်စွာ အန္တရာယ်များသည့် လုပ် ရပ် ဖြစ်ပါသည်။ အစိုးရအနေဖြင့် သမိုင်းကို ရေးသားပြုစုရာတွင် ထိန်းသိမ်း ကန့်သတ်မထားသင့်ကြောင်း၊ ကျွန်ုပ်တို့သည် ပြည်သူတို့ကို ၎င်းတို့၏အမြင် အရ ခေတ်၏သမိုင်းကို ရေးသားစေသင့်ပါသည်'ဟု ပြောခဲ့ပါသည်။ သူက ထပ်မံ၍ 'သမိုင်း ဆိုသည်မှာ အကြောင်းကိစ္စရပ်များ အားလုံးကို သင့်တင့် မျှတစွာ ရေးသားခြင်း မဟုတ်ကြောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုမှု အမျိုးစုံကို အပြန် အလှန် ဆွေးနွေးပြောကြားမှုပုံစံ ဖြစ်ပေါ်စေရန် ခွင့်ပြုရမည် ဖြစ်ကြောင်း၊ ရှု ထောင့်အမျိုးမျိုးမှ ရေးသားဖော်ပြချက်များသည် သာမန်သာ ဖြစ်သည်ကို ပြည် သူတို့ကို ပညာပေးရန် လိုအပ်ကြောင်း' ပြောကြားခဲ့သည်။ (Nation [Bangkok], 27 October, 2001)

တတိယအချက် အနေနှင့် အတိတ်ကာလကို တင်ပြရန် ကြိုးစားရာတွင် အကယ်၍ ကျွန်တော့်အနေနှင့် အလွှာစုံမှ ပြည်သူ အားလုံးကို ဆွဲဆောင်မှု ပြုနိုင်ပါ့မလား ဆိုသည်ကို မသိသော်လည်း ၎င်းတို့၏ အယူအဆနှင့် အစွဲ အလမ်းတချို့ကို ကျော်လွှားနိုင်ကာ မြန်မာနိုင်ငံ၏ လက်တွေ့ဘဝများကို ဓမ္မ ဓိဋ္ဌာန်ကျကျ ဆွဲဆောင်နိုင်ပါမည်လား ဆိုသည်ကိုလည်း သံသယ ဖြစ်မိပါသည်။

ဤစာအုပ်သည် သမိုင်းဖြစ်စဉ်များနှင့် ၁၉၄၈ နောက်ပိုင်း စစ်ပြီးခေတ် စီးပွားရေး တိုးတက်မှုများကို ပြည့်ပြည့်စုံစုံနှင့် အသေးစိတ် ဖော်ပြလိုရင်း မဟုတ် ပါ။ အမှန်စင်စစ် ကျွန်တော်၏ ရည်ရွယ်ချက်မှာ အကြောင်းကိစ္စများကို ကျယ် ပြန့်သည့် အမြင်များဖြင့် စဉ်းစားကာ ဖွံ့ဖြိုး တိုးတက်မှုကို ထိခိုက်စေသည့် အကြောင်းရင်းများကို ခေတ်ကာလ အပိုင်းအခြားအလိုက် ဆင်ခြင် သုံးသပ် တတ်စေရန်နှင့် အစိုးရအဆက်ဆက်က ကျင့်သုံးခဲ့သည့် မူဝါဒများကို နားလည် စေရန် ဖြစ်ပါသည်။ ကျွန်တော့်အနေနှင့် ၁၉၄၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ အဓိကကျသည့် ဖွံ့ဖြိုးတိုးတက်မှုများကို လွယ်ကူ ရှင်းလင်းစွာ တင်ပြထားခြင်း ဖြစ်ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆုံး အနေနှင့် ဖော်ပြရမည် ဆိုသော် ဤစာအုပ် ရေးသား ပြုစုရာတွင် တွေ့ရှိခဲ့သည့် ကန့်သတ်ချက်၊ အားနည်းချက်များ ဖြစ်ပါသည်။ လွန်ခဲ့သည့် နှစ်ငါးဆယ်က အဖြစ်အပျက်များကို အဘက်ဘက်မှ ပြည့်စုံအောင် ရေးသားဖို့ ဆိုလျှင် ပြည့်စုံလုံလောက်သည့် ဘက်စုံမှ ခြုံငုံ ချဉ်းကပ်လေ့လာသည့် စနစ်ကို အသုံးပြုရန် လိုအပ်ကြောင်း ကျွန်တော် အခိုင်အမာ ယုံကြည်မိပါသည်။ သို့သော်လည်း ကျွန်တော့်အနေနှင့် စီးပွားရေးပညာမှ လွဲ၍ အခြား ဘာသာရပ်များတွင် ကျွမ်းကျင်မှု မရှိသဖြင့် ဘက်စုံ ခြုံငုံချဉ်းကပ် လေ့လာသည့် စနစ်ကို အနည်းငယ်သာ အသုံးချနိုင်ခဲ့ပါသည်။ ဤသည်မှာ ပထမ ကန့်သတ်ချက် ဖြစ်ပါသည်။ ဒုတိယ ကန့်သတ်ချက်မှာ မြန်မာ့စီးပွားရေးနှင့် ပတ်သက်သည့် ကိန်းဂဏန်း အချက်အလက် ရှားပါးမှု၊ ခိုင်မာမှုနှင့် ရရှိနိုင်မှု အကန့်အသတ်များ ဖြစ်ပြီး ပိုမို ခက်ခဲစေသည့် အချက်တစ်ခုက ဤလေ့လာမှု၏ အဓိက အစိတ်အပိုင်းများကို ကျွန်တော် ဘန်ကောက်တွင် ခေတ္တ နေထိုင်ခဲ့စဉ် စုစည်း ပြုစုခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် အချို့ဖြစ်ရပ်များနှင့် သမိုင်းဖြစ်စဉ်တချို့ကို နေ့ရက်၊ နှစ် အတိအကျ ဖော်ပြနိုင်ခြင်း မရှိဘဲ အကြမ်းဖျင်းသာ ဖော်ပြနိုင်ခဲ့ပါသည်။

ဤသို့ အားနည်းမှုများ ရှိခဲ့သော်လည်း ဤစာအုပ်သည် ကျောင်းသားများ၊ ပညာရှင်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အထူးသဖြင့် မူဝါဒ ချမှတ်သူများ အတွက် အသုံးဝင် အကျိုးရှိမည့် စာအုပ်တစ်အုပ် ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။

မြတ်သိန်း

၂၀၀၁ ခု၊ အောက်တိုဘာ ၁ ရက်။



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)
# မြန်မာနိုင်ငံ၏ နိုင်ငံရေး ဘောဂဗေဒ ဖွံ့ဖြိုးတိုးတက်မှု နှစ်အလိုက်မှတ်တမ်း (ခြုံငုံသုံးသပ်ချက်)

*အတိတ်သမိုင်းကြောင်းကို နားလည် သဘောပေါက်ပါမှ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၏ အနာဂတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံချက်ချ၍ ရနိုင်ပါမည်။*

ဦးထွန်းဝေ
(Economic Development of Burma: From 1800 to 1940)

## (က) နောက်ခံသမိုင်း

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ဒေသကြီးအတွင်းတွင် အကြီးဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး မြောက်ဘက် အစွန်ဆုံးမှ တောင်ဘက် အစွန်ဆုံးအထိ ကီလိုမီတာ ၂၀၀၀ ကျော် ရှည်လျားသည်။ နိုင်ငံ၏ စုစုပေါင်းဧရိယာ အကျယ်အဝန်းမှာ ၆၇၆၅၇၇ စတုရန်းကီလိုမီတာ (၂၆၁၂၂၈ စတုရန်းမိုင်) ရှိသည်။ နိုင်ငံ၏ နယ်နိမိတ်နှင့် ထိစပ်နေသော နိုင်ငံ ငါးနိုင်ငံ (တရုတ်၊ လာအို၊ ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်) ရှိပြီး ၎င်းနိုင်ငံများနှင့် နယ်နိမိတ် စုစုပေါင်း ၅၈၅၈ ကီလိုမီတာ ထိစပ်လျက် ရှိကာ ကမ်းရိုးတန်း အရှည်မှာ ကီလိုမီတာ ၂၈၀၀ ရှိသည်။ မြန်မာနိုင်ငံသည် ဗီယက်နမ်နိုင်ငံ အကျယ်အဝန်း၏ နှစ်ဆ ရှိပြီး ထိုင်းနိုင်ငံ၏ ၁. ၂၅ ဆ ရှိသည်။

မြောက်ဘက်မှ တောင်ဘက်သို့ သစ်တောများအတိ ဖုံးလွှမ်းနေသော တောင်တန်းကြီး သုံးသွယ် ဆန့်တန်းလျက် ရှိပြီး ၎င်းတို့မှာ ရခိုင်ရိုးမတောင်တန်း၊ ပဲခူးရိုးမတောင်တန်းနှင့် ရှမ်းကုန်းပြင်မြင့်တို့ ဖြစ်သည်။ အဆိုပါ တောင်စဉ်တန်း သုံးခုက မြန်မာနိုင်ငံအား အဓိက မြစ်ကြောင်းကြီး သုံးသွယ်ကို ဖန်တီး



mgyoe.com

mgyoe.com
SAMPLE BOOK

ပေးထားပြီး ယင်းတို့မှာ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်နှင့် သံလွင်မြစ်တို့ ဖြစ်ကြသည်။ မြေဆီဩဇာ ကြွယ်ဝသော စိုက်ပျိုးမြေများသည် အဆိုပါ တောင်စဉ်တန်းကြီးများကြားတွင် ဖြစ်တည်လျက် ရှိပြီး အလျား ၂၄၀ ကီလိုမီတာ၊ အနံ ၂၁၀ ကီလိုမီတာ အကျယ်ခန့်ရှိ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသကြီးသည်လည်း တည်ရှိလျက် ရှိသည်။

မြန်မာနိုင်ငံသည် အာရှဒေသ၏ မုတ်သုံရာသီဥတုအတွင်း တည်ရှိနေသော်လည်း ထူးခြားသော ပထဝီဝင် အနေအထားနှင့် မြေမျက်နှာသွင်ပြင်တို့ကြောင့် ကွဲပြားသော ရာသီဥတုများကို ဖြစ်ပေါ်စေသည်။ မိုးခေါင်ခြင်း၊ ရေကြီးခြင်းများမှာ ရှားပါးသော ဖြစ်ရပ်များ ဖြစ်ပြီး သဘာဝကပ်ဘေးများ ဖြစ်သော ဆိုင်ကလုန်း မုန်တိုင်းများ၊ ငလျင်များသည်လည်း ကြုံတောင့်ကြုံခဲ ဖြစ်ရပ်များ ဖြစ်သည်။ ကမ်းရိုးတန်းဒေသများတွင် တစ်နှစ် မိုးရေချိန် ၅၀၀၀ မီလီမီတာ ရှိပြီး မြစ်ဝကျွန်းပေါ်ဒေသ၏ တစ်နှစ် မိုးရေချိန်မှာ ၂၅၀၀ မီလီမီတာအထိ ရှိခဲ့သည်။ အပူပိုင်းဇုန်ဒေသများ၏ တစ်နှစ် ပျမ်းမျှမိုးရေချိန်မှာ ၁၀၀၀ မီလီမီတာအောက် ရှိပြီး အချို့ဒေသများတွင် ၅၀၀ မီလီမီတာအောက်အထိပင် ရှိသောကြောင့် စိုက်ပျိုးမြေများအတွက် လိုအပ်သော အစိုဓာတ်ကိုပင် ရရှိခြင်း မရှိပါ။ နိုင်ငံ၏ ပျမ်းမျှအပူချိန်မှာ ကမ်းရိုးတန်းဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ၃၂ ဒီဂရီ စင်တီဂရိတ် ရှိပြီး မြောက်ပိုင်း မြေနိမ့်ဒေသများ၏ ပျမ်းမျှအပူချိန်မှာ ၂၁ ဒီဂရီ စင်တီဂရိတ် ရှိသည်။

မြန်မာနိုင်ငံသည် အခြေခံအားဖြင့် စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံ ဖြစ်သည်။ စိုက်ပျိုးရေးနိုင်ငံ ဖြစ်သည့်အားလျော်စွာ မိုးရေကို အဓိက အားထားနေရသောကြောင့် ရာသီဥတု ဖောက်ပြန်မှုနှင့် စိုက်ပျိုးရေးကဏ္ဍကို ထိခိုက်မှု ရှိစေသော အခြေအနေတို့က နိုင်ငံ၏ စီးပွားရေးကို သိသိသာသာ ပြောင်းလဲစေပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ၄၀ ရာခိုင်နှုန်း ပါဝင်လျက် ရှိပြီး စုစုပေါင်း လုပ်သားအင်အား၏ ၆၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိသည်။ ထို့ပြင် ကုန်ပစ္စည်း ထုတ်လုပ်မှုကဏ္ဍ၏ သုံးပုံ နှစ်ပုံနီးပါးသည် လယ်ယာစိုက်ပျိုးရေး အခြေခံ ထုတ်ကုန်များ ဖြစ်ပြီး နိုင်ငံခြား ပို့ကုန်များတွင်လည်း လယ်ယာကဏ္ဍ ထုတ်ကုန်များကသာ အဓိက နေရာယူလျက် ရှိသည်။

မြန်မာနိုင်ငံ၏ စုစုပေါင်း လူဦးရေမှာ ၂၀၀၀ ပြည့်နှစ် စာရင်းအရ ၅၀. ၁၃ သန်း ရှိသည်ဟု ခန့်မှန်းထားသည်။ မြန်မာနိုင်ငံ၏ လူဦးရေတွင် တိုင်းရင်းသား

mgyoe.com

mgyoe.com
SAMPLE BOOK

လူမျိုးပေါင်းများစွာ ပါဝင်လျက်ရှိပြီး လူမျိုးစုစုပေါင်း ၁၃၀ မှာ ပြည်နယ်နှင့်တိုင်း ၁၄ ခုတွင် ဖြန့်ကြက် နေထိုင်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ အဓိက လူမျိုးမှာ ဗမာလူမျိုး (ဗြိတိသျှတို့က ဗမာလူမျိုးအမည်ကို အစွဲပြုကာ Burma ဟု ခေါ်တွင်ခဲ့သည်) ဖြစ်ပြီး ရှမ်း၊ ကချင်၊ ချင်း၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်နှင့် အခြားသော တိုင်းရင်းသားများသည်လည်း အချိုးအစား ကြီးမားစွာ ပါဝင်လျက်ရှိသည်။

ဒုတိယကမ္ဘာစစ် မတိုင်မီကာလ ဖြစ်သည့် ၁၉၃၀ ပြည့်နှစ် နောက်ပိုင်းနှင့် ၁၉၄၀ အစောပိုင်း ကာလများတွင် မြန်မာနိုင်ငံသည် ဒေသကြီးအတွင်း စီးပွားရေး ဦးဆောင်နိုင်ငံကြီး ဖြစ်ခဲ့သလို ကမ္ဘာ့အကြီးဆုံး ဆန်တင်ပို့သည့် နိုင်ငံလည်း ဖြစ်ခဲ့သည်။ သို့သော်လည်း မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီ လက်အောက်ခံ ဘဝ ကျရောက်ခဲ့ကာ ဗဟုဝုစ်စီးပွားရေးစနစ်များ ကျင့်သုံးခဲ့ပြီးနောက် မြန်မာနိုင်ငံဖွား စီးပွားရေး လုပ်ငန်းရှင်များ အနေနှင့် ဆန်စပါး တင်ပို့မှုလုပ်ငန်းမှ အကျိုးအမြတ် အနည်းငယ်ကိုသာ ခံစား ရရှိခဲ့ရသည်။ ကာယလုပ်သားနှင့် အစိုးရဝန်ထမ်းကဏ္ဍများတွင်သာ ဗမာများ အနေနှင့် အရေးပါသည့် နေရာတွင် တာဝန်ထမ်းရပြီး အခြားသော စီးပွားရေးနှင့် သက်ဆိုင်သည့် ကဏ္ဍကြီးများတွင် ဗမာများအဖို့ နောက်တန်းတွင်သာ နေရာရခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်းတွင် မြန်မာနိုင်ငံ၏ စီးပွားရေးမှာ အကြီးအကျယ် ပျက်စီးခဲ့ရသည်။ နိုင်ငံ၏ အခြေခံအဆောက်အအုံ အများစုမှာ ဗြိတိသျှနှင့် ဂျပန်တို့၏ မြေလှန်စနစ်ကြောင့် ပျက်စီးခဲ့ရသည်။ ယင်းကာလက ခန့်မှန်းတွက်ချက်မှုများအရ စစ်အတွင်းတွင် မြန်မာနိုင်ငံ၏ ပြည်သူ့အရင်းအနှီး စုစုပေါင်း၏ ထက်ဝက်ခန့် ပျက်စီးခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် စိုက်ပျိုးနိုင်သော မြေဧရိယာ ထက်ဝက်ကျော်မှာ စစ်အတွင်း ပြည်ပပို့ကုန်လမ်းကြောင်းများ ရပ်တန့်သွားခဲ့မှုနှင့်အတူ အလိုလို ပျက်စီးသွားခဲ့ရပြီး တောင်သူလယ်သမားများမှာလည်း လယ်ယာ လုပ်ငန်းခွင်များမှ စွန့်ခွာခဲ့ရကာ ဆန်စပါး ထုတ်လုပ်မှုမှာလည်း ကျဆင်းခဲ့ရသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့သည်။

## (ခ) နှစ်အလိုက်မှတ်တမ်း

မြန်မာနိုင်ငံ၏ စစ်ပြီးကာလ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု သမိုင်းကို နှစ်စဉ်အလိုက် မှတ်တမ်းသုံးပိုင်း ပိုင်းခြားကာ နိုင်ငံရေးဘောဂဗေဒ၏ အစိတ်အပိုင်းများအဖြစ် ခြုံငုံ၍ တင်ပြထားပါသည်။


mgyoe.com

m·gyoe.com SAMPLE BOOK

- ပါလီမန် ဒီမိုကရေစီခေတ် (၁၉၄၈-၁၉၆၂)၊
- စစ်အုပ်ချုပ်ရေးကာလ ဆိုရှယ်လစ်ခေတ် (၁၉၆၂-၁၉၈၈)၊
- စစ်အုပ်ချုပ်ရေးကာလ ဈေးကွက်စီးပွားရေးစနစ်။ (၁၉၈၈-၂၀၁၀)

မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ တစ်နိုင်ငံလုံးတွင် ဆူပူအုံကြွမှုများက ပါတီစုံအသွင်ဖြင့် လည်းကောင်း၊ လူမျိုးစုသူပုန်များအသွင်ဖြင့် လည်းကောင်း ပေါ်ပေါက်လာခဲ့သည်။ သို့အတွက်ကြောင့် ဝန်ကြီးချုပ်ဦးနု ခေါင်းဆောင်သည့် အရပ်သားအစိုးရအဖွဲ့အနေနှင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ နိုင်ငံ ပြန်လည် တည်ထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်း မပြုမီမှာပင် ဆူပူသောင်းကျန်းမှုများကို စတင် ရင်ဆိုင်ခဲ့ရသည်။ ကိုလိုနီ အုပ်ချုပ်မှု၏ ခါးသီးလှစွာသော အတွေ့အကြုံများကြောင့် မြန်မာနိုင်ငံသည် စီးပွားရေးနယ်ပယ်တွင် ချောင်ထိုးခံခဲ့ရသည့် အောက်အကျဆုံးအဆင့်သို့ ရောက်ရှိခဲ့ကာ မျိုးချစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒနှင့် ဈေးကွက်စီးပွားရေး မူဝါဒများ ရောပြွမ်းနေသော ဆန်းပြားသည့် ပုံစံမျိုး ဖြစ်ပေါ်ခဲ့လေသည်။

ဦးဆုံး အနေဖြင့် စိုက်ပျိုးမြေများကို ပြည်သူပိုင် သိမ်းယူပြီး လယ် စိုက်သူများသို့ ပြန်လည် ခွဲဝေပေးကာ ယခင်က နိုင်ငံခြား လုပ်ငန်းရှင်များ လက်ဝါးကြီး အုပ်ထားသော ဆန်ကုန်သွယ်မှုကို အစိုးရက လွှဲပြောင်း ရယူလိုက်ခြင်းဖြစ်သည်။ ဒုတိယ အနေနှင့် ယခင်က နိုင်ငံခြား လုပ်ငန်းရှင်များ လက်ဝါးကြီးအုပ်ထားခဲ့သော သစ်ထုတ်လုပ်ရေး လုပ်ငန်းကို ပြည်သူပိုင် သိမ်းခြင်း ဖြစ်သည်။ ထို့နောက် နိုင်ငံခြားသားပိုင် ဧရာဝတီ ဖလုပ်တီလာ ရေကြောင်းပို့ဆောင်ရေး ကုမ္ပဏီအား ပြည်သူပိုင် ပြုလုပ်ခြင်းနှင့် နောက်ဆုံး အနေနှင့် ဘားမား ကော်ပိုရေးရှင်းနှင့် ဘားမား ရေနံကုမ္ပဏီတို့အား ဖက်စပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းပုံ ပြောင်းလဲခဲ့ခြင်းတို့ ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အစိုးရအနေနှင့် အချို့သော စက်မှုအခြေခံ စီးပွားရေး လုပ်ငန်းများကို နိုင်ငံပိုင်အဖြစ်သို့ ပြောင်းလဲရန် လျာထားသတ်မှတ်ခဲ့သည်။ အခြားတစ်ဖက်တွင်လည်း နိုင်ငံတော်အနေနှင့် နိုင်ငံခြား ကုန်သွယ်မှု အပါအဝင် စီးပွားရေးလုပ်ငန်းဆောင်တာ အမျိုးမျိုးတွင် ပုဂ္ဂလိကပိုင်ကဏ္ဍ ပါဝင်လာစေရေးအတွက် လမ်းဖွင့်ပေးခဲ့သည်။

တိုင်းပြည်စီးပွားရေး အရှိန်အဟုန်နှင့် တိုးတက်ကာ ထပ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိမည့် အချိန်မှာပင် ၁၉၅၈ ခုနှစ်၌ ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့


mgyoe.com

mgyoe.com
SAMPLE BOOK

လွတ်လပ်ရေးပါတီ (ဖဆပလ) နှစ်ခြမ်း ကွဲခဲ့သည်။ ဤဖြစ်ရပ်ကြောင့် နိုင်ငံရေး မတည်ငြိမ်မှုများ၊ အချို့သော တိုင်းရင်းသားလူမျိုးစုတို့က မိမိတို့၏ ရပိုင်ခွင့်များ စွန့်လွှတ်ခဲ့ရမှုအပေါ် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ရပိုင်ခွင့်များနှင့် အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းခံမှုများနှင့် အာဏာခွဲဝေလိုမှုများ ဖြစ်ပေါ် ခဲ့ပြီး ပြည်ထောင်စုမှ ခွဲထွက်ခွင့် တောင်းခံခဲ့ကြသည်။[၁]

အိမ်စောင့်အစိုးရကာလ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း နိုင်ငံရေး အာဏာနှင့် စီမံခန့်ခွဲမှု အတွေ့အကြုံများကို ရရှိခဲ့ပြီးနောက် တပ်မတော်သည် ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းကာ နိုင်ငံရေးအာဏာကို ရယူခဲ့သည်။ တပ်မတော်က အာဏာသိမ်းယူရခြင်း အကြောင်းရင်းမှာ နိုင်ငံတော် ပြိုကွဲမည့် အန္တရာယ်နှင့် ကြုံတွေ့နေရခြင်းနှင့် အဆိုပါ အရပ်သားအစိုးရ၏ နိုင်ငံရေးမူဝါဒ များမှာ နိုင်ငံ့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သော ဆိုရှယ်လစ် လမ်းစဉ်မှ သွေဖည်နေခြင်းကြောင့်ဟု ဆိုခဲ့ပါသည်။

စစ်တပ်က အာဏာသိမ်းပြီး မကြာခင်မှာပင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင် သည့် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းခဲ့ပြီး ဝန်ကြီးအဖွဲ့များကိုလည်း လက်ရွေး စင် စစ်တပ် အကြီးအကဲများဖြင့် ဖွဲ့စည်းခဲ့သည်။ ထို့နောက် အတွင်းကြည့် ကိုယ့်ဘာသာကိုယ် သီးခြားရပ်တည်မည့် မြန်မာနည်း မြန်မာ့ဟန် ဆိုရှယ်လစ် စနစ်ကို နိုင်ငံ၏ အနာဂတ် ဖွံ့ဖြိုး တိုးတက်ရေး မူဝါဒအဖြစ် ကြေညာခဲ့သည်။ အကြောင်းရင်းမှာ အများက ယိုးစွပ်ကြသလို နိုင်ငံခြားသား ပါဝင်မှုကို ကြောက် သည့်ရောဂါ (xenophobia) ကြောင့် ဖြစ်နိုင်သလို တစ်ဖက်တွင်လည်း ဗိုလ်ချုပ် ကြီးနေဝင်း အနေနှင့် ၎င်း၏ စစ်တပ်အကြီးအကဲ များစွာ ပါဝင် ဖွဲ့စည်းထား သည့် ဆိုရှယ်လစ်အုပ်စုအောက်တွင် ပိုမိုအုပ်ချုပ်ရ လွယ်ကူစေသည်ဟု ထင်မြင် သောကြောင့်လည်း ဖြစ်နိုင်သည်။[၂]

---

၁။ ၁၉၄၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဖွဲ့စည်းပုံ အခြေခံဥပဒေ အသက်ဝင်သည့်နေ့မှ ၁၀ နှစ်အတွင်း ပြည်ထောင်စုမှ ခွဲမထွက် ဟူသောအချက် ပါရှိသည်။

၂။ ၎င်းတို့ကို ဗိုလ်ချုပ်ကြီးစန်းယုနှင့် ဗိုလ်မှူးချုပ်တင်ဖေတို့ ဦးဆောင်ခဲ့သည်။ ဗိုလ်ချုပ်ကြီး နေဝင်း စိတ်ထဲတွင် တွေးထားသည့် အတွေးနှင့် ကွဲပြားစွာပင် ပြောင်းလဲမှုကို လိုလားပြီး လွတ်လပ်သော အတွေးအခေါ်ရှိသည့် ဗိုလ်မှူးချုပ်အောင်ကြီးနှင့် ဗိုလ်မှူးကြီးကြည်မောင်တို့ က စစ်အစိုးရအနေနှင့် မကြာမီပင် အာဏာကို အရပ်သားအစိုးရထံသို့ ပြန်လည်လွှဲပြောင်း ပေးမည်ဟု ထင်မြင်ခဲ့သည်။ သို့သော် ဗိုလ်မှူးချုပ်အောင်ကြီးနှင့် ဗိုလ်မှူးကြီးကြည်မောင်တို့ ကို ရာထူးမှ ဖယ်ရှား ထောင်ချခဲ့ကာ မကြာမီ ပြန်လည် လွှတ်ပေးခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

မည်သို့ပင်ဆိုစေ မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်စနစ်အောက်တွင် နိုင်ငံခြား ကုန်သွယ်မှုနှင့် ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများ၊ ပြည်တွင်းလက်လီလက်ကား ကုန်သွယ်မှုလုပ်ငန်းများ၊ ဘဏ်များ၊ စက်မှုလုပ်ငန်းများ၊ သစ်တော၊ ရေလုပ်ငန်း၊ သတ္တုတွင်း လုပ်ငန်းများသာမက ဆေးရုံများ၊ ကျောင်းများပင် ပြည်သူပိုင် အသိမ်းခံခဲ့ရသည်။ ပြည်သူပိုင် သိမ်းရန် မလိုအပ်သော စိုက်ပျိုးရေးကဏ္ဍတွင်ပင် စိုက်ပျိုးထုတ်လုပ်သူများသည် ပစ္စည်းနှင့် ဈေးနှုန်းများကို ပုံစံခွက်အတွင်း သွတ်သွင်းခံခဲ့ရသည်။ စိုက်ပျိုး ထုတ်လုပ်သူများသည် အစိုးရက ချမှတ်ပေးထားသည့် သီးနှံများသာ ထွန်ယက်စိုက်ပျိုးကြရပြီး ထွက်ရှိလာသည့် သီးနှံများကိုလည်း ဈေးကွက် ပေါက်ဈေးထက် လျော့နည်းသော သတ်မှတ်ဈေးဖြင့် အစိုးရသို့ ရောင်းချကြရသည်။

ထို့ပြင် နိုင်ငံခြားချေးငွေနှင့် ထောက်ပံ့ငွေများကိုလည်း သံသယကြီးစွာဖြင့် ကြည့်ကာ အများအားဖြင့် ငြင်းပယ်ခဲ့သည်။ အဓိကအားဖြင့် ဗြိတိသျှ ကိုလိုနီလက်ထက်ကတည်းက ပြုစုပျိုးထောင်ခဲ့သော စွမ်းဆောင်ရည် ပြည့်ဝပြီး အသားကျနေခဲ့သည့် ပြည်သူ့ဝန်ထမ်းစနစ်သည်လည်း ဗိုလ်ချုပ်ကြီးနေဝင်း၏ ယုံကြည်ရသော စစ်ဘက်မှ ပုဂ္ဂိုလ်များ အစားထိုး နေရာယူပြီးနောက် ပျက်စီးခဲ့ရပေသည်။ ရလဒ်မှာ စစ်အုပ်ချုပ်ရေးစနစ်အောက်တွင် ဆိုရှယ်လစ်ဝါဒနှင့် အလွန်အကျွံ ထိန်းချုပ်မှု အခြေခံသည့် အမိန့်ပေး စီးပွားရေးစနစ်တစ်ခု ပေါ်ထွန်းခဲ့ခြင်း ဖြစ်သည်။

မငြင်းနိုင်သောအချက်မှာ ၁၉၇၀ ပြည့်နှစ်များတွင် ဆိုးရွားလှသော စီးပွားရေး အခြေအနေများကြောင့် အစိုးရ၏ မူဝါဒ ရပ်တည်ချက်ကို ပျော့ပျောင်းစေခဲ့ကာ ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။ ဥပမာအားဖြင့် နိုင်ငံတကာ အလှူရှင်များ၏ ချေးငွေများ၊ ထောက်ပံ့မှုများနှင့် တရားဝင် ဖွံ့ဖြိုးမှု အကူအညီ (ODA) များကို ဆယ်စုနှစ် တစ်ခုကျော် ရှောင်ရှားခဲ့ရာမှ ပြန်လည်လက်ခံခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများကိုလည်း စွမ်းဆောင်ရည် မြင့်လာစေရန်အတွက် စီးပွားရေး ဆန်ဆန် ဆောင်ရွက်ရန် လမ်းညွှန်မှုများ ချမှတ်ခဲ့သည်။ အရေးကြီးသည်မှာ လယ်ယာထုတ်ကုန်များ ဖွံ့ဖြိုးတက်စေရေးအတွက် အစိမ်းရောင် တော်လှန်ရေး တစ်ရပ် ဆင်နွှဲကာ အထွက်တိုး မျိုးစေ့များ (HYV) နှင့် ဓာတ်မြေဩဇာများကို သုံးစွဲခဲ့သည်။ ထို့ကြောင့် စီးပွားရေး စွမ်းဆောင်ရည် အခိုက်အတန့် တိုးတက်ခဲ့သော်လည်း တာရှည်မခံခဲ့ပါ။ နိုင်ငံတော်က ဦးဆောင်သည့် လယ်ယာ စိုက်ပျိုး



mgyoe.com

mgyoe.com
SAMPLE BOOK

ရေးထက် စက်မှုဖွံ့ဖြိုး တိုးတက်ရေး ဦးစားပေးသည့် မူဝါဒကို ပြောင်းလဲခြင်း မပြုဘဲ စီမံခန့်ခွဲခဲ့ခြင်း သို့မဟုတ် လွဲမှားသော စီမံခန့်ခွဲရေး စနစ်များကို ကျင့်သုံးခဲ့သည်။

အကျိုးဆက်အဖြစ် (သွင်းကုန်မှီခို) သွင်းကုန်အစားထိုး နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းကြီးများမှာ ဆုံးရှုံးမှုများကို စိတ်ပျက်စရာကောင်းလှအောင် တွေ့ကြုံခဲ့ရကာ သွင်းကုန်နှင့် အပိုပစ္စည်းများ ဝယ်ယူရန်အတွက် နိုင်ငံခြားငွေ လိုအပ်ချက်များ ဖြစ်ပေါ်ခဲ့ရပြီး တိုင်းပြည်စီးပွားရေး တစ်ခုလုံးကို တရွတ်ဆွဲကာ ကျဆင်းစေခဲ့သည်။ ထိုအချိန်မှာပင် လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွင် ကြီးမားသော စွက်ဖက်မှုများကြောင့် လယ်ယာ ဖွံ့ဖြိုးမှုများ တန့်ခဲ့ရပြီး သိသိသာသာ အောင်မြင်နေသော နေရာများ ဖြစ်သည့် ပြည်ပပို့ကုန် တင်ပို့မှုများကိုလည်း ပိတ်ပင်တားဆီးခဲ့သည်။ ထို့ပြင် (နောက်ပိုင်း ကဏ္ဍများတွင် အသေးစိတ် ရှင်းလင်းတင်ပြပါမည်) ဘဏ္ဍာရေး အမြော်အမြင်နှင့် ခိုင်မာသော မေခရို စီးပွားရေး အမြင်များ မရှိမှုတို့ကြောင့် စီးပွားရေး ကပ်ဆိုးကြီးကို ကြုံတွေ့ခဲ့ရသည်။

၁၉၈၀ ပြည့်နှစ်များအလယ်လောက်တွင် အစိုးရအနေနှင့် ယိုယွင်းနေသော အခြေအနေကို ထိန်းသိမ်းရန်အတွက် သွင်းကုန်များကို ဖြတ်တောက်ခြင်း၊ အစိုးရအသုံးစရိတ်များကို ဖြတ်တောက်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သလို တစ်ချိန်တည်းမှာပင် ဘတ်ဂျက်လိုငွေကို ဖြည့်တင်းရန်အတွက် ငွေစက္ကူ အသစ်များကို ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ပထမ ဆောင်ရွက်မှု နှစ်ခုက တိုးတက်မှုကို နှေးကွေးစေပြီး တတိယ ဆောင်ရွက်မှုက ငွေဖောင်းပွမှုကို မြင့်တက်စေခဲ့သည်။ ဤအကျိုးဆက်များကြောင့် အစိုးရက တရားမဝင် ငွေစက္ကူ ကြေညာခြင်းများကို ၁၉၈၅ ခုနှစ်နှင့် ၁၉၈၇ ခုနှစ်တို့တွင် ပြုလုပ်ခဲ့ပြီး အဆုံး၌ ၁၉၈၈ ခုနှစ်တွင် ဆိုရှယ်လစ်စနစ် ပျက်ယွင်းခဲ့ရသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာတွင် စစ်အုပ်စုအသစ်တစ်ခု ဖြစ်သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က နိုင်ငံ၏အာဏာကို ယူခဲ့ပြီး အိမ်စောင့်အစိုးရအဖြစ် ကြေညာခဲ့သည်။ ယင်းနှစ် နိုဝင်ဘာတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းနှင့်အတူ ပုဂ္ဂလိကပိုင် အခန်းကဏ္ဍအား မြှင့်တင်သည့်အနေဖြင့် ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ လုပ်ပိုင်ခွင့် ကန့်သတ်ထားမှုများအား ဖယ်ရှားပေးခဲ့သည်။ သို့ရာတွင် ဈေးကွက်အခြေခံသော စီးပွားရေးမူဝါဒသည် ၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေကို ရုပ်သိမ်းခဲ့သည့် ၁၉၈၉ ခုနှစ် မတ်လမှသာ စတင် အသက်ဝင်ခဲ့ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

အသီးအပွင့်များ အချိန်တိုအတွင်း ခံစားနိုင်စေရေးအတွက် ၁၉၉၀ ပြည့်နှစ်များ၏ ပထမ ငါးနှစ်ကာလတွင် စီးပွားရေး ပြုပြင်ပြောင်းလဲမှု မြောက်မြားစွာကို စတင်ဆောင်ရွက်ခဲ့သည်။ ပုဂ္ဂလိကကဏ္ဍမှ GDP အပေါ် ပါဝင်မှုနှုန်းမှာ ၁၉၉၂-၁၉၉၃ ခုနှစ်တွင် ၆၈. ၆ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၁၉၉၇-၁၉၉၈ ကာလတွင် ၇၆. ၄ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့သည်။ ဤဖွံ့ဖြိုးတိုးတက်မှုသည် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လိုက်ပါတိုးတက်ခဲ့ခြင်း ဖြစ်ပြီး ၁၉၉၂-၁၉၉၃ ခုနှစ်မှ ၁၉၉၆-၁၉၉၇ ခုနှစ်အတွင်း GDP တိုးတက်မှုနှုန်း တစ်နှစ်လျှင် ၇ ရာခိုင်နှုန်း ရရှိခဲ့သည်။

သို့ရာတွင် ယခင်အတိုင်းပင် ၁၉၉၂ ခုနှစ် နောက်ပိုင်း ရရှိခဲ့သည့် တိုတောင်းသော တိုးတက်မှု ရလဒ်သည် တာရှည် မခံခဲ့ပါ။ အကြောင်းတစ်ရပ်မှာ ၁၉၉၇ ခုနှစ် နှစ်လယ်ခန့်တွင် ပေါ်ပေါက်ခဲ့သည့် အာရှငွေကြေး အကျပ်အတည်းကြောင့် မြန်မာနိုင်ငံအနေနှင့် ဒေသတွင်း အခြားနိုင်ငံများကဲ့သို့ မည်မည်ရရ ဆောင်ရွက်ခြင်း မပြုလုပ်လိုက်ရမီ ဆိုးကျိုးများသာ ကြုံတွေ့ခဲ့ရသည်။ ပို၍ အရေးကြီးသည့် အချက်မှာ မြန်မာအနေနှင့် ဈေးကွက်စီးပွားရေးစနစ်သို့ သွားရာလမ်းမှ သွေဖည်သွားသလိုပင် ဖြစ်ခဲ့ပေသည်။ အချို့ကဆိုလျှင် မြန်မာနိုင်ငံ အနေနှင့် အမိန့်ပေး စီးပွားရေးစနစ်သို့ပင် နောက်ပြန်လှည့်သွားသည်ဟု ဆိုခဲ့ပါသည်။[၃]

ဥပမာအားဖြင့် ၁၉၉၇ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (SLORC) ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) ဟု အမည် ပြောင်းလဲပြီး နောက်ပိုင်း အစိုးရအနေနှင့် ဈေးကွက်အတွင်း စွက်ဖက်မှုပုံသဏ္ဍာန် မျိုးစုံဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည်။ နိုင်ငံခြား ကုန်သွယ်မှုအပိုင်းတွင် ပို့ကုန် အခွန်ကောက်ခံခြင်း၊ သွင်းကုန် အမျိုးအစားများ ကန့်သတ်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။ စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ရန် ပါမစ် လျှောက်ထားရာတွင်လည်း အချို့သော

---

၃။ Martin Smith နှင့် မြန်မာစကောလာအချို့၏ လေ့လာချက်အရ ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းကာလများတွင် အစိုးရအနေနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကဲ့သို့ ဖင့်နွှေးခြင်းနှင့် စမ်းတဝါးဝါး ဖြစ်စေသည့် နောက်ထပ် အတားအဆီး နံရံတစ်ခုကို ဝင်တိုးလျက် ယခင် အမှားမျိုး ဖြစ်သော စီးပွားရေး ပြောင်းလဲမှုကို ကျားကန်စေမည့် နိုင်ငံရေးစနစ် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ကာ ယင်းမှတစ်ဖန် ကျယ်ပြန့်လှသည့် အပြောင်းအလဲ မြင်ကွင်းတစ်ခုကို အမြစ်တွယ်စေရန် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ကုမ္ပဏီများ ဖြစ်သည့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း (MEC) နှင့် မြန်မာစီးပွားရေးဦးပိုင်လီမိတက် (UMEHL) တို့သည် အခြားသော ကုမ္ပဏီများထက် အခွင့်အရေး ပိုမို ရရှိခဲ့သည်။[၄] အစိုးရအနေနှင့် ကတိကဝတ်ပြုခဲ့သည့် ဈေးကွက်စီးပွားရေးစနစ်သို့ လျှောက်လှမ်းရာတွင် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်သည့် တစ်ပြေးညီ ယှဉ်ပြိုင်နိုင်ခွင့် (Level Playing Field) ဆိုသည်မှာ စဉ်းစားစရာတစ်ခု ဖြစ်လာခဲ့သည်။[၅]

ထို့ပြင် ပုဂ္ဂလိကပိုင် ပြုလုပ်ရေး အစီအစဉ်သည်လည်း နှေးကွေးလာကာ ရပ်တန့်လုနီးပါး ဖြစ်သွားခဲ့ပြီး တစ်ဖက်တွင်လည်း အမှတ် (၁) စက်မှုဝန်ကြီးဌာန အနေဖြင့် တစ်နိုင်ငံလုံးတွင် စက်ရုံသစ် ပရောဂျက်ပေါင်း ၇၀ ကျော် ထပ်မံဆောင်ရွက်ခဲ့သည်။ အတိတ်က ဆိုးရွားလှသော အတွေ့အကြုံများ တွေ့ရှိခဲ့ပြီးသော်ငြားလည်း အဘယ်ကြောင့် စစ်အုပ်ချုပ်ရေးစနစ်အောက်တွင် နိုင်ငံတော်က ဦးစီးသည့် စက်မှုခေတ်ကို ချီတက်လိုသည် ဆိုသည်မှာ လက်တစ်ဆုပ်စာသောသူတို့သာ သိရှိကောင်း သိရှိနိုင်မည့်ကိစ္စ ဖြစ်ပေသည်။ ဤအဖြစ်အပျက်ကို မည်သို့မျှ နားမလည်နိုင်ပါ။

---

၄။ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက် (UMEHL) ကို ၁၉၉၀ ပြည့်နှစ်တွင် စာရင်းအရ ထည့်ဝင်ငွေ ကျပ်သန်း ၁၀၀၀၀ (တရားဝင် ငွေလဲလှယ်နှုန်းဖြင့် ဒေါ်လာသန်း ၁၆၀၀) ဖြင့် တည်ထောင်ခဲ့သည်။ စစ်တပ်အနေဖြင့် မြန်မာနိုင်ငံ၏ အမည်ခံ ဈေးကွက်စီးပွားရေးစနစ်တွင် အဓိက ပါဝင်ပတ်သက်သူ (လက်ဝါးကြီးအုပ်သူ) အဖြစ် ပါဝင်ခဲ့ပုံကို ဗိုလ်မှူးကြီးသိန်းဆွေ၏ "Productive Establishment" ready for times of "peace of war" in the post cold war era (1997, p. 158) တွင် ဖော်ပြခဲ့သည်။

၅။ မြန်မာနိုင်ငံ၏ ၁၉၉၀ နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲမှု ဖြစ်စဉ်တွင် လူနည်းစု၏ အခွင့်ထူး ရယူမှုများနှင့် လာဘ်ပေးလာဘ်ယူမှုများဖြင့် ပြည့်နှက်လျက်ရှိကြောင်း အများက ရှုမြင်ခဲ့သည်။ ဤနေရာတွင် အိမ်နီးချင်းနိုင်ငံများနှင့် တစ်စထက်တစ်စ ပိုမို၍တူညီလာကြောင်း တွေ့ရှိရသည်။ အရှေ့တောင်အာရှနိုင်ငံများသည် လူနည်းစု၏ အခွင့်ထူး ရယူမှုများက ကြီးစိုးနေကြောင်း Yoshida ၏ လေ့လာတွေ့ရှိချက်တွင် ရေးသားထားသည်။ အမှန်အားဖြင့် ထူးဆန်းသော အရင်းရှင်စနစ် အမည်သစ်များ ဖြစ်သည့် ခရိုနီအရင်းရှင်စနစ်၊ ဗျူရိုကရေစီ အရင်းရှင်စနစ် စသည်တို့ပင် ပေါ်ထွက်ခဲ့သည်။ ထို့ပြင် နိုင်ငံ့ခေါင်းဆောင်များနှင့် ၎င်းတို့၏ သားသမီးနှင့် ဆွေမျိုးများ၊ အုပ်စိုးသူတို့၏မိသားစုများကလည်း စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့သည်။ ၎င်းတို့သည် နိုင်ငံခြားမှ ယှဉ်ပြိုင်မှုများကို ကာကွယ်ရုံမျှမက အထူးအခွင့်အရေးများ၊ လိုင်စင်များ၊ လက်ဝါးကြီးအုပ်ခွင့်များနှင့် အစိုးရ၏ ထောက်ပံ့မှုများကိုပါ ရယူခဲ့သည်။ (Kunio 1988)

mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာနိုင်ငံ၏ နိုင်ငံရေး ဘောဂဗေဒ ဖြစ်စဉ် အကျဉ်းချုပ်အား ဇယား (၁-၁) ဖြင့် ဖော်ပြထားပါသည်။

ဇယား (၁-၁)
မြန်မာနိုင်ငံ၏ နိုင်ငံရေး ဘောဂဗေဒ ဖြစ်စဉ်အကျဉ်းချုပ်

| ကာလ | နိုင်ငံရေးစနစ် | စီးပွားရေးစနစ် |
|---|---|---|
| ၁။ ၁၉၄၈-၁၉၆၂ | ပါလီမန် ဒီမိုကရေစီ (AFPFL) | အမျိုးသားရေးစိတ်ဓာတ်၊ ဆိုရှယ်လစ်စနစ်နှင့် ဈေးကွက်စနစ် ရောပြွမ်းနေသည့်စနစ် |
| (၁၉၅၈-၁၉၆၀) | အိမ်စောင့်စစ်အစိုးရ | -၎င်း- |
| ၂။ ၁၉၆၂ ခု မတ်လမှ ၁၉၈၈ | ဆိုရှယ်လစ်၊ စစ်အစိုးရ | ပြည်သူပိုင် ပြုလုပ်ခြင်း၊ မြန်မာ့နည်း မြန်မာ့ဟန်စနစ် |
| (၁၉၆၂-၁၉၇၄) | တော်လှန်ရေးကောင်စီ | အမိန့်ပေး စီးပွားရေး၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ် |
| (၁၉၇၄-၁၉၈၈) | တစ်ပါတီစနစ် စစ်အုပ်စိုးမှုအောက်မှ မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စနစ် | -၎င်း- ပြည်ပချေးငွေ၊ တရားဝင် ဖွံ့ဖြိုးမှု အကူအညီလက်ခံ၊ တစ်စိတ်တစ်ပိုင်း ပြုပြင်ပြောင်းလဲ |
| ၃။ ၁၉၈၈ စက်တင်ဘာမှ ယခုအထိ | စစ်အုပ်ချုပ်ရေး (SLORC/SPDC) | ၁၉၉၀ ပြည့်နှစ်များမှ စ၍ ဈေးကွက်အခြေခံ စီးပွားရေးစနစ်သို့ ပြောင်းလဲ |

Source: Based on Mya Than and Tan (1990).

## (ဂ) ပထာမ

အချိန်ကာလ ပြောင်းလဲမှုအလိုက် နိုင်ငံရေး ဘောဂဗေဒ ပုံစံအမျိုးမျိုး ဖြစ်ပေါ်နေခဲ့သော်လည်း မှတ်သားစရာကောင်းလှသည့် တူညီမှုများလည်း ရှိခဲ့ပေသည်။ ဥပမာအားဖြင့် ပါလီမန် ဒီမိုကရေစီခေတ်တွင် ပါလီမန် အစည်းအဝေးကို တစ်နှစ်လုံးတွင် နှစ်လသာ ပြုလုပ်၍ ကျန်ကာလများတွင် ဝန်ကြီးချုပ်က ၎င်း၏ အာဏာဖြင့် စီမံ ခန့်ခွဲခဲ့သည်။ အရပ်သား အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်သည်

mgyoe.com

mgyoe.com SAMPLE BOOK

အာဏာရှင်ဆန်ဆန် အုပ်ချုပ်သကဲ့သို့ပင် တော်လှန်ရေးကောင်စီ ခေါင်းဆောင်သည်လည်း အာဏာရှင်ဆန်ဆန် အုပ်ချုပ်ခဲ့သည်။ တစ်ဖန် အရပ်သားအစိုးရ၏ စီးပွားရေး မူဝါဒသည် ကိုလိုနီစနစ် ဖွံ့ဖြိုးမှုစနစ်၏ ရိုက်ခတ်မှုများ ဖြစ်သည်ဟု မှတ်ယူခဲ့ပါလျှင် စစ်အစိုးရ ဆက်ခံခဲ့သော ပုံစံသည် အထက်ပါ နည်းလမ်းထက် ပို၍ ပြင်းထန်သည် သို့မဟုတ် လုံးဝ သွေဖည်သွားသည်ဟု ကောက်ချက်ချနိုင်ပါသည်။ လက်ရှိ SLORC/SPDC အစိုးရသည်လည်း ဦးနု အရပ်သားအစိုးရအဖွဲ့ ပြုလုပ်ခဲ့သည့်စနစ်များကို ပုံနှိပ်ကာ နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိက ကဏ္ဍသို့ လုပ်ပိုင်ခွင့်များ အတိုင်းအတာတစ်ရပ်အထိ ပွင့်လင်းစွာ ပေးအပ်ခဲ့သည်။ သို့သော် ဤတူညီမှုမှာ ကြာရှည်မခံလိုက်ပါ။ လက်ရှိ စစ်အုပ်ချုပ်ရေးစနစ်၏ စီးပွားရေးစနစ်မှာလည်း ယခင် အုပ်ချုပ်သွားသူတို့၏ လမ်းစဉ်အတိုင်းပင် ထိန်းချုပ်မှု များပြားသည့် အမိန့်ပေးစီးပွားရေးစနစ်ပင် ပြန်လည်ဖြစ်ပေါ်ခဲ့သည်။

နိုင်ငံရေး ဘောဂဗေဒတွင် ကွဲပြားခြားနားမှုက အရေးကြီးပါသည်။ သို့ရာတွင် အဆိုပါ ခြားနားချက်များက စီးပွားရေး စွမ်းဆောင်ရည်ကို မည်သို့ အကျိုးသက်ရောက်စေသည်ကို သုံးသပ်ရာတွင် သတိကြီးစွာ ထားရန် လိုအပ်သည်။ ဥပမာ - အပေါ်ယံကြည့်လျှင် တောင်ကိုရီးယားနိုင်ငံ၌ သမ္မတပတ်ချုံဟီး ၁၉၆၁ ခုနှစ်တွင် စစ်ဘက်အာဏာ သိမ်းယူပြီးနောက် အခြားသော ကမ္ဘာ့နိုင်ငံများ နည်းတူ အာဏာရှင်စနစ်အဖြစ် ရပ်တည်ခဲ့ပေသည်။ သို့ရာတွင် အခြားနိုင်ငံများ စစ်အာဏာရှင်စနစ်ဆန်ဆန်အောက်တွင် စီးပွားရေး တိုးတက်မှု တုံ့ဆိုင်းနေသော်လည်း ကိုရီးယားနိုင်ငံသည် အောင်မြင်မှုအဆင့်တစ်ဆင့်သို့ ခုန်တက်ခဲ့ကာ ရေရှည် တည်တံ့သော စီးပွားရေးစနစ်ကို တည်ဆောက်နိုင်ခဲ့ပေသည်။

ထို့အတူပင် အင်ဒိုနီးရှားနိုင်ငံတွင် သမ္မတ ဆူဟာတိုလက်ထက်တွင် သိသာထင်ရှားသော စီးပွားရေး အောင်မြင်မှုများကို ရရှိခဲ့လေသည်။ တစ်ဖန် ဒီမိုကရေစီနည်းဖြင့် ရွေးချယ် တင်မြှောက်ထားသည်ဟု အများက ထင်မြင် ယူဆထားသော စင်ကာပူ ဝန်ကြီးချုပ် လီကွမ်ယူသည်လည်း အာဏာရှင်တစ်ဦး သို့မဟုတ် အမိန့်ဖြင့် အုပ်ချုပ်သူ ပုံစံမျိုး ဖြစ်သော်လည်း စင်ကာပူနိုင်ငံသည် အောင်မြင်မှုပေါင်း များစွာဖြင့် သိသာထင်ရှား ကျော်ကြားခဲ့ပေသည်။

တစ်ချိန်တည်းမှာပင် စင်ကာပူ၊ မလေးရှား အစရှိသော တစ်ဝက်တစ်ပျက် ဒီမိုကရေစီစနစ် ကျင့်သုံးသော နိုင်ငံတို့သည် ဒီမိုကရေစီစနစ် ပိုမိုကျင့်သုံးသော အင်ဒိုနီးရှား (ဆူဟာတိုနောက်ပိုင်း)၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့ထက် စီးပွားရေး


mgyoe.com

mgyoe.com SAMPLE BOOK

အရ သာလွန်ကြောင်း မှတ်သားသင့်သည်။ ထို့ပြင် အဆိုပါ ဒီမိုကရေစီ မကျ တကျ နိုင်ငံတို့သည် ဒီမိုကရေစီ မကျင့်သုံးသော နိုင်ငံများ သို့မဟုတ် အာဏာရှင် စနစ် ကျင့်သုံးသော နိုင်ငံများ ဖြစ်သည့် မြန်မာ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများ ထက် သိသိသာသာ တိုးတက် အောင်မြင်ကြောင်း တွေ့မြင်ရသည်။ ဤသည်မှာ ခေါင်းဆောင်မှု အရည်အချင်းကြောင့်ပေလော သို့မဟုတ် အခြားငွေ်အားတစ်မျိုး က နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး စွမ်းဆောင်ရည်နှင့် နိုင်ငံရေး ဖွဲ့စည်းမှု ပုံစံကို ကွဲပြားသွားအောင်၊ တူသယောင်ယောင် ဖြစ်အောင် လုပ်နိုင်ခြင်းပေလော။

အဘယ်ကြောင့် အချို့သော အာဏာရှင်အစိုးရများက အောင်မြင်မှု ရ၍ အချို့သော အစိုးရများက မရရှိခြင်း၏ ဖြစ်နိုင်ခြေ ရှိသော အဖြေမှာ နောက်ပိုင်း တွင် လူမှုရေး စည်းလုံးညီညွတ်မှုများကို မဆောင်ရွက်နိုင်ခြင်းနှင့် စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမှန်တကယ် လိုအပ်သည့် နိုင်ငံရေး တည်ငြိမ်မှုများ ရရှိအောင် မဆောင်ရွက်နိုင်ခြင်းပင် ဖြစ်သည်။ အဆိုပါ စနစ် တစ်ရပ်သည် ပြည်တွင်းသဘာထား ကွဲလွဲမှုများနှင့် နိုင်ငံရေးအရ လုံခြုံမှု မရှိခြင်း စသည်တို့ကို မဖြေရှင်းနိုင်သည့်အခါတိုင်းတွင် ဖိနှိပ်ချုပ်ချယ်မှုများ ပိုမိုဆောင် ရွက်လာပြီး အဆုံးတွင် ရေတို ကုစားသည့်အနေဖြင့် တစ်ဝက်တစ်ပျက် မူဝါဒ ရေးရာ ပြောင်းလဲမှုများကို မတတ်သာဘဲ ဆောင်ရွက်လေ့ရှိပါသည်။ စီးပွားရေး အခက်အခဲများနှင့် အနာဂတ် စီးပွားရေး မသေချာမှုများကြောင့် ပြည်တွင်း နိုင်ငံရေး အခြေအနေများ မတည်ငြိမ်မှု ဖြစ်စေပြီး နောက်ဆုံးတွင် အုပ်ချုပ်သူတို့ အနေနှင့် စည်းမျဉ်းဥပဒေများမှ ဖဲကြဉ်သွားသည့်ဘဝကို ရောက်ရှိသွားပါသည်။

ဤသို့ အုပ်ချုပ်သူတို့ စည်းမျဉ်းသွေဖည်သွားမှုကြောင့် နိုင်ငံ၏ စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေပြီး တိုးတက်မှုအတွက် လိုအပ် သည့် တရားဥပဒေ စိုးမိုးမှု၊ ပြည်သူ့ဆန္ဒများကို အလေးထားမှုနှင့် လူမှုရေး သဟဇာတဖြစ်မှု စသည်တို့ ပျက်သုဉ်းသွားစေပါသည်။ အဆိုပါ အနေအထားမျိုး သည် 'ဆိုးသွမ်းသံသရာ'တစ်ရပ်ကို ဖြစ်ပေါ်စေသည် ဆိုသည်မှာ ထင်ရှားလှပြီး အချို့သော ပညာရှင်များက မူဝါဒရေးရာ ယိုယွင်း ပျက်စီးမှု၊ စီးပွားရေး အကျပ် အတည်းနှင့် မူဝါဒရေးရာ ပြင်ဆင်ဖွဲ့စည်းမှု၊ နာလန်ထူလာမှု၊ ဒုံရင်းအခြေအနေ သို့ ပြန်ရောက်မှု စသည်တို့ ဖြစ်နိုင်သည်ဟု ဆိုပါသည်။ (Haggard and Webb 1993)

ကွဲပြားသောအချက် တစ်ရပ်မှာ စီးပွားရေးအရ အောင်မြင်နေသော အာဏာရှင်စနစ်များ အောက်တွင်မူ ဤသို့သော ဆိုးသွမ်းသံသရာများကို


mgyoe.com

mgyoe.com
SAMPLE BOOK

အလွယ်တကူပင် ကျော်လွှားနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် မြင့်မားသည့် ဖွံ့ဖြိုးတိုးတက်မှုကို ဆယ်စုနှစ် တစ်ခု၊ နှစ်ခု ကြာအောင် ထိန်းသိမ်းထားနိုင်စွမ်း ရှိပြီး သူတို့၏ အောင်မြင်မှုသည် အနည်းနှင့်အများ ဆိုသလို နိုင်ငံသူ နိုင်ငံသားတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရရှိခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် အဆိုပါ စနစ်များသည် အကြွင်းမဲ့ လူမှုရေး တာဝန်ကျေပွန်မှုများအပေါ် အခြေခံကာ ပြည်သူတို့၏ ယုံကြည်ထောက်ခံမှုကို ရရှိပြီး ချမ်းသာကြွယ်ဝမှုနှင့် တည်ငြိမ်စွာ တိုးတက်မှုများကို ဖြစ်ပေါ်စေသည့်အတွက် အုပ်ချုပ်သူများအဖို့ နိုင်ငံရေးအရ တရားဝင် တည်တံ့ခြင်းကို ရရှိစေပါသည်။ အစောပိုင်းက တင်ပြခဲ့သော ဖြစ်ရပ်နှင့် မတူဘဲ ဤအခြေအနေမှာ ကောင်းမြတ်သော သံသရာ တစ်ရပ်ပင် ဖြစ်စေသည်။

ဥပမာအားဖြင့် ကိုရီးယားကိစ္စ၌ အများပြည်သူသဘောဆန္ဒကို လေ့လာကြည့်ရာတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အဓိက လိုလားကြောင်း၊ ၎င်းသည် ပြည်သူနှင့် နိုင်ငံရေးအုပ်စုတို့အကြား ချည်နှောင်ထားသည့် ကြိုးတစ်ချောင်းပင် ဖြစ်ကြောင်း သိရသည်။ ၁၉၆၁ ခုနှစ်တွင် သမ္မတ ပတ်ချုံဟီးက နိုင်ငံတော်အာဏာကို စစ်အာဏာသိမ်းခြင်းဖြင့် ရယူခဲ့စဉ် ၎င်း ကျင့်သုံးသော စနစ်မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုသည်ကို တန်ဖိုးအထားဆုံး အဆင့်တစ်ခုတွင် ထားရှိခဲ့သည်ဟု ပြောစမှတ် ရှိခဲ့သည်။ သို့ရာတွင် ထောက်ပြစရာ ရှိသည်မှာ အဆိုပါ ကြီးမားလှစွာသော စီးပွားရေး စွမ်းဆောင်မှုကြီးကို ၎င်းတို့ မည်ကဲ့သို့ ရရှိခဲ့ကြပါသနည်း ဆိုသည့် မေးခွန်းပင်။

သာမန်စီးပွားရေးအမြင်ဖြင့် ကြည့်ပါက မှန်ကန်သော မဟာဗျူဟာ ချမှတ်တတ်မှုသည် အရေးကြီးဆုံး ဖြစ်သည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ လန်ဒန် စီးပွားရေးတက္ကသိုလ်မှ မြန်မာ့စီးပွားရေးပညာရှင် ပါမောက္ခ ဦးလှမြင့်သည် ၁၉၆၀ ပြည့်နှစ် အလယ်ပိုင်းကာလများ၌ အာရှဒေသတွင်း စီးပွားရေးတိုးတက်မှု မြင့်မားသည့် နိုင်ငံများနှင့် နိမ့်ကျသည့် နိုင်ငံများအကြား ထွန်းတောက်လာမည့် နိုင်ငံများ၏ အလားအလာကို အစောဆုံး အာရုံစူးစိုက် လေ့လာခဲ့သည်။ (Hla Myint 1965)

အထူးသဖြင့် ပါမောက္ခ ဦးလှမြင့်သည် စွမ်းဆောင်ရည် မြင့်မားသော အရှေ့တောင်အာရှနိုင်ငံများကို အထူးအာရုံထား လေ့လာခဲ့ပြီး စွမ်းဆောင်ရည် မြင့်မားသော ပြင်ပသို့မျှော် စီးပွားရေးနိုင်ငံများ ဖြစ်သည့် ထိုင်းနှင့် မလေးရှားနိုင်ငံများ

mgyoe.com

mgyoe.com
SAMPLE BOOK

ကို လည်းကောင်း၊ စွမ်းဆောင်ရည် နိမ့်ကျသော အတွင်းကြည့် စီးပွားရေးနိုင်ငံများ ဖြစ်သည့် မြန်မာနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကို လည်းကောင်း နှိုင်းယှဉ်လေ့လာခဲ့ပါသည်။

ယခုအခါ စီးပွားရေးအရ ထင်ထင်ရှားရှား အောင်မြင်တိုးတက်မှု ရရှိနေသည့် အာရှနိုင်ငံများနှင့် ၎င်းတို့၏ရှေ့ပြေး ဦးဆောင်ခဲ့သူများ၏ လမ်းစဉ်များအတိုင်း စက်မှုဖွံ့ဖြိုးစနိုင်ငံ (NIE) များက လိုက်ပါဆောင်ရွက်ကြသည်။ ၎င်းတို့သည် အရေးပါလှသည့် လက္ခဏာတစ်ရပ် ဖြစ်သော အပြင်ဘက်သို့ ကြည့်သော စီးပွားရေးစနစ်ကို ဆက်ခံ ဆောင်ရွက်ခဲ့သည်။ အချုပ်အားဖြင့် အောင်မြင်သော နိုင်ငံများသည် လွတ်လပ်သော ဈေးကွက်နှင့် လွတ်လပ်သော စီးပွားရေး မူဝါဒ စနစ်အပေါ် တည်မှီခဲ့ကြသည် ဆိုသည်မှာ သိသာထင်ရှားလှသည်။

မည်သည့်မဟာဗျူဟာမှ မရှိသော်လည်း မှန်ကန်မည် ဆိုလျှင် ယင်းလုပ်ရပ်သည် အချိန်မရွေး မှန်ကန်သည့်သဘော ရှိသည်။ ဥပမာ - ထိုအချိန်က အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးနှင့် စီးပွားရေးဝန်းကျင်များက ပေါ်ထွန်းစ စက်မှုနိုင်ငံ (NIE) များကို အကျိုးရလဒ်ကောင်းများ ရရှိအောင် ဖန်တီးပေးခဲ့ပေသည်။ John Wong ၏ လေ့လာတွေ့ရှိချက်အရ NIE များသည် စစ်အေးတိုက်ပွဲကာလတွင် အခွင့်အလမ်းကောင်းများကို ရယူနိုင်ခဲ့သည်။ ဟောင်ကောင်နှင့် စင်ကာပူနိုင်ငံတို့သည် အမေရိကန်၏ ကာကွယ်မှု အရိပ်တွင် ခိုလှုံကာ မိမိတို့ အရင်းအမြစ်များကို ကာကွယ်ရေးစရိတ်တွင် အနည်းငယ်သာ သို့မဟုတ် လုံးဝမသုံးစွဲဘဲ နိုင်ငံစီးပွားရေး တိုးတက် အောင်မြင်စေရန် ဆောင်ရွက်နိုင်ခဲ့သည်။ တောင်ကိုရီးယားနှင့် တိုင်ဝမ်တို့သည် အမေရိကန်၏ ရက်ရောသည့် ကူညီ ထောက်ပံ့မှုများကို ရရှိသော နိုင်ငံများ ဖြစ်ပြီး ယင်းအကူအညီကို ၎င်းတို့၏စက်မှုနိုင်ငံ တည်ထောင်ရေး ကနဦးကာလများတွင် စွမ်းအားစု ကွာဟသည့် နေရာများ၌ အသုံးပြုခဲ့ကြသည်။ (John Wong 1994)

ယင်းကာလသည် NIE များ၏ စီးပွားရေး ထောင်တက်ရန် ပြည့်စုံနေသော အချိန်ကောင်းတစ်ရပ်ပင် ဖြစ်သည်။ ၎င်းတို့သည် ၁၉၆၀ နှင့် ၁၉၇၀ ပြည့်နှစ်များအကြားတွင် နိုင်ငံခြားပို့ကုန်များ အဆမတန် မြင့်တက်ခဲ့ပြီး ယင်းက ပို့ကုန်ဦးစားပေးသော၊ ရင်းနှီးငွေနှင့် နည်းပညာများ လွတ်လပ်စွာ စီးဆင်းနိုင်သော၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် လွယ်လင့်တကူ ချိတ်ဆက်နိုင်သော စနစ်တစ်ရပ် ဖြစ်စေရန် များစွာ အထောက်အကူ ဖြစ်စေခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

အထက်ဖော်ပြပါ အချက်များအပြင် စီးပွားရေးအရ အောင်မြင်မှု ရရှိနေသော အာရှနိုင်ငံများသည် လွန်ခဲ့သည့် အနှစ် ၄၀ ကျော်မှ စတင်ကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေသော ဖွံ့ဖြိုးတိုးတက်ရေး အခြေခံ ဘုံဝါဒကို ရှေ့တန်းတင်ခဲ့ကြပါသည်။ ၎င်းတို့မှာ -

- နိုင်ငံရေးအရ ဖွံ့ဖြိုး တိုးတက်ရန် အာမခံချက်ပေးခြင်း (၎င်းသည် နိုင်ငံရေးထက် စီးပွားရေးက ပိုမိုရှေ့တန်းရောက်မှုကို ပြသသည်)၊
- လူတစ်ဦးချင်းစီမှ အစွမ်းအစများ ရရှိစေသည့် ကောင်းမွန်သော စီမံခန့်ခွဲမှု၊ ကောင်းမွန်သော ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှုများတွင် အမြော်အမြင်ရှိမှု၊ ကောင်းမွန်သည့် အခြေခံကောင်းများ တည်ဆောက်မှု (ပိုင်ဆိုင်မှု ကာကွယ်သည့် ဥပဒေမူဘောင်များ၊ စာချုပ်များ၏ အာဏာသက်ရောက်ခြင်း)၊
- ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ နည်းပညာနှင့် စီမံခန့်ခွဲမှုသင်တန်းများ အစရှိသည့် ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုရေး အခြေခံ အဆောက်အအုံများတွင် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံခြင်း၊
- မူဝါဒများ တစ်သမတ်တည်းရှိရေး (လုပ်ငန်းများ၏ အမြတ်အစွန်းများကို မသေချာ မရေရာ ဖြစ်စေသော အခွန်မူဝါဒများ ရုတ်ချည်း ပြောင်းလဲခြင်းနှင့် ကြားဝင်မှုများ ပြုလုပ်ခြင်းများမှ လွတ်ကင်းစေခြင်း)၊
- လွတ်လပ်မှု အတန်အသင့် ရှိသော ဗဟိုဘဏ်စနစ် ဖြစ်ပေါ်စေကာ ငွေကြေးစနစ်အား ထိန်းကျောင်းခြင်း၊ ကျိုးကြောင်း ဆီလျော်သော ငွေကြေးမူဝါဒများ ချမှတ်နိုင်ခြင်း၊
- ကျွမ်းကျင်နိုင်နင်း၍ အကျင့်သီလ ကောင်းမွန်သော ခေါင်းဆောင် ရရှိရေး စသည်တို့ ဖြစ်သည်။

အထက်တွင် ပါဝင်သော အချက်များမှာ ရှင်းလင်းလှသည်။ ခိုင်မာသော စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ရှိရန်မှာ ဈေးကွက်တစ်ခုတည်းအပေါ်တွင် တည်မှီ၍ မရသလို အစိုးရတစ်ခုတည်းအပေါ်တွင်လည်း တည်မှီ၍ မရနိုင်ပါ။ ထိရောက်သော ဈေးကွက် ဆွဲဆောင်မှုများနှင့် လူမှုရေးရာ အစီအစဉ် နှစ်ရပ်စလုံးကို ချမှတ်ကာ ကျန်းမာရေး၊ ပညာရေး၊ အခြေခံ အဆောက်အအုံ အစရှိသည်တို့တွင် ဖြည့်စွမ်းပေးရန် လိုအပ်သည်။


mgyoe.com

mgyoe.com

SAMPLE BOOK

အံ့အားသင့်စရာ ဖြစ်စေသည့်အချက်မှာ 'အာရှ၏ အံ့ဖွယ်ဖြစ်ရပ်များ' နောက်ပိုင်း ကာလများတွင် စွမ်းဆောင်ရည် မြင့်မားသော အာရှစီးပွားရေးနိုင်ငံ (HPAEs) များအား ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာရေး အတွက် တောင်းဆိုမှုများ ပေါ်ပေါက်လာခဲ့သည်။[၆]

သို့ဖြစ်ရာ ဂလိုဘယ်လိုက်ဇေးရှင်း စနစ်နှင့်အညီ ဈေးကွက်များ၊ လူမှုရေး တန်ဖိုးများကို အရှိန်မြှင့်တင် ဆောင်ရွက်နေသည့် HPAE နိုင်ငံများအနေဖြင့် စီမံအုပ်ချုပ်မှု စနစ်ကို ပြုပြင် ပြောင်းလဲရန် လိုအပ်သည်ဟု ဆိုလိုပါသလား။ မည်သို့ပင် ဖြစ်စေ ယခု တင်ပြသည့် စီးပွားရေးစနစ် ပြုပြင် ပြောင်းလဲရေး အချက်များသည် အမှန်စင်စစ် လွန်စွာ ခက်ခဲရှုပ်ထွေးလှသည်။ ရှုပ်ထွေးလှသည့် လက်တစ်ဆုပ်စာမျှသော စီးပွားရေး အခြေခံအကြောင်းရင်းများကို ၎င်းတို့ကိုယ် တိုင်ပင်လျှင် ပြည့်စုံစွာ ရှင်းလင်းပြနိုင်မည် မဟုတ်ပေ။

မငြင်းနိုင်သော အချက်တစ်ရပ်မှာ အရင်းအနှီး ဖွဲ့စည်း ဖြစ်ပေါ်မှု၊ နည်း ပညာ တိုးတက်မှု စသည့် အချက်အချို့သည် ဖွံ့ဖြိုးရေးအတွက် အရေးအကြီးဆုံး သော အချက်များ ဖြစ်ပေသည်။ မည်သို့ပင် ဖြစ်စေ နိုင်ငံတစ်နိုင်ငံ၏ စွမ်း ဆောင်ရည်များကို တိုင်းတာရာတွင် အထက်ဖော်ပြပါ 'ဖွံ့ဖြိုးမှု အခြေခံအချက်' အားလုံးကို ခြုံငုံလေ့လာကာ လိုက်နာဆောင်ရွက်သည့် အချက်များ၊ ပျက်ကွက် သည့် အချက်များ စသည်တို့ကို လေ့လာသင့်ပေသည်။

---

၆။ စီမံအုပ်ချုပ်မှု (Governance) ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံကို စီမံခန့်ခွဲရာတွင် အာဏာကို ခွဲဝေသုံးစွဲသော စနစ်တစ်ရပ် ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ညီမျှစွာ တိုးတက်စေရေး တွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် ပို၍လက်ခံကျင့်သုံးလာသော စနစ်တစ်မျိုး ဖြစ်သည်။ စာတမ်းတစ်စောင်တွင် ခိုင်မာသော စီမံအုပ်ချုပ်မှုစနစ် ဖြစ်ပေါ်စေရေးအတွက် လိုက်နာကျင့်သုံးရမည့် အစိတ်အပိုင်း လေးရပ် ရှိကြောင်း ဖော်ပြထားသည်။

(က) တာဝန်ခံမှု (Accountability)။ အစိုးရအရာထမ်းများအနေဖြင့် ရလဒ်ကောင်းတစ်ခု ထွက်ပေါ်စေရန် တာဝန်ယူရန် လိုအပ်မှု။

(ခ) ပွင့်လင်းမြင်သာမှု (Transparency)။

(ဂ) ကြိုတင်ခန့်မှန်းနိုင်မှု (Predictability)။ တည်ငြိမ်မှု၊ ပွင့်လင်းမြင်သာမှုနှင့် ကစားပွဲ၏ စည်းမျဉ်း (Rules of Game) ကို အားလုံး နားလည်နိုင်အောင် ဆောင်ရွက်နိုင်မှု။

(ဃ) ပူးပေါင်း ပါဝင်ဆောင်ရွက်မှု (Participation)။ ပိုင်ဆိုင်သူနှင့် အကျိုးခံစားခွင့် ရှိသူတို့ အား သေချာမှု ရှိစေသော ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ဆောင်ရွက်မှု။

mgyoe.com

mgyoe.com
SAMPLE BOOK

ထို့ပြင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ရရှိရန် ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူး ကိုယ်ချွန်စိတ်ဖြင့် လူမှုရေးနှင့် နိုင်ငံရေးဝန်းကျင်တစ်ရပ်ကို ဖန်တီးမည် ဆိုပါက အာဏာရှင်စနစ်မှသည် ဒီမိုကရေစီစနစ်ကို အလွယ်တကူ ပြောင်းလဲ၍ ရနိုင် ပေသည်။ ကိုရီးယားနိုင်ငံကို ကြည့်ပါ။ အထူးတလည် ပြောစရာ မလိုတော့ပါ။ ထို့ကြောင့် စီးပွားရေး အခြေခံ အကြောင်းရင်းများအတွင်း၌သာမက စီးပွားရေး နှင့် စီးပွားရေး မဟုတ်သော အခြေခံများအကြားတွင် လည်းကောင်း၊ ပြင်ပ ကိန်းရှင်များနှင့် အတွင်းကိန်းရှင်များအကြားတွင် လည်းကောင်း အပြန်အလှန် ဆောင်ရွက်မှုနှင့် တုံ့ပြန်ချက်များကို သေချာစွာ စိစစ်ကြည့်ရှုကာ အတိတ်ကာလ ၏ ထင်ရှားသော ပုံရိပ်များကို ရှာဖွေရမည် ဖြစ်သည်။ ဝန်ခံရမည် ဆိုပါလျှင် မည်သူ တစ်ဦးမျှ ဤအချက်အလက်များ၏ အရည်အချင်းအပေါ် တိကျ ပြတ် သားသည့် အဖြေကို ဖော်ထုတ်ရန် ဆိုသည်မှာ မဖြစ်နိုင်ပါ။ သို့သော်လည်း ယင်းအချက်များကို လုံးဝ လျစ်လျူရှုထားခြင်း သို့မဟုတ် ခပ်ဖော့ဖော့ သဘော ထားခြင်းထက် သေချာပေါက် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ အဘယ် ကြောင့်ဆိုသော် မည်သူမျှ ဤအချက်များအပေါ် မတိကျနိုင်၍ ဖြစ်သည်။

နောက်ဆုံးအနေနှင့် မှတ်သားထားရမည့် အရေးကြီးဆုံး အချက်မှာ နိုင်ငံ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီသလို နိုင်ငံတစ်နိုင်ငံချင်းစီတွင် တစ်မူထူးခြား သော အတွေ့အကြုံများ ရှိနေသည် ဆိုသည်ကို ထည့်သွင်း စဉ်းစားရမည် ဖြစ်သည်။ ဥပမာ ပြရမည် ဆိုလျှင် မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာ ရှည်ကြာ လှသည့် တိုင်းရင်းသားလူမျိုးများ ပြဿနာနှင့် ပြည်တွင်း သောင်းကျန်းသူ ပြဿနာများကို ထည့်သွင်း စဉ်းစားရမည် ဖြစ်ပေသည်။ ဤအချက်များသည် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေသော အချက်များ ဖြစ်သော်လည်း ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆင်ခြေပြမှုဟု မမှတ်ယူသင့်ပေ။

အလားတူ ဖြစ်ရပ်တစ်ခုကို ဥပမာ တင်ပြရလျှင် မလေးရှားနိုင်ငံသည် အထက်ပါ အခက်အခဲများကြားထဲမှ HPAE နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်နေခြင်း က ဖွံ့ဖြိုးမှုကို နှောင့်နှေးစေသည်ဟု အကြောင်းပြလျှင် ထိုင်းနိုင်ငံသည်လည်း ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်ပြီး အဘယ်ကြောင့် HPAE နိုင်ငံ ဖြစ်လာပါ သနည်း။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ ထူးခြားသော လက္ခဏာများကို အလွန် အမင်း ချဲ့ကား အသားပေးခြင်း မပြုမိရန် လိုအပ်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)
# ပါလီမန် ဒီမိုကရေစီခေတ် (၁၉၄၈-၁၉၆၂)

*စည်းမျဉ်းတစ်ရပ်အနေဖြင့် ဆိုရလျှင် နိုင်ငံတစ်နိုင်ငံ၏ ရည်မှန်းချက်များနှင့် အမွန်မြတ်ဆုံး တန်ဖိုးများမှာ ထိုနိုင်ငံ၏ သမိုင်းနှင့် ယဉ်ကျေးမှုတို့မှ ဆတိုး ထွက်ကုန်များပင် ဖြစ်၏။*

ဦးကြင်

(ယူကေနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး၊ ၁၉၅၆)

### (က) နိဒါန်း

ပညာရှင် အများစုက မြန်မာနိုင်ငံ၏ ကိုလိုနီဘဝ ကျရောက်ခဲ့သည့် ၁၈၂၆ ခုနှစ်မှ ၁၉၄၇ ခုနှစ်အတွင်း ထူးခြားသည့် သမိုင်းဖြစ်စဉ် နှစ်ရပ် ရှိခဲ့ပြီး စစ်ပြီးခေတ် မြန်မာများနှင့် အစိုးရတို့အတွက် နက်ရှိုင်းသော ခံစားမှုနှင့် ခါးသီးသော အတွေ့အကြုံများကို ရရှိစေခဲ့ကြောင်း မှတ်ချက်ပြုခဲ့သည်။

ရင်းတို့အထဲမှ တစ်ခုမှာ ကိုလိုနီခေတ်အတွင်း မူလလက်ငုတ် တောင်သူလယ်သမားများ၏ လယ်ယာမြေများ ဆုံးရှုံးသွားကာ ယင်းလယ်ယာမြေများသည် ဒေသခံ မဟုတ်သည့် တိုင်းတစ်ပါးသား အိန္ဒိယလူမျိုးများက ပိုင်ဆိုင်သွားခြင်းပင် ဖြစ်သည်။ ထိုအချိန်က အုပ်စိုးသော အစိုးရသည် ဤအခြေအနေကို မသိကျိုးကျွန် လုပ်ခဲ့ကြသောကြောင့် လယ်မဲ့ယာမဲ့များ ပိုမိုများပြားလာကာ ခက်ခဲလှသည့် အခြေအနေတစ်ရပ်ကို မလွှဲမရှောင်သာ ကြုံတွေ့ခဲ့ရသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာ၏ ထက်ဝက်ကျော်မှာ အဝေးရောက် မြေရှင်များ လက်သို့



mgyoe.com

mgyoe.com SAMPLE BOOK

ကျရောက်ခဲ့သည်။ ထို့ပြင် အုပ်ချုပ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ စက်မှုလုပ်ငန်းများတွင် လူတန်းစားအလွှာ ခွဲခြားမှုများ ပေါ်ပေါက်လာကာ ဥရောပသားများက အပေါ်ဆုံးအလွှာ၊ အိန္ဒိယနှင့် တရုတ်တို့က အလယ်တန်း အလွှာနှင့် မြန်မာတို့က အနိမ့်ဆုံး အလွှာတွင်သာ နေရာ ရရှိကာ ကိုလိုနီခေတ် ကာလ၏ စက်ဆုပ်ဖွယ်ရာ အသွင်အပြင်များကိုသာ ပိုင်ဆိုင် ရရှိခဲ့ရသည်။

အခြားဆောင်ရွက်ခဲ့သည့် လုပ်ငန်းတစ်ခုမှာ ရရှိခဲ့သော အတွေ့အကြုံများကို အခြေခံ၍ နိုင်ငံကို နိုင်ငံခြား ကုန်သွယ်မှုလုပ်ငန်း ဖွင့်ပေးလိုက်ခြင်း ဖြစ်သည်။ လက်ဝါးကြီးအုပ်စနစ် အနည်းငယ်မှ လွဲ၍ လွတ်လပ်သော ကုန်သွယ်မှု (free trade) စနစ်ကို အင်္ဂလန်တွင် ကျင့်သုံးသည့် မူအတိုင်း ကျင့်သုံးခဲ့ကာ ဝယ်လိုအား၊ ရောင်းလိုအား အပြည့်အဝ ရှိသော ဈေးကွက်ကို ဖြစ်ပေါ်စေခဲ့သည်။

Mali ၏ မှတ်ချက်အရ ပြောရလျှင် အင်္ဂလို ဆက်ဆွန် (Anglo-Saxon) လစ်ဘရယ်ဝါဒ၏ အခြေခံမူ နှစ်ရပ် ဖြစ်သည့် အစိုးရက ဝင်ရောက်စွက်ဖက်မှု နည်းပါးသည့် စီးပွားရေးစနစ် (Laissez-faire) နှင့် ယှဉ်ပြိုင်မှု အပြည့်အဝ ဖော်ဆောင်ခွင့်ပြုသည့် စနစ်တို့သည် မြန်မာနိုင်ငံတွင် ဗြိတိသျှ အစိုးရ ကျင့်သုံးခဲ့သည့် စီးပွားရေး မူဝါဒ ဖြစ်သည်။ (Mali 1962, p. 13)

သို့အတွက်ကြောင့် ကိုလိုနီခေတ်ပြီးကာလ မြန်မာနိုင်ငံ၏ စီးပွားရေးစနစ်မှာ တစ်ဖက်စောင်းနင်း ဖြစ်ခဲ့ရပြီး ပြည်ပပို့ကုန်စီးပွားရေးမှာ ထုတ်လုပ်မှုအပေါ်သာ များစွာ တည်မှီခဲ့၍ ယင်းထုတ်ကုန်မှာလည်း စပါးသီးနှံ တစ်ခုတည်းသာ ဖြစ်ခဲ့သည်။ အဆိုပါ ဖွံ့ဖြိုးမှု ရလဒ်က နိုင်ငံခြားသားများနှင့် ၎င်းတို့၏ ကုမ္ပဏီများအတွက် ကြီးစွာသော အကျိုးကျေးဇူး ရရှိစေခဲ့သော်လည်း မြန်မာ စပါးစိုက်တောင်သူများမှာ ချောင်ထိုးခံရသည့်အခြေသို့ ဆိုက်ခဲ့ရကာ မြေယာမဲ့ စိုက်ပျိုးရေး လုပ်သားများဘဝသို့ ရောက်ရှိခဲ့သည်။ ခေတ်မီနည်းစနစ်များတွင်လည်း မြန်မာလယ်သမားများ၏ ပါဝင်ရပ်တည်ရမည့် အခန်းကဏ္ဍ ပျောက်ပျက်ရလေတော့သည်။

နောက်ဆုံးရလဒ်မှာ မြန်မာနိုင်ငံ၏ သယံဇာတ အရင်းအမြစ်များကို ကာလရှည်ကြာ ထုတ်ယူကာ ဖွံ့ဖြိုးတိုးတက်မှုများကို အလွန်အကျွံ ခံစားခဲ့ကြပြီးနောက် မြန်မာနိုင်ငံအနေနှင့် ရှေးရိုးစဉ်လာအတိုင်း ဖွံ့ဖြိုးမှု နိမ့်ကျသောနိုင်ငံ တစ်နိုင်ငံ


mgyoe.com

mgyoe.com SAMPLE BOOK

အဖြစ်သာ ကျန်ရစ်ခဲ့ကြောင်း Sundrum နှင့် Hlaing တို့၏ စာတမ်းပါ အချက်များကို Hill နှင့် Jayasuria တို့က ကောက်နုတ် ဖော်ပြခဲ့သည်။[၁]

လွတ်လပ်ရေး ရပြီးကာလတွင် ပေါ်ပေါက်ခဲ့သည့် အမျိုးသားရေး အယူဝါဒ၊ ယင်းနှင့်အတူ ယှဉ်တွဲပါလာသော နိုင်ငံရေး ဘောဂဗေဒကို လေ့လာခြင်းဖြင့် ကိုလိုနီခေတ် ကာလများ၏ နောက်ခံအကြောင်းရင်း အခြေခံကို နားလည်သဘောပေါက်နိုင်ပေသည်။ စစ် မတိုင်မီကာလ ဖွံ့ဖြိုးမှုပုံသဏ္ဌာန်ကို ပြုပြင်ပုံမှာ ပြည်သူပိုင် ပြုလုပ်ခြင်း၊ မြန်မာမှုပြုခြင်းနှင့် သွင်းကုန်အစားထိုး စက်မှုနိုင်ငံစနစ် ဆောင်ရွက်ခြင်းတို့အပြင် အများပြည်သူ ပိုင်ဆိုင်မှု အလေးပေးသော ဆိုရှယ်လစ်စနစ်ပုံသဏ္ဌာန် ဖြစ်သည်။ ပြည်ပ ကုန်သွယ်မှုတွင်လည်း အတော်အတန် မြင့်မားသော အခွန်အကောက်နှုန်းများဖြင့် ကိုလိုနီခေတ် လွတ်လပ်သော ကုန်သွယ်မှုစနစ် နေရာတွင် အစားထိုးလိုက်သည်။

သို့အတွက်ကြောင့် လွတ်လပ်ရေး ရပြီးနောက် ဖက်ဆစ် တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးပါတီအနေနှင့် ပထမဆုံး အရေးတကြီး ဆောင်ရွက်ခဲ့သောကိစ္စမှာ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေကို ၁၉၄၈ တွင် ပြဋ္ဌာန်း

---

၁။ နောက်ဆုံးတွင် Hill and Jayasuriya, Sundrun and Hlaing တို့က ကိုလိုနီကာလ၏ သမိုင်းဖြစ်စဉ်ကို ဤသို့ ကောက်နုတ် ဖော်ပြခဲ့သည်။

*'ခေတ်မီတိုးတက်သော ကမ္ဘာကြီးနှင့် ရာစုနှစ် တစ်ခုခွဲကြာ နီးနီးကပ်ကပ် ထိတွေ့ခဲ့သော်လည်း မြန်မာနိုင်ငံသည် ဝင်ငွေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ဖွဲ့စည်းမှု ပုံသဏ္ဌာန်များအရ ဖွံ့ဖြိုးမှု အနိမ့်ကျဆုံး နိုင်ငံ အဖြစ်သာ ကျန်ရစ်ခဲ့သည်။ သို့သော်လည်း နိုင်ငံအနေနှင့် သယံဇာတများ အသုံးပြုကာ ဖွံ့ဖြိုးစေရန် ကာလရှည် အပြင်းအထန် ဆောင်ရွက်ခဲ့သည်ကို ကြည့်၍ အထက်ပါ အယူအဆကို ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုခြင်း မရှိခဲ့ပါ။ ဆက်လက်၍ ဤဖြစ်ရပ်မှာ အခြေခံအားဖြင့် အပြည့်အဝ လက်ခံကြသည့် လွတ်လပ်သည့် ကုန်သွယ်မှု ပုံသဏ္ဌာန်ကို ကျင့်သုံးခြင်းကြောင့် ဖြစ်သည်။'* (Sundrun and Hlaing)

Stephen S. Resnick က ကျေးလက်စက်မှုလုပ်ငန်းများ ပျက်ယွင်းခဲ့သည့် အကြောင်းရင်းကို အသေးစိတ် သုတေသနပြုလုပ်ထားချက်အား ပေးအပ်ခဲ့သည်။ အတွေ့အကြုံအပေါ် အခြေခံ၍ ကောက်ချက်ချရလျှင် ပို့ကုန်အခြေခံ မူဝါဒမှာ မဆိုးကြောင်း တွေ့ရသည်။ သို့သော်လည်း Ronald Findlay ၏ ထောက်ပြချက်အရ ပြင်ပဈေးကွက် ဦးစားပေးစနစ်ကျင့်သုံးသော နိုင်ငံများ၏ အောင်မြင်မှုသည် ပို့ကုန်သက်သက် ဆောင်ရွက်ရုံဖြင့် တိုးတက်မှု ရရှိခြင်း မဟုတ်ဟု ဆိုခဲ့သည်။ ယင်းသို့ အောင်မြင်မှု ရရှိစေရေးအတွက် အရင်းအနှီး ဖွဲ့စည်းမှု ပုံသဏ္ဌာန်များ၊ နည်းပညာ တိုးတက်မှုများကသာ နိုင်ငံတစ်နိုင်ငံ အရှိန်နှင့် ပြောင်းလဲရေးအတွက် အရေးပါသည့် အချက်များ ဖြစ်သည်။ (Finlay 1985)


mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့ကာ စိုက်ပျိုးနိုင်သော မြေအားလုံးကို နိုင်ငံပိုင် သိမ်းခဲ့ပြီး လယ်ယာမဲ့ ပြည်သူများကို တစ်ဦးလျှင် အများဆုံး ၁၀ ဧကစီ ဝေငှပေးခဲ့သည်။ ထို့ပြင် အစိုးရသည် ယခင်က နိုင်ငံခြားသားများသာ လက်ဝါးကြီးအုပ်ထားသော ဆန်စပါးကုန်သွယ်မှု လုပ်ငန်းများကို ပြည်သူပိုင် သိမ်းယူခဲ့သည်။ ထို့နောက် နိုင်ငံခြားသားများ ပိုင်ဆိုင်သည့် သစ်လုပ်ငန်းကို ပြည်သူပိုင် သိမ်းခဲ့သည်။ ဆက်လက်၍ နိုင်ငံခြားသားပိုင် ဧရာဝတီ ဖလော်တီလာ ကုမ္ပဏီကိုလည်း ပြည်သူပိုင် သိမ်းခဲ့သည်။ ထို့ပြင် ဘားမားကော်ပိုရေးရှင်းနှင့် ဘီအိုစီ (Burma Oil Corporation) တို့ကို ဖက်စပ်ကော်ပိုရေးရှင်းများအဖြစ် ပြန်လည် ဖွဲ့စည်းခဲ့သည်။

တစ်ချိန်တည်းမှာပင် အစိုးရအနေနှင့် အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးစေရေးအတွက် နိုင်ငံပိုင်ပုံစံဖြင့် ဆောင်ရွက်ရန် လျာထားခဲ့သည်။ အစိုးရသည် စက်မှုနိုင်ငံ ထူထောင်ရေးနှင့် ရေရှည်ဖွံ့ဖြိုး တိုးတက်မှုတွင် နိုင်ငံတော်၏ အခန်းကဏ္ဍကို အဓိက အားပြုရေးတို့ကို အလေးပေး ဆောင်ရွက်ခဲ့သည်။ အများစုက မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရန်အတွက် အစိုးရ၏ ပါဝင်ပတ်သက်မှုကို သဘောတူညီကြပြီး ဤသည်မှာ ခေါင်းဆောင်ငယ်များ၏ ဆိုရှယ်လစ်စနစ်အပေါ် ခိုင်မာစွာ သက်ဝင်ယုံကြည်မှုကြောင့် ဖြစ်သည်ဟု မှတ်ယူကြသည်။ ဤနေရာတွင် မြန်မာတစ်နိုင်ငံတည်း မဟုတ်ပါ။ အိန္ဒိယ၊ သီရိလင်္ကာနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည်လည်း ဆိုရှယ်လစ်စနစ်၏ ကိုယ်ပိုင် အမှတ်သင်္ကေတများ ရှိခဲ့ပေသည်။

Myrdal ၏ လေ့လာတွေ့ရှိချက်အရ အတော်အတန် ကြီးမားသည့် ပုဂ္ဂလိက နိုင်ငံသား စွန့်ဦးတီထွင် လုပ်ငန်းရှင်များ မရှိသည့်အတွက် ဆိုရှယ်လစ်စနစ်ဆိုသည်မှာ ပြည်သူပိုင် သိမ်းခြင်း ဆိုသည့် အဓိပ္ပာယ် ဖြစ်သွားပြီး ယင်းသည်ပင် ရွေးချယ်စရာ မူဝါဒတစ်ခု ဖြစ်သွားလေသည်။[၂] (Myrdal 1968, p. 833)

---

၂။ ယနေ့ခေတ် ဂလိုဘယ်လိုက်ဇေးရှင်းနှင့် စီးပွားရေးလောကအထူးပြုမှုတို့၏ ရှေ့ဆောင်လမ်းပြဖြစ်သည့် ဗြိတိသျှအင်ပါယာက နိုင်ငံတစ်ခုချင်းစီ၏ အထူးပြုမှုကို ဖော်ထုတ်ခဲ့သည်။ မြန်မာဆိုလျှင် ဆန်၊ မလေးရှား ဆိုလျှင် ရာဘာ အစရှိသဖြင့်။ အင်ပါယာ ပျက်သုဉ်းမှုနှင့်အတူ နိုင်ငံတို့၏ အလိုအလျောက် ဖြစ်တည်ခဲ့သည့် ဈေးကွက်လည်း ပျောက်ဆုံးခဲ့သည်။ သို့သော် အချို့သောနိုင်ငံများက ၁၉၆၀ နှစ်များတွင် ဓနသဟာယနိုင်ငံများ၏ ကူညီမှုဖြင့် ယခင်အခြေအနေကို ပြန်လည်ရရှိခဲ့သည်။ ပါလီမန်ခေတ်တွင် မြန်မာနိုင်ငံအနေနှင့် ဓနသဟာယနိုင်ငံအဖြစ် ဝင်ရောက်ရန် ငြင်းဆန်ခဲ့မှုကို ကြည့်ခြင်းဖြင့် ၎င်းအနေနှင့် တစ်ဦးတည်း အထီးကျန်နေထိုင်လိုမှု၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်လိုမှုနှင့် နိုင်ငံခြားသား ကြောက်ရွံ့မှု စသည့် စိတ်များ မြင့်တက်လာကြောင်း တွေ့ရသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

ဤကိစ္စနှင့် ဆက်စပ်၍ ကြိုတင် နိမိတ်ဖတ်မှုများ၊ ထင်မြင် ယူဆချက်များ အစောပိုင်းကာလကတည်းက ထွက်ပေါ်လျက်ရှိပြီး အထူးသဖြင့် Furnivall ၏ ဟောကိန်းမှာ အထူးမှတ်သားသင့်ကြောင်း တွေ့ရှိရသည်။

*'နိုင်ငံတော်အစိုးရ၏ လက်အောက်တွင် အဆိုပါအဖွဲ့များ (နိုင်ငံခြားသား မိုနိုပိုလီ လုပ်ထားသော အဖွဲ့များ) အား ဩဇာအာဏာ အပြည့်အဝ ပေးထားရမည် ဆိုသည်မှာ မဖြစ်နိုင်ပါ။ ဆိုရှယ်လစ် သီအိုရီတွင် လုပ်ငန်းများ အားလုံးသည် နိုင်ငံတော်ကသာ ပိုင်ဆိုင်ရမည်ဟု ညွှန်ပြထားသည်။ ယင်းလုပ်ငန်းများအားလုံးကို နိုင်ငံခြားသား လက်ထဲ ယုံကြည်စိတ်ချစွာ ထည့်ရန် မဖြစ်နိုင်သလို ၎င်းတို့ကိုလည်း ပြဿနာ တစ်စုံတစ်ရာ မဖြစ်ဘဲနှင့် အလွယ်တကူ လွှဲယူ၍ မရရှိနိုင်ပါ။'*

(1957, pp. ao-ap)

နောက်ပိုင်းတွင် ဒေါက်တာထွန်းဝေကလည်း တစ်သဘောတည်းပင် ဆိုထားခဲ့သည်။

*'လွတ်လပ်ရေး ရရှိပြီးနောက် အစိုးရအနေနှင့် နိုင်ငံစီးပွားရေးကို ဗမာပိုင် ပြုလုပ်ကာ နိုင်ငံခြားသားများ၏ စီးပွားရေးလုပ်ငန်းများကို လျှော့ချခဲ့သည်။ မြန်မာအနေနှင့် ငွေကြေးအင်အားနှင့် လုပ်ငန်းအတွေ့အကြုံ မရှိမှုတို့ကြောင့် အစိုးရအနေဖြင့် ဆိုရှယ်လစ်စနစ်နောက်သို့ လိုက်သည် ဆိုသည်မှာ ထင်ရှားပါသည်။ အထက်ပါ အကြောင်းပြချက်တွင် မှားယွင်းသော ယူဆချက်တစ်ရပ် ပါရှိခဲ့သည်။ ယင်းမှာ မြန်မာနိုင်ငံသည် ကုန်သန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းတွင် အတွေ့အကြုံ နည်းပါးသည် ဟူသော အချက်ကို နိုင်ငံစီမံ အုပ်ချုပ်သည့် အတွေ့အကြုံများနှင့် အစားထိုး၍ ရသည် ဟူသော အချက်ပင် ဖြစ်သည်။ အစိုးရက နိုင်ငံပိုင် ဘုတ်နှင့် ကော်ပိုရေးရှင်းများကို အစိုးရ နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း လက်တွေ့တွင်မူ အခက်အခဲပေါင်း များစွာနှင့် ကြုံတွေ့ခဲ့ရခြင်းကြောင့် ဖြစ်သည်။*

(Tun Wai 1965, pp. 15-16)

အဆိုပါကာလက ခေါင်းဆောင်များ၏ ဆိုရှယ်လစ်အယူဝါဒကို စီမံကိန်းများ ရေးဆွဲခဲ့ခြင်းဖြင့် ဖော်ထုတ်ပြသခဲ့သည်။ ပထမဦးစွာ နှစ်နှစ်စီမံကိန်းကို ရေးဆွဲခဲ့ပြီး ဆက်လက်၍ ၁၉၅၂ ခုတွင် ရှစ်နှစ်စီမံကိန်းကို ရေးဆွဲခဲ့သည်။ ယင်းစီမံကိန်းကို Knappen Tippetts Abbett အင်ဂျင်နီယာကုမ္ပဏီမှ အကြံပေးအရာရှိ တစ်ဦးက ရေးဆွဲခဲ့ပြီး ယင်းစီမံကိန်းကို KTA စီမံကိန်းဟု ခေါ်တွင်ခဲ့ကာ ၁၉၅၂ ခု ပြည်တော်သာညီလာခံ ကျင်းပပြီးနောက်ပိုင်းတွင် ပြည်တော်သာ စီမံကိန်းဟု

mgyoe.com

mgyoe.com SAMPLE BOOK

အမည်တွင်ခဲ့သည်။ (၄-၁၇၊ သြဂုတ်လ၊ ၁၉၅၂) ယင်းစီမံကိန်းကို ၁၉၅၅-၁၉၅၆ ခုနှစ်တွင် စွန့်လွှတ်ခဲ့ပြီး လက်တွေ့မကျသော လေးနှစ် စီမံကိန်း နှစ်ခုဖြင့် အစားထိုးခဲ့ပေသည်။

## (ခ) ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ

ဒုတိယကမ္ဘာစစ်အတွင်း ကြီးမားသော ပျက်စီးဆုံးရှုံးခဲ့မှု၏ရလဒ်ကြောင့် ၁၉၄၇-၁၉၄၈ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ တစ်ဦးကျ အသားတင် ထုတ်လုပ်မှုတန်ဖိုးမှာ စစ်မတိုင်မီကာလတွင် ရှိခဲ့သည့် အဆင့်၏ ၇၂ ရာခိုင်နှုန်းနှင့် ၆၆ ရာခိုင်နှုန်းသာ ရှိခဲ့သည်။ (ဇယား ၂-၁) သို့အတွက်ကြောင့် ပါလီမန် ဒီမိုကရေစီကာလအတွင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးပြောင်းလဲမှုကို ရည်ညွှန်းနှစ် နှစ်ခု ဖြစ်သော ၁၉၃၈-၁၉၃၉ နှင့် ၁၉၄၇-၁၉၄၈ ကာလများဖြင့် လေ့လာနိုင်ပါသည်။

ဇယား (၂-၁) အရ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှု တန်ဖိုး (GDP)၊ တစ်ဦးကျ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (per capita GDP) နှင့် တစ်ဦးကျ စားသုံးမှုတန်ဖိုး (per capita consumption) တို့ကို ၁၉၄၇-၁၉၄၈ အခြေခံ ကိန်းဂဏန်းများဖြင့် လည်းကောင်း၊ ပုံ (၂-၁) တွင် ၁၉၄၇-၁၉၄၈ နှင့် ၁၉၆၁-၁၉၆၂ ကာလကြား ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးကို လည်းကောင်း ဖော်ပြထားပါသည်။ ၁၉၄၇-၁၉၄၈ နှင့် ၁၉၆၁-၁၉၆၂ ကြားကာလတွင် စီးပွားရေးစွမ်းဆောင်မှု အခြေအနေကို ခြုံ၍ ကြည့်လျှင် တစ်နှစ် ပျမ်းမျှ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုနှုန်းမှာ ၅. ၃ ရာခိုင်နှုန်း ရရှိသည်ကို တွေ့ရပြီး ယင်းမှာ အလွန် ကျေနပ်အားရဖွယ်ကောင်းသည့် ရလဒ် ဖြစ်ပါသည်။

ဇယား (၂-၁) ပါ တစ်ဦးကျ ပျမ်းမျှဝင်ငွေ တိုးတက်မှုနှုန်း ၃. ဝ မှာလည်း ကောင်းမွန်သည့် ရလဒ် ဖြစ်သည်။ ဤကိန်းဂဏန်း နှစ်ခုစလုံးသည် ဒေသအတွင်းရှိ အခြားသော နိုင်ငံများ၏ စီးပွားရေး အောင်မြင်မှုများနှင့် နှိုင်းယှဉ်ပါက အလေးသာသည့် အနေအထားတွင် ရှိသည်။ ဥပမာ - ကိုရီးယားနိုင်ငံ၏ ၁၉၅၃ ခုနှစ်နှင့် ၁၉၆၁ ခုနှစ် ကြားတွင်ရှိ တစ်မျိုးသားလုံး၏ အသားတင် ထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုနှုန်းမှာ ၄. ဝ ရာခိုင်နှုန်း ရှိခဲ့သည်။ အမှန်တကယ်တွင် ၁၉၆၀ ပြည့်နှစ် အစောပိုင်းကာလများအထိ အာရှဒေသကြီးအတွင်းရှိ

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ငံများ၏ စီးပွားရေး စွမ်းဆောင်ရည်မှာ သိပ်မကွာလှပါ။ ဖွံ့ဖြိုးပြီး ဖြစ်စေ၊ ဖွံ့ဖြိုးဆဲ ဖြစ်စေ တိုးတက်မှုအဆင့်မှာ အများအားဖြင့် တူညီကြသည်။[၃]

ဇယား (၂-၁)

**ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၊ တစ်ဦးကျ ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုးနှင့် တစ်ဦးကျ စားသုံးမှု (၁၉၃၈ မှ ၁၉၆၂ ထိ)**

**(၁၉၄၇-၁၉၄၈ ဈေးနှုန်းအရ)**

| နှစ် | ပြည်တွင်းအသားတင် ထုတ်လုပ်မှု တန်ဖိုး | | တစ်ဦးကျ ပြည်တွင်း အသားတင်ထုတ်လုပ်မှု တန်ဖိုး | | တစ်ဦးကျ စားသုံးမှု | |
|---|---|---|---|---|---|---|
| | ကျပ် (သန်းပေါင်း) | အညွှန်း | ကျပ် | အညွှန်း | ကျပ် | အညွှန်း |
| ၁၉၃၈-၁၉၃၉ | ၄၉၄၅ | ၁၀၀ | ၃၀၂ | ၁၀၀ | ၁၉၅ | ၁၀၀ |
| ၁၉၄၇-၁၉၄၈ | ၃၅၅၇ | ၇၂ | ၂၀၀ | ၆၆ | ၁၆၃ | ၈၄ |
| ၁၉၅၀-၁၉၅၁ | ၃၄၃၁ | ၆၉ | ၁၈၆ | ၆၂ | ၁၃၃ | ၆၈ |
| ၁၉၅၆-၁၉၅၇ | ၄၉၃၄ | ၁၀၀ | ၂၄၇ | ၈၂ | ၁၆၉ | ၈၇ |
| ၁၉၅၉-၁၉၆၀ | ၅၆၀၀ | ၁၁၃ | ၂၆၉ | ၈၉ | ၁၇၄ | ၈၉ |
| ၁၉၆၁-၁၉၆၂ | ၅၅၄၄ | ၁၁၂ | ၂၆၀ | ၈၆ | ၁၆၈ | ၈၆ |

မှတ်ချက်။ ဘဏ္ဍာရေးနှစ်မှာ ၁၉၃၈-၁၉၃၉ တွင် အောက်တိုဘာလ ၁ ရက်မှ စတင်ပြီး အခြားသော ဘဏ္ဍာနှစ်များတွင် ဧပြီလ ၁ ရက်မှ စတင်ပါသည်။

Source: *Economic Survey of Burma* (various issues).

သို့သော်လည်း ၁၉၃၈-၁၉၃၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက စီးပွားရေး စွမ်းဆောင်မှု အခြေအနေမှာ ကျေနပ်ဖွယ် မရှိကြောင်း တွေ့ရှိရသည်။ စစ်မတိုင်ခင် ကာလ တစ်မျိုးသားလုံး၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို ၁၉၅၆-၁၉၅၇ ခုနှစ်တွင်သာ မီခဲ့ပြီး ၁၉၆၁-၁၉၆၂ ခုနှစ်တွင် ၁၉၃၈-၁၉၃၉ ခုနှစ်ထက် ၁၂ ရာခိုင်နှုန်း သာလွန်ခဲ့ကြောင်း တွေ့ရှိရသည်။ ၁၉၆၁-၁၉၆၂ ကာလ၏


၃။ ၁၉၅၀ ပြည့်နှစ် အစောပိုင်း ကာလများတွင် မြန်မာနိုင်ငံအား အရှေ့တောင်အာရှနိုင်ငံများ အကြားတွင် စီးပွားရေး ဖွံ့ဖြိုးရန် အလားအလာ အကောင်းဆုံးနိုင်ငံအဖြစ် အလေးထား သတ်မှတ်ခဲ့ကြသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ဦးကျ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာမူ ၁၉၃၈-၁၉၃၉ ကာလထက် ၁၄ ရာခိုင်နှုန်း နိမ့်ကျခဲ့ကြောင်း တွေ့ရှိရသည်။

ပုံ (၂-၁)
တစ်ဦးကျ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး
(၁၉၄၇ မှ ၁၉၆၂ အထိ)
(ပုံမှန်ဈေးနှုန်းဖြင့်)




## (ခ–၁) နှစ်နှစ်စီမံကိန်း

၁၉၄၈ ဧပြီလတွင် ကြေညာခဲ့သော နှစ်နှစ်စီးပွားရေးစီမံကိန်းမှာ မြန်မာနိုင်ငံ၏ ပထမဆုံးသော စမ်းသပ်စီမံကိန်း ဖြစ်သည်။ အမှန်တကယ်တွင်မူ အထက်ပါ စီမံကိန်းသည် ပြည့်စုံသော စီမံကိန်းတစ်ခု မဟုတ်ဘဲ နှစ်နှစ်ကာလအတွင်း ရုပ်ပိုင်းဆိုင်ရာအရ ပြီးစီးနိုင်သော လုပ်ငန်းများ စာရင်းကိုသာ ရေးဆွဲထားခြင်း ဖြစ်ပေသည်။ အထက်ပါ စာရင်းတွင် သိသာသော အချက်မှာ အကောင်အထည် ဖော်ရန် ဆန္ဒရှိသော စက်မှုစီမံကိန်းများကိုသာ ထည့်သွင်း ရေးဆွဲထားခြင်း ဖြစ်ကာ လက်တွေ့တွင် အဆိုပါ စီမံကိန်းများမှာ ၁၂ နှစ် ကျော်မှ ပြီးစီးခဲ့သော ပရောဂျက်များ ဖြစ်ပေသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ထို့ပြင် အဆိုပါ စီမံကိန်းမှာ ဒုတိယ နှစ်ဝက်မှ အစပြု၍ ဆူပူ သောင်းကျန်းမှုများကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် အကောင်အထည်ဖော်ဆောင်နိုင်ခြင်း မရှိဘဲ တရားဥပဒေ ပြန်လည် စိုးမိုးရေးကိုသာ စိတ်နှစ် အာရုံထားခဲ့ကြရသည်။

ဇယား (၂-၂)
ကဏ္ဍအလိုက် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး
(ကျပ်သန်းပေါင်း၊ ၁၉၄၇-၁၉၄၈ ဈေးနှုန်းများအရ)

| လုပ်ငန်းကဏ္ဍများ | ၁၉၃၈-၁၉၃၉ | ၁၉၄၇-၁၉၄၈ | ၁၉၅၃-၁၉၅၄ | ၁၉၅၈-၁၉၅၉ | ၁၉၆၀-၁၉၆၁ |
|---|---|---|---|---|---|
| လယ်ယာနှင့် သားငါး | ၁၉၀၇ | ၁၄၅၁ | ၁၅၂၁ | ၁၇၉၇ | ၁၈၈၃ |
| သစ်တော | ၃၆၀ | ၂၇၃ | ၂၈၉ | ၃၄၇ | ၃၈၅ |
| သတ္တုနှင့် ကျောက်မိုင်း | ၂၇၃ | ၂၉ | ၄၉ | ၁၁၅ | ၁၁၂ |
| ဆန်ထုတ်လုပ်မှု | ၁၈၂ | ၁၂၅ | ၁၂၅ | ၁၄၇ | ၁၅၁ |
| နိုင်ငံပိုင် ရောင်းဝယ်ရေး | ၆၃၃ | ၂၈၆ | ၂၇၈ | ၄၂၉ | ၅၁၂ |
| နိုင်ငံပိုင် ပို့ဆောင်ရေး | ၁၁၇ | ၆၃ | ၆၈ | ၈၂ | ၈၅ |
| နိုင်ငံပိုင် ဘဏ်လုပ်ငန်း | - | ၁ | ၂ | ၁၃ | ၂၀ |
| အခြားနိုင်ငံပိုင် ဝန်ဆောင်မှု | ၃၁ | ၁၄ | ၂၂ | ၃၁ | ၅၉ |
| အစိုးရ - အထွေထွေ | ၁၅၃ | ၂၂၉ | ၄၁၂ | ၅၇၀ | ၆၀၅ |
| အိမ်ငှားခ | ၁၆၅ | ၁၅၁ | ၁၇၇ | ၂၁၅ | ၂၂၅ |
| အခြားစက်မှုနှင့်ဝန်ဆောင်မှု | ၁၁၂၄ | ၉၃၅ | ၁၁၀၃ | ၁၂၇၄ | ၁၅၀၃ |
| GDP | ၄၉၄၅ | ၃၅၅၇ | ၄၀၄၆ | ၅၀၂၀ | ၅၅၄၀ |
| GDP တွင် ပါဝင်မှုရာခိုင်နှုန်း | - | - | ၃. ၈ | ၆. ၉ | ၁. ၄ |

Source: *Economic Survey of Burma* (various issues)

## (၁-၂) ရှစ်နှစ်စီမံကိန်း

ရှစ်နှစ်စီမံကိန်းကို အမေရိကန် အင်ဂျင်နီယာများ၊ စီးပွားရေး ပညာရှင်များက ရေးဆွဲခဲ့ပြီး တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှု တန်ဖိုးကို ၁၉၅၀-၁၉၅၁ ကာလမှ ၁၉၅၉-၁၉၆၀ ကာလအတွင်း နှစ်ဆ တိုးတက်ရမည်

mgyoe.com

mgyoe.com
SAMPLE BOOK

ဟူသည့် ရည်မှန်းချက် ထည့်သွင်းရေးဆွဲထားသည်။ ဆိုလိုသည်မှာ ပြည်တွင်း အသားတင် ထုတ်လုပ်မှု တန်ဖိုးကို အမှန်စာရင်းများအရ ၁၉၃၈-၁၉၃၉ ကာလ ထက် ၃၁ ရာခိုင်နှုန်း မြင့်တက်ရန်နှင့် တစ်ဦးကျဝင်ငွေကို ၄ ရာခိုင်နှုန်း မြင့်တက်ရန် ခန့်မှန်းထားခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံ၏ လူဦးရေ တိုးတက်မှုနှုန်း မြင့်တက်လာမှုကြောင့် ဖြစ်သည်။

စီမံကိန်း ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရန်အတွက် ရင်းနှီးမြှုပ်နှံမှုငွေ ပမာဏ သန်း ၇၅၀၀ လိုအပ်ပြီး ယင်းမှ သန်း ၄၀၂၀ ကို နိုင်ငံပိုင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည် ဖြစ်ပြီး ကျန် သန်း ၃၄၇၀ ကို ပုဂ္ဂလိကကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည် ဖြစ်သည်။ အဆိုပါ ကာလတွင် ပျမ်းမျှ ရင်းနှီးမြှုပ်နှံမှုနှုန်းမှာ GDP ၏ ၂၀.၂ ရာခိုင်နှုန်း ရှိသည်။

ဒေါက်တာထွန်းဝေအနေနှင့် ၁၉၅၀-၁၉၅၁ နှင့် ၁၉၅၉-၁၉၆၀ ကြားတွင် စီမံကိန်း ရည်မှန်းချက်အရ ထုတ်ကုန် နှစ်ဆ ဖြစ်ရမည် ဆိုသည့်အချက်သည် ရည်မှန်းချက် ကြီးလွန်းပြီး ၎င်းအနေဖြင့် ရရှိမည်ဟု ထင်မထားကြောင်း၊ အဘယ်ကြောင့် ဆိုသော် အသုံးမပြုနိုင်သော လယ်မြေ အမြောက်အမြား ရှိနေပြီး ထုတ်လုပ်မှု စွမ်းအားမှာလည်း စစ်မတိုင်ခင် ကာလထက် လွန်စွာ နိမ့်ကျလျက် ရှိသောကြောင့် ဖြစ်သည်ဟု ဆိုသည်။

သို့သော် ဒေါက်တာထွန်းဝေအနေနှင့် ပျမ်းမျှ ရင်းနှီးမြှုပ်နှံမှုနှုန်းကိုမူ ရည်မှန်းချက် ရောက်မည်ဟု ထင်ခဲ့ကြောင်း၊ ထို့ပြင် ကိုရီးယားစစ်ပွဲကြောင့် ဆန်ဈေးနှုန်းများကို ဈေးအမြင့်နှင့် ရောင်းချ၍ ယင်းငွေများဖြင့် ပြန်လည် မတည် ရင်းနှီးမည် ဆိုသည့် ယူဆချက်မှာမူ ကျိုးကြောင်းဆီလျော်မှု မရှိကြောင်း မှတ်ချက်ပြုခဲ့သည်။ တိုက်ဆိုင်စွာပင် ၎င်း၏ သက်သေပြချက်များ အားလုံးမှာ မှန်ကန်နေကြောင်း တွေ့ရှိရသည်။ စီမံကိန်းကာလ သုံးနှစ်အတွင်း အမှန်ရင်းနှီး မြှုပ်နှံမှု တန်ဖိုးမှာ ရည်မှန်းချက်ထက် ၂၅ ရာခိုင်နှုန်းသာ ရရှိခဲ့ပြီး GDP ၏ ၁၈.၅ ရာခိုင်နှုန်းသာ ပါဝင်နိုင်ခဲ့သည်။[၄]

၄။ လက်ရှိအခန်းမှာ ဦးထွန်းဝေ၏ ရှစ်နှစ်စီမံကိန်းအကြောင်း ကျယ်ကျယ်ပြန့်ပြန့်နှင့် ရှင်းလင်းစွာ ရေးသား ဖော်ပြထားချက်များအပေါ် အခြေခံသည်။ (Tun Wai 1965)

mgyoe.com

mgyoe.com SAMPLE BOOK

ထို့ပြင် အရင်းထွက်ကုန်အချိုး (capital output ratio) သည်လည်း ၂.၆ ရာခိုင်နှုန်း ရရှိခဲ့ပြီး စီမံကိန်း ရည်မှန်းချက်ကို ၂.၅ ရာခိုင်နှုန်းထက် လျော့နည်းမည်ဟု ခန့်မှန်းထားသည်။[၅]

အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုအဆင့် နိမ့်ကျခဲ့မှုနှင့် မှားယွင်းသော လမ်းညွှန်မှုများကြောင့် GDP တိုးတက်မှုနှုန်းမှာ မူလရည်မှန်းချက်ထက် များစွာ လျော့နည်းခဲ့သည်။ ၁၉၅၀-၁၉၅၁ မှ ၁၉၅၉-၁၉၆၀ အတွင်း တိုးတက်မှုနှုန်း နှစ်ဆ ရရှိရမည့်အစား GDP အမှန်တိုးတက်မှုနှုန်းမှာ ယခင်နှစ်ထက် ၆၀ ရာခိုင်နှုန်းသာ ရရှိခဲ့သည်။

ဆက်လက်၍ ရှစ်နှစ်စီမံကိန်းကိုလည်း ရပ်နားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဆန်တင်ပို့မှုမှ ရရှိသော နိုင်ငံခြားဝင်ငွေမှာ ကမ္ဘာ့ဆန်ဈေးနှုန်းများကျဆင်းမှုကြောင့် ခန့်မှန်းထားသည်ထက် လွန်စွာ လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်သည်။ သို့သော် ဝန်ကြီးချုပ်ဦးနုသည် စီမံကိန်း မအောင်မြင်ရခြင်း၏ အကြောင်းရင်းများကို အောက်ပါအတိုင်း ရှင်းလင်းခဲ့ပေသည် -

- တရားဥပဒေ စိုးမိုးရေးကို အပြည့်အဝ ပြန်လည် မထိန်းသိမ်းနိုင်ခဲ့ခြင်း၊
- အမိန့်ပေးသည့်အချိန်နှင့် အမှန်တကယ် ဆောင်ရွက်သည့် ကာလကြားအချိန်ကြာမြင့်မှုများ ဖြစ်ပေါ်မှုကြောင့် စီမံကိန်းများကို အရှိန်အဟုန်နှင့် ဆောင်ရွက်နိုင်သောကာလသည် ၁၉၅၄-၁၉၅၅ ကျမှ ဖြစ်ပေါ်ခြင်း၊ ကံမကောင်းစွာပင် ယင်းကာလ၌ ငွေကြေး အကျပ်အတည်း ဖြစ်ခဲ့ခြင်း၊
- နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများ တည်ထောင်ခြင်း၊ လည်ပတ်ခြင်းများတွင် စိတ်အားထက်သန်သော ပြင်ဆင်မှု၊ ဖွဲ့စည်းမှု၊ ကြီးကြပ်ကွပ်ကဲမှု၊ စီမံခန့်ခွဲမှုစနစ်များ အားနည်းခြင်း၊
- စီမံကိန်းများကို ကြီးကြပ်ရန် လေ့ကျင့်ထားသည့်ပုဂ္ဂိုလ် ရှားပါးခြင်း၊

---

၅။ အများသိသည့်အတိုင်း ICOR ကို တွက်ချက်သည့် နည်းလမ်း အများအပြား ရှိသည့်အလျောက် နည်းလမ်း တစ်ခုချင်းစီတွင် စုစည်းတွက်ချက်ရာ၌ အခက်အခဲ များစွာ ရှိသည်။ သို့သော် မှတ်သားသင့်သည့် အချက်မှာ ICOR တွက်ချက်ရာတွင် ပေါ်ပေါက်လာသည့် အမှား အသေးအမွှားမှာ တိုးတက်မှုနှုန်း တွက်ချက်ရာတွင် သိသာသော အမှားများ ဖြစ်ပေါ်နိုင်သည်။ ဥပမာ- မြှောက်ဖော်ကိန်း ၃.၂ သုံးသင့်သည့် နေရာတွင် မြှောက်ဖော်ကိန်း ၃.၁ ကို သုံးသည့်အတွက် ရလဒ်တွင် ၃ ရာခိုင်နှုန်းခန့်အထိ ကွဲပြားသွားနိုင်သည်။



mgyoe.com

mgyoe.com
SAMPLE BOOK

- ဗဟိုချုပ်ကိုင်မှု များသော စီမံခန့်ခွဲမှုစနစ်ကြောင့် အဆင့်မြင့် အရာထမ်းများ၏ စိတ်ဓာတ် ပျက်ယွင်းမှုကို ဖြစ်စေခြင်း၊
- ကျွမ်းကျင်မှု နည်းပါးခြင်း၊ ကိုယ်ကျင့်တရား ကျဆင်းခြင်းနှင့် စီမံခန့်ခွဲမှုစနစ် လွဲမှားနေခြင်းတို့ကြောင့် ထုတ်လုပ်မှုစွမ်းရည် ကျဆင်းမှုများ ဖြစ်ပေါ်ခြင်း စသည်တို့ ဖြစ်သည်။

တစ်ဖန် ဝန်ကြီးချုပ်ဦးနု တင်ပြခဲ့သည့် အစီရင်ခံစာအရ နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်း အများစု၏ စွမ်းဆောင်ရည်နှင့် စံချိန်စံညွှန်းများမှာ နိမ့်ကျလျက်ရှိပြီး တချို့မှာ အရှုံးပင် ပေါ်နေသည့်ကိစ္စ ဖြစ်သည်။ အကြောင်းတရားများမှာ အလွဲသုံးစားမှုများ၊ အသုံးစရိတ် အလွန်အကျွံ ကုန်ကျမှုများ၊ ဝန်ထမ်းများ၏ အချောင်ခို ပျင်းရိမှုများနှင့် စီမံခန့်ခွဲမှုစနစ်များ ချွတ်ချော် မှားယွင်းနေမှုများကြောင့် ဖြစ်ပေသည်။

KTA က ရှစ်နှစ် စီမံကိန်း ကျဆုံးရခြင်း၏ အဓိက အကြောင်းရင်း သုံးခု ရှိကြောင်း ထောက်ပြခဲ့သည်။ (က) ပြည်တွင်းလုံခြုံမှု မရှိခြင်း (ခ) နည်းပညာ၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်သူများ ချို့တဲ့မှုနှင့် (ဂ) အစိုးရဌာနများ၏ ဖွဲ့စည်းပုံနှင့် ပုဂ္ဂိုလ်ရေး မူဝါဒများ စသည်တို့ ဖြစ်သည်။ အမှန်စင်စစ် Dr. Mali ကိုးကားထုတ်ဖော်ခဲ့သော အကြောင်းရင်းပေါင်း များစွာအရ အဆိုပါ ရှစ်နှစ် စီမံကိန်းမှာ လေ့ကျင့်ထားသည့် လူ့စွမ်းအား အရင်းအမြစ်များအပေါ် အလွန်အကျွံ ရည်မှန်းချက် ထားရှိခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

*KTA စီမံကိန်း ရေးဆွဲသူများသည် လူ့အင်အားနှင့် အသုံးစရိတ်များကို ၁၉၅၆-၁၉၅၈ ကာလအတွင်း အမြင့်ဆုံး ရောက်အောင် စီမံချက် ရေးဆွဲထားပြီး အဆိုပါ ကာလတွင် မြန်မာနိုင်ငံအနေနှင့် ကျွမ်းကျင်ဝန်ထမ်း ၆၅၀၀၀ မွေးထုတ်ရန်နှင့် ယင်းတို့အထဲတွင် ၁၃၀၀၀ မှာ အဆင့်မြင့် ကျွမ်းကျင်ဝန်ထမ်းများ ဖြစ်သည့် သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ မန်နေဂျာများ၊ စီမံခန့်ခွဲသူများနှင့် ကြီးကြပ်သူများ စသည်တို့ ပါဝင်သည်။ အဆိုပါ အရေအတွက်နှင့် ဖွဲ့စည်းပုံများအတိုင်း စီမံကိန်းကာလအတွင်း လေ့ကျင့်နိုင်ခြင်း မရှိခြင်း သို့မဟုတ် နိုင်ငံခြားမှ စာချုပ်ဖြင့် ငှားရမ်းကာ မိသားစုများ ခေါ်ဆောင်ခွင့် ပြုသည့်တိုင် အိန္ဒိယ အရပ်သား အရာရှိအဖြစ် ဆောင်ရွက်ခဲ့သူ ICS များ၊ ဗမာ အရပ်သားဝန်ထမ်း (BCS) အဖြစ် ဆောင်ရွက်ခဲ့သူ အရေအတွက်မှာလည်း လုံလောက်မှု မရှိခဲ့ပါ။ ထို့ပြင်ဝန်ထမ်းကြီးများ၏ အရေအတွက် နည်းပါးမှု၊ လုပ်ကိုင်*


mgyoe.com

mgyoe.com
SAMPLE BOOK

*ရမည့် အလုပ်ပမာဏ များပြားမှု၊ အလုပ်အကိုင် ခွဲဝေပေးမည့် လက်အောက်ခံ ဝန်ထမ်းများ၏ အရည်အချင်း မပြည့်ဝမှုနှင့် အင်အား မလုံလောက်မှုတို့ ကြုံတွေ့ခဲ့ရသည်။ (Mali 1962, pp. 82-83)*

ထို့ပြင် ဒေါက်တာမာလီက စီမံကိန်းတစ်ခုလုံးအပေါ် ဆင်ခြင်သုံးသပ်ခဲ့ရာတွင် အဆိုးရွားဆုံးသော ချို့ယွင်းချက်မှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် အခြားသော အခြေခံစက်မှုထုတ်ကုန်များကို ဦးစားပေးရမည့်အစား စက်မှုနိုင်ငံ တည်ထောင်ရေးကို ဦးစားပေးခဲ့ခြင်း ဖြစ်သည်။ ဒေါက်တာမာလီ မှတ်ချက်ပြုခဲ့သည့် အတိုင်းပင် မနှစ်မြို့ဖွယ် အကောင်းဆုံးအချက်မှာ အဆိုပါ စက်မှုကဏ္ဍ အတွက် မူလ ခွဲဝေပေးထားသည့် အသုံးစရိတ် ပမာဏ၏ ၃၅ ရာခိုင်နှုန်းသာ အမှန်တကယ် ပုံဖော်နိုင်ခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် စက်မှုနှင့် လူမှုရေးကဏ္ဍများအတွက် ခွဲဝေပေးခဲ့သော ပမာဏသည် အမှန်လျာထားခဲ့သည့် ပမာဏထက်ပင် ကျော်လွန်ခဲ့ပါသည်။ (Mali 1962, p. 85)

ဒေါက်တာမာလီ တင်ပြခဲ့သည့် အောက်ဖော်ပြပါ အများက လက်ခံယုံကြည်သည့် အယူအဆကို လက်ခံသင့်သည်။ ၎င်းက မြန်မာနိုင်ငံတွင် အခြေခံ စက်မှုလုပ်ငန်းများကို စတင် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ခြင်းက စက်မှုလုပ်ငန်းကြီးများ တည်ထောင်ခြင်းထက် ပြည်တွင်းထုတ်လုပ်မှုကို လျင်မြန်စွာ ရရှိနိုင်စေပြီး နိုင်ငံခြားငွေကို ပိုမိုရရှိစေကြောင်း ထပ်မံထောက်ပြခဲ့သည်။ ထို့ပြင် ကျေးလက်ဒေသနေ ပြည်သူလူထုများ ဝင်ငွေပိုမို တိုးတက်လာပြီး ယင်းမှတစ်ဆင့် ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးလာကာ ရည်မှန်းထားသော စက်မှုလုပ်ငန်းသစ်များ၏ ထုတ်လုပ်မှုများအတွက် ဝယ်လိုအားများလည်း ပေါ်ထွက်လာပေမည်။ သို့အတွက်ကြောင့် စစ်ပြီးကာလအတွင်း ဘက်ညီ ဖွံ့ဖြိုးတိုးတက်လိုသည့် ဆန္ဒများ ပြည့်နှက်ဖုံးလွှမ်းနေသည်ကို နားလည်နိုင်သော်လည်း လယ်ယာစိုက်ပျိုးရေးကဏ္ဍကို စက်မှုကဏ္ဍထက် ဦးစွာ အင်တိုက်အားတိုက် ဆောင်ရွက်ရမည်ကို နားလည် သဘောပေါက်ခြင်း မရှိသည်မှာ လွန်စွာ ဝမ်းနည်းဖွယ် ဖြစ်သည်။

### (ခ–၃) ပထမ လေးနှစ် စီမံကိန်း

၁၉၅၅ ခုနှစ်တွင် ရှစ်နှစ်စီမံကိန်းကို ရပ်နားခဲ့ပြီးနောက် အစိုးရအနေနှင့် ၎င်း၏ ရည်မှန်းချက် ကိန်းဂဏန်းများကို လျှော့ချခဲ့ပြီး ယခင် ရှစ်နှစ်စီမံကိန်း၏ ဒုတိယ လေးနှစ် စီမံကိန်းအား ပြန်လည် ပြင်ဆင်ကာ ပထမ လေးနှစ် စီမံကိန်းအဖြစ် ပြန်လည် ပြဋ္ဌာန်းခဲ့သည်။ ဤစီမံကိန်းသည် ပိုမိုသင့်တင့် မျှတသော စီမံကိန်း

mgyoe.com

mgyoe.com
SAMPLE BOOK

ဖြစ်သော်လည်း နိုင်ငံပိုင်ကဏ္ဍကသာ လွှမ်းမိုးထားကြောင်း တွေ့ရှိရသည်။ (ဇယား ၂-၃) နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ကဏ္ဍတို့ ပါဝင်မှုအား အနည်းငယ် တိုးတက်ပြောင်းလဲလာသော်လည်း စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် ၁၀ ဒသမ ၉ ရာခိုင်နှုန်းသာ ပါဝင်ကြောင်း တွေ့ရှိရသည်။ (ဇယား၂-၄)

အခြားတစ်ဖက်တွင်လည်း ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများ ဖြစ်သည့် စွမ်းအင်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးကဏ္ဍများတွင် ကြီးမားသော ပါဝင်မှု အချိုးအစား (Lion's share) များ ရရှိထားကြသည်။ ဆက်လက်၍ ဒေါက်တာ ထွန်းဝေ၊ ဒေါက်တာမာလီနှင့် အခြားသော ခေတ်ပြိုင်ပညာရှင်များက အဆိုပါ ကာလ၌ အခြေခံ အဆောက်အအုံများတွင် အဘယ်ကြောင့် ကြီးမားစွာ ရင်းနှီး မြှုပ်နှံမှုများ ပြုလုပ်ခဲ့ရသည် ဆိုသည့် အကြောင်းရင်းကို တွေးဆခဲ့ကြသည်။

ဇယား (၂-၃)

**ရှစ်နှစ်စီမံကိန်းကာလအတွင်း တစ်နှစ်ပျမ်းမျှ အကောင်အထည်ဖော်မှုနှင့် ပထမလေးနှစ်စီမံကိန်း (ကျပ်သန်းပေါင်း)**

| | ရှစ်နှစ်စီမံကိန်း ၁၉၅၃-၅၄ မှ ၁၉၅၅-၅၆ | | ပထမ လေးနှစ်စီမံကိန်း ၁၉၅၆-၅၇ မှ ၁၉၅၉-၆၀ | |
|---|---|---|---|---|
| | စီမံကိန်း | အမှန် | စီမံကိန်း | အမှန် |
| စုစုပေါင်း ပုံသေအရင်းအနှီး ဖွဲ့စည်းမှု | | | | |
| အစိုးရ | ၆၆၈ | ၅၀၅ | ၅၀၇ | ၄၈၄ |
| ပုဂ္ဂလိက | ၅၁၂ | ၃၉၂ | - | ၅၄၉ |
| GDP အပေါ် ပါဝင်မှု | ၁၁၈၀ | ၈၉၇ | - | ၁၀၃၃ |
| အသားတင်ပုံသေအရင်းအနှီး | | | | |
| ဖွဲ့စည်းမှု | ၂၁. ၁ | ၁၈. ၅ | - | ၁၈. ၄ |
| စုစုပေါင်း | ၈၁၂ | ၆၁၇ | - | ၇၀၉ |
| GDP အပေါ် ပါဝင်မှု | ၁၄. ၅ | ၁၂. ၇ | - | ၁၂. ၈ |

Sources: *Second Four-year plan for the Union of Burma, 1961-62 to 1964/65* (1961): *Economic Survey of Burma* (1962): U Tun Wai (1965, p. 10).


mgyoe.com

mgyoe.com
SAMPLE BOOK

ဇယား (၂-၄)

ရှစ်နှစ်စီမံကိန်းအတွင်း နိုင်ငံပိုင်ကဏ္ဍာတွင် ရင်းနှီးမြှုပ်နှံမှု ပါဝင်မှု
အချိုးအစားနှင့် ပထမ လေးနှစ်စီမံကိန်း (ကျပ်သန်းပေါင်း)

| | ရှစ်နှစ်စီမံကိန်း ၁၉၅၂-၅၃ မှ ၁၉၅၅-၅၆ | ပထမ လေးနှစ် စီမံကိန်း ၁၉၅၅-၅၆ မှ ၁၉၅၉-၆၀ |
|---|---|---|
| လယ်ယာနှင့်ဆည်မြောင်း | ၁၅၄. ၆ (၇. ၇%) | ၂၁၁. ၈ (၁၀. ၉%) |
| သစ်တော | ၃၀. ၆ (၁. ၅%) | ၂၄. ၇ (၁. ၃%) |
| သတ္တုတွင်း | ၁၅. ၇ (၀. ၈%) | ၈. ၆ (၀. ၄%) |
| စက်မှု | ၁၈၆. ၆ (၉. ၃%) | ၁၈၇. ၉ (၉. ၇%) |
| စွမ်းအင် | ၂၀၂. ၆ (၁၀. ၁%) | ၃၀၃. ၁ (၁၅. ၆%) |
| ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၄၁၄. ၈ (၂၀. ၆%) | ၄၉၆. ၅ (၂၅. ၇%) |
| လူမှုရေး ဝန်ဆောင်မှု (ဆောက်လုပ်ရေး အပါအဝင်) | ၄၃၈. ၉ (၂၁. ၀%) | ၁၉၅. ၆ (၁၀. ၁%) |
| ဥပဒေနှင့် အမိန့် | ၃၇၀. ၁ (၁၈. ၃%) | ၃၈၇. ၅ (၂၀. ၀%) |
| အခြား | ၁၉၉. ၂ (၉. ၉%) | ၁၂၂. ၆ (၆. ၃%) |
| စုစုပေါင်း | ၂၀၁၃. ၁ (၁၀၀%) | ၁၉၃၈. ၃ (၁၀၀%) |

Sources: *Second Four-year plan for the Union of Burma, 1961-62 to 1964/65* (1961)



mgyoe.com

mgyoe.com SAMPLE BOOK

အခြားအချက်တစ်ခုမှာ မြန်မာနိုင်ငံတွင် စီမံကိန်းများနှင့် စီမံ အုပ်ချုပ်မှု သွင်ပြင်လက္ခဏာများကို ကြည့်ပါက အပြောင်းအလဲတစ်ခုအတွက် လုံလောက်သည့်အချိန်ကို မပေးခြင်း၊ အချိန် မလုံလောက်သည့်အတွက် စနစ်တစ်ရပ်ကို တည်ထောင်ရာတွင် အကျိုးရလဒ် မရလိုက်ဘဲ အချိန်မတိုင်မီပင် ဖျက်သိမ်းလိုက်ရသည်များလည်း ရှိခဲ့သည်။ စီမံကိန်းနှင့် အကောင်အထည်ဖော်မှု ယန္တရားမှာလည်း မကြာခဏဆိုသလို ဖျက်သိမ်းမှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း ဦးသက်ထွန်းက မှတ်ချက်ပြုခဲ့သည်။

ပထမဦးစွာ ၁၉၄၆ ခုနှစ်တွင် အမျိုးသားစီမံကိန်းဘုတ်အဖွဲ့ တည်ထောင်ခဲ့ပြီးနောက် ၁၉၄၇ ခုနှစ်တွင် စီးပွားရေး စီမံကိန်း ဘုတ်အဖြစ် ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ ၁၉၄၉-၁၉၅၀ တွင် စီးပွားရေးကောင်စီအဖြစ် တည်ထောင်ခဲ့ပြီး ၁၉၅၁-၁၉၅၂ တွင် စီးပွားရေးနှင့် လူမှုရေး ဘုတ်အဖွဲ့ စသည်ဖြင့် တည်ထောင်ခဲ့သည်။ ထို့ပြင် စီမံကိန်း အကောင်အထည်ဖော်မှုများကို ဝန်ကြီးချုပ်က တိုက်ရိုက် တာဝန်ယူ ကြီးကြပ်သည့်အတွက် အာဏာကို ဗဟိုက ချုပ်ကိုင်သည့်သဘော ဖြစ်နေသည့်အပြင် ဝန်ကြီးချုပ်သည် အခြားသော အစည်းအဝေးပေါင်း များစွာ တက်ရသည့်အတွက် ယင်းက စီမံကိန်းများကို နှောင့်နှေးမှု ဖြစ်ပေါ်စေသည်။ (U Thet Tun 1960)


ဤအချက်များကို ခြုံငုံသုံးသပ်ရလျှင် ၁၉၄၈ ခုနှစ်အတွင်း ဆူပူအုံကြွမှုများ ဖြစ်ပေါ်ခဲ့ပြီး ၁၉၅၁ ခုနှစ်အထိ ဆိုးရွားသော အခြေအနေများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ကာ GDP တိုးတက်မှုနှုန်းလည်း ကျဆင်းခဲ့ရသည်။ ဆူပူသောင်းကျန်းမှုများက ပြည်သူတို့၏ ဥစ္စာပစ္စည်းများကို ပျက်စီး ဆုံးရှုံးစေရုံသာမက တစ်ဖက်တွင်လည်း ကာကွယ်ရေး အသုံးစရိတ်များကို ပိုမိုကျခံ သုံးစွဲခဲ့ရသည်။

သို့ရာတွင် GDP တိုးတက်မှုကို ထိခိုက်စေနိုင်သောအကြောင်းအရာ များစွာထဲမှ ပိုမိုအရေးကြီးသည့် အခြားသောအချက် များစွာလည်း ရှိပါသည်။ ၎င်းတို့မှာ အစိုးရ၏ ချိတုံ့ချတုံ့ဖြစ်မှုနှင့် နိုင်ငံတော်၏မူဝါဒ ပြတ်သားမှု မရှိခြင်းများကြောင့် ပုဂ္ဂလိကကဏ္ဍ၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ကျွမ်းကျင်စွာ လေ့ကျင့်ထားသော ဝန်ထမ်းများ အားနည်းခြင်း၊ ကဏ္ဍအလိုက် စီးပွားရေးမူဝါဒ ချမှတ်မှု အားနည်းခြင်းနှင့် စိုက်ပျိုးရေးကဏ္ဍကို လျစ်လျူရှုပြီး စက်မှုဖွံ့ဖြိုးတိုးတက်ရေးကိုအာရုံစိုက်ခြင်း စသည်တို့ကို ဖြစ်ပေါ်စေခဲ့သည်။ ကားချပ် (၂-၂)


mgyoe.com

mgyoe.com
SAMPLE BOOK

ပုံ (၂-၂)
စုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုနှုန်း (၁၉၃၈–၁၉၆၂)




အစိုးရအနေနှင့် နိုင်ငံတော်အခန်းကဏ္ဍနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ ပီပြင်ကွဲပြားအောင် ဆောင်ရွက်နိုင်မှု မရှိခြင်းများကြောင့် ယင်းကာလတစ်လျှောက်တွင် စုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုနှုန်းများ တိုးတက်အောင် ဆောင်ရွက်ရန် ပျက်ကွက်မှုများ ဖြစ်ပေါ်စေခဲ့သည်။

## (ဂ) ငွေကြေးနှင့် ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု

ဖွံ့ဖြိုးတိုးတက်ဆဲ နိုင်ငံများတွင် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းအသစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှိပြီးသော အဖွဲ့အစည်းများ၏ ခိုင်မာမှု ရှိရေးသည် ငွေကြေးမူဝါဒများ ချမှတ်ရေးအတွက် အရေးကြီးသည့် လက္ခဏာသွင်ပြင်တစ်ရပ် ဖြစ်သည်။

လွတ်လပ်ရေး ရပြီးစ မြန်မာနိုင်ငံ၏ ဘဏ်စနစ်သည် ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် (UBB) ကို နိုင်ငံ၏ဗဟိုဘဏ်တစ်ခုအဖြစ် ၁၉၄၈ ခုနှစ်တွင် တည်

mgyoe.com

mgyoe.com SAMPLE BOOK

ထောင်ခဲ့ခြင်းက စတင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် ဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် (UBB) သည် Reserve Bank of India ၏ ရန်ကုန်ရုံးခွဲတစ်ခု အနေနှင့် ဗဟိုဘဏ်တစ်ခု၏ တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်ခဲ့သည်။ Reserve Bank of India သည် မြန်မာနိုင်ငံတွင် ဗဟိုဘဏ် တာဝန်များကို ၁၉၃၅ ခုနှစ်မှ စ၍ တာဝန်ထမ်းဆောင်သည်။ သို့သော်လည်း မြန်မာနိုင်ငံ၏ ငွေကြေးစနစ်ကိုမူ လန်ဒန်ရှိ Burma Currency Board က ကြီးကြပ်ကွပ်ကဲခဲ့သည်။[6] သို့အတွက် UBB သည် ၁၉၅၂ ခုနှစ်ကျမှသာ Union Bank of Burma Act 1952 ပြဋ္ဌာန်း၍ ဗဟိုဘဏ်၏ အခွင့်အာဏာများ အားလုံးကို လုပ်ပိုင်ခွင့် ရခဲ့ပေသည်။

ဤဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံ ဗဟိုဘဏ် (UBB) သည် တစ်ဦးတည်း ငွေကြေး ရိုက်နှိပ်ပိုင်ခွင့်နှင့် ရှေးရိုးဘဏ်လုပ်ငန်းများကို Burma Currency Board မှ လွှဲပြောင်း ရယူခဲ့သည်။ ပြည်ထောင်စု ဗဟိုဘဏ် (UBB) ၏ တရားဝင် လုပ်ပိုင်ခွင့်များအရ ပြည်သူလူထုအတွင်း လှည့်လည်ငွေကြေးပမာဏနှင့် တောင်းခံလျှင် ပြန်လည် ထုတ်ပေးရမည့် အပ်နှံငွေ ပမာဏ စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းအထိ နိုင်ငံခြား အရန်ငွေကြေးကို ထားရှိပိုင်ခွင့် ရှိသော၊ အလျော့အတင်း ပြုလုပ်နိုင်သော ငွေကြေးစနစ်တစ်ရပ်ကို ထူထောင်ခဲ့သည်။ ဆက်လက်၍ ဗဟိုဘဏ်သည် ကူးသန်းရောင်းဝယ်ရေး ဘဏ်များကို လိုင်စင် ထုတ်ပေးခွင့်၊ စစ်ဆေးပိုင်ခွင့်များကို အပ်နှင်းထားသည့်အပြင် ဘဏ်လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးကို အားပေး မြှင့်တင်ရမည့် တာဝန်ကိုလည်း ဆောင်ရွက်ခဲ့သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍတို့ တိုးတက်ဖွံ့ဖြိုးရေးကို သတ်သတ်မှတ်မှတ် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော် စိုက်ပျိုးရေးဘဏ် (SAB) နှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့ကို ၁၉၅၃ ခုနှစ်နှင့် ၁၉၆၁ ခုနှစ်တို့တွင် အသီးသီး တည်ထောင်ခဲ့သည်။ ကူးသန်းရောင်းဝယ်ရေးဘဏ်အသစ်များအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမဘဏ်၊ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် ရန်ကုန်ဘဏ် စသည်

---

၆။ အဆိုပါစနစ်အရ မြန်မာငွေကြေးဘုတ်အဖွဲ့၏ ထားရှိရမည့် အရန်ငွေကြေး ရူပီး သန်း ၁၀၀ မှ လွဲ၍ မြန်မာ၏ ငွေစက္ကူ ထုတ်ဝေမှုသည် ပေါင်စတာလင်နှင့် ပေါင်စတာလင် အခြေခံ ငွေချေးစာချုပ်များကို အပြည့်အဝ ကျောထောက်နောက်ခံပြုထားသည်။ ၁၉၅၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ မပြဋ္ဌာန်းမီ အချိန်အထိ မြန်မာနိုင်ငံတွင် သုံးစွဲခဲ့သည့် ငွေကြေးကို ရူပီးဟု ခေါ်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

တို့ကို ထူထောင်ခဲ့သည်။ သို့အတွက် ၁၉၄၈ ခုနှစ်က မြန်မာနိုင်ငံ ဘဏ်စနစ် အတွင်းတွင် ကူးသန်းရောင်းဝယ်ရေးဘဏ်ပေါင်း ၂၀ ရှိခဲ့ပြီး ၁၈ ခုမှာ နိုင်ငံခြား ဘဏ်များ ဖြစ်သည်။ ၁၉၆၃ ခုနှစ်တွင် ကူးသန်းရောင်းဝယ်ရေးဘဏ်ပေါင်း ၂၅ ခု ရှိလာပြီး ၁၄ ခုမှာ နိုင်ငံခြားဘဏ်များ ဖြစ်သည်။ ကူးသန်းရောင်းဝယ် ရေးဘဏ်များသည် အဓိကအားဖြင့် ပြည်တွင်းနှင့် ပြည်ပ ကုန်သွယ်ရေးအတွက် ကာလတို ဘဏ္ဍာငွေ ထောက်ပံ့မှုများကို ဆောင်ရွက်ပေးသည်။

၁၉၅၂-၁၉၅၃ ခုနှစ်တွင် ရှစ်နှစ် စီမံကိန်းကို စတင် ဆောင်ရွက်ပြီးနောက် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရှိစေရန် အတွက် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများမှ ထုတ်ဝေပြီး အစိုးရက အာမခံသော ဒီဗင်ချာများကို ဝယ်ယူခြင်းဖြင့် ကာလရှည် ချေးငွေများကို ထုတ်ချေးခဲ့သည်။ ထို့ပြင် နိုင်ငံတော်အစိုးရက ထုတ်ဝေသည့် သုံးလ ငွေတိုက်ဘီလ် (Treasury Bill) နှင့် နှစ်နှစ်နှင့် ငါးနှစ် ငွေတိုက်စာချုပ် (Treasury Bonds) များကို ဝယ် ယူခဲ့သည်။

ဇယား (၂-၅)

ငွေကြေး၊ တစ်ဝက်တစ်ပျက် ငွေကြေး၊ ချေးငွေနှင့်ဈေးနှုန်းများ
(၁၉၃၈ မှ ၁၉၆၂ အထိ) (နှစ်စဉ်ပျမ်းမျှ ရာခိုင်နှုန်း ပြောင်းလဲမှု)

| နှစ် | ငွေကြေး | ငွေကြေးနှင့် တစ်ဝက်တစ်ပျက် ငွေကြေး | ပြည်တွင်း ချေးငွေ | GDP ကျုံ့ကိန်း | စားသုံးသူ ဈေးဆနှုန်းကိန်း × (၁၉၅၃ = ၁၀၀) |
|---|---|---|---|---|---|
| ၁၉၃၈-၃၉ | - | - | - | - | ၂၆ |
| ၁၉၄၇-၄၈ | - | - | - | ၁.၉ | ၁၀၄ |
| ၁၉၄၈-၄၉ | ၀.၄ | ၀.၉ | - | ၁.၁ | ၉၆ |
| ၁၉၄၉-၅၀ | ၁၉.၁ | ၁၈.၈ | - ၆.၈ | ၂.၀ | ၁၃၀ |
| ၁၉၅၀-၅၁ | - ၇.၉ | -၆.၅ | ၄၆.၈ | ၄.၃ | ၁၁၁ |
| ၁၉၅၁-၅၂ | ၉.၈ | ၁၀.၃ | ၁၄.၉၅ | ၄.၄ | ၁၀၉ |
| ၁၉၅၂-၅၃ | - ၁.၂ | - ၁.၅ | ၄.၆၂ | ၅.၅ | ၁၀၄ |
| ၁၉၅၃-၅၄ | ၂၅.၇ | ၂၄.၈ | ၃.၃၂ | - ၄.၃ | ၁၀၀ |
| ၁၉၅၄-၅၅ | ၁၁.၈ | ၁၄.၈ | ၁၀၃.၂၁ | - ၁.၂ | ၉၅ |
| ၁၉၅၅-၅၆ | ၃၂.၅ | ၃၄.၈ | ၅၂.၂၄ | ၃.၄ | ၉၇ |
| ၁၉၅၆-၅၇ | ၂၀.၃ | ၁၆.၉ | ၉.၇၇ | - ၄.၆ | ၁၁၂ |



mgyoe.com

mgyoe.com
SAMPLE BOOK

| နှစ် | ငွေကြေး | ငွေကြေးနှင့် တစ်ဝက်တစ်ပျက် ငွေကြေး | ပြည်တွင်း ချေးငွေ | GDP ကျုံ့ကိန်း | စားသုံးသူ ဈေးဆန္နှုန်းကိန်း × (၁၉၅၃ = ၁၀၀) |
|---|---|---|---|---|---|
| ၁၉၅၇-၅၈ | - ၁၇. ၇ | - ၁၆. ၆ | ၅. ၉၁ | ၁. ၉ | ၁၂၁ |
| ၁၉၅၈-၅၉ | ၁၈. ၅ | ၁၈. ၅ | ၈. ၂၀ | - ၃. ၉ | ၁၁၈ |
| ၁၉၅၉-၆၀ | ၂၀. ၅ | ၁၉. ၄ | ၁၅. ၁၀ | - ၁. ၁ | ၉၈ |
| ၁၉၆၀-၆၁ | - ၅. ၃ | - ၈. ၂ | ၂၅. ၉၀ | ၅. ၄ | ၁၁၀ |
| ၁၉၆၁-၆၂ | | ၂. ၄ | - | ၄. ၄ | ၁၁၃ |

Note: Data from 1960/61 and 1961/62 are taken from IMF, *International Financial Statistics* (1966) and may be consistent with those of the preceding years taken from the *Economic Survey of Burma.*

Source: IMF, *International Financial Statistics* (1960, 1961); *Economic Survey of Burma (1959/60 and earlier).*

၁၉၅၂-၁၉၅၃ နှင့် ၁၉၅၅-၁၉၅၆ ခုနှစ် ကြားကာလတွင် ပြည်တွင်း လှည့်လည် ငွေကြေးပမာဏမှာ နှစ်ဆ ဖြစ်ခဲ့သည်။ သို့သော်လည်း ၁၉၅၅ မတိုင်မီကာလအထိ လုံလောက်သော နိုင်ငံခြား အရန်ငွေများ ရှိခဲ့ပြီး လှည့်လည် ငွေကြေး များပြားမှုအတွက် ပူပင်စရာ မလိုခဲ့ပါ။ လှည့်လည်ငွေကြေး များပြားနေချိန်တွင် ပုဂ္ဂလိကကဏ္ဍာ သွင်းကုန်များကို ပိုမိုလွတ်လပ်ခွင့် ပေးလိုက်ပြီး နိုင်ငံခြားငွေများကို ပုဂ္ဂလိက ကဏ္ဍာသို့ ထုတ်ရောင်းလိုက်ခြင်းဖြင့် ထေမိသွားစေခဲ့သည်။ ထို့ကြောင့် ပြည်တွင်း လှည့်လည်နေသည့် ငွေကြေးပမာဏ လျော့ကျသွားစေကာ ဝယ်လိုအား များစွာ တိုးတက်ခဲ့သည်။

အထက်ပါ ကိုင်တွယ်ဖြေရှင်းနည်း၏ ပြဿနာမှာ စီးပွားရေးစနစ်အတွင်းမှ နိုင်ငံခြားငွေများ စီးထွက်စေကာ နိုင်ငံခြားမှ ရယူမည့် အရင်းအနှီး ဖွဲ့စည်းမှု စရိတ်စကများကို လျော့နည်းသွားစေသည်။ အမှန်စင်စစ် ထိုကာလတွင် ဘဏ်စနစ်အတွင်း နိုင်ငံခြား အရန်ငွေများ သိသိသာသာ လျော့ကျခဲ့ပြီး[၇] သွင်းကုန်

၇။ ဒေါက်တာမာလီ၏ အဆိုအရ ၁၉၅၂-၁၉၅၃ မှ ၁၉၅၅-၁၉၅၆ ခုနှစ်အတွင်း ဘဏ်စနစ်အတွင်းရှိ နိုင်ငံခြားငွေ ရငွေနှင့် ပေးရန်ရှိတွင် ရငွေက သိသာစွာ ပိုမိုခဲ့ပြီး နှစ်စဉ်သွင်းကုန်နှုန်းလည်း တိုးတက်ခဲ့သည်။ ၁၉၅၅-၁၉၅၆ အကုန်တွင် နိုင်ငံခြားငွေ ပိုင်ဆိုင်မှုတန်ဖိုးမှာ ပေးရန်ရှိထက် ထက်ဝက်သာ ရှိတော့သည်။ (Mali 1962 , p. 44) အသေးစိတ်ကို Financial and monetary trends in 1950s KS Mali (1962) and U Tun Wai (1965) တွင် ကြည့်ပါ။

mgyoe.com


mgyoe.com SAMPLE BOOK

များကိုလည်း ထိန်းချုပ်ခဲ့ရကာ နိုင်ငံခြားငွေ စီးထွက်မှု လျော့ကျရေးနှင့် ပြည်ပငွေပေးငွေယူရှင်းတမ်း အခက်အခဲ မရှိစေရေးအတွက် ဆောင်ရွက်ခဲ့သည်။ သွင်းကုန်လိုင်စင်များသည်လည်း ကိုယ်ကျိုးရှာ အခွင့်ထူးခံ လူတန်းစားတို့၏ လက်ဝယ်သို့ ဦးတည်သွားကာ အများအားဖြင့် မြန်မာတို့မှာ စားသုံးသူများအဖြစ်သာ အနစ်နာခံခဲ့ကြရသည်။ တစ်ဖက်တွင်လည်း သွင်းကုန် ကန့်သတ်မှုကြောင့် ငွေဖောင်းပွမှုမှာ စတင် ခေါင်းထောင်လာခဲ့သည်။ (ပုံ ၂-၃)

အမှန်စင်စစ် ၁၉၅၅-၁၉၅၆ ခုနှစ်၌ ငွေဖောင်းပွမှု ဖြစ်ခဲ့သည့်အကြောင်းရင်းမှာ လှည့်လည်သုံးစွဲငွေ ပမာဏ မြင့်မားခြင်းထက် သွင်းကုန်လိုင်စင် ဟန့်တားလိုက်မှုကြောင့် ပိုမိုဖြစ်နိုင်ခြေ ရှိသည်ဟု ဒေါက်တာမာလီက သံသယရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကုန်ဈေးနှုန်း ဖောင်းပွမှုများကို သွင်းကုန်ပစ္စည်းများတွင် သိသာစွာ တွေ့မြင်ရသောကြောင့် ဖြစ်သည်။ (Mali 1962, p. 46)

ဖော်ပြပါ ပုံ (၂-၃) ကို ကြည့်မည် ဆိုပါက ၁၉၅၀ ပြည့်နှစ်တွင် ရှိသည့် ငွေဖောင်းပွမှုနှုန်းသည် လက်ရှိကာလနှင့် ကြည့်ပါက အသေးအဖွဲသာ ဖြစ်သည်။

ပုံ (၂-၃)
ရန်ကုန်မြို့ရှိ သုံးဦးပါ မိသားစုတစ်စု၏ နေထိုင်မှု ကုန်ကျစရိတ် အညွှန်းကိန်း
(၁၉၄၉ မှ ၁၉၆၀ အထိ)




mgyoe.com

mgyoe.com
SAMPLE BOOK

အထက်ပါ အချက်များမှလွဲ၍ အာဏာပိုင်များအနေနှင့် ဘဏ္ဍာရေး မူဝါဒများကို အမြော်အမြင်ရှိစွာ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

၁၉၅၇ ခုနှစ် ဩဂုတ်လတွင် ဗဟိုဘဏ် တာဝန်ရှိသူများသည် သမားရိုးကျ ငွေကြေးမူဝါဒတစ်ရပ်ကို ချမှတ်ကာ ဈေးနှုန်းနှင့် ပြည်ပငွေပေးငွေယူရှင်းတမ်းကို ထိန်းကျောင်းရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ အရန်ငွေကြေး လိုအပ်ချက်ကိုလည်း မြှင့်တင်ခဲ့သည်။ တောင်းခံလျှင် ပြန်ပေးရမည့် အပ်ငွေ (demand deposit) ကို ၈ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ အချိန်ပိုင်း အပ်နှံငွေ (time deposit) ကို ၃ ရာခိုင်နှုန်းမှာ ၆ ရာခိုင်နှုန်းသို့ လည်းကောင်း မြှင့်တင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ပြည်ထောင်စုဘဏ်၏ အနည်းဆုံးထားရှိရမည့် အရန်ငွေကြေးကိုလည်း ချဲ့ထွင်ခဲ့ကာ အစိုးရငွေချေး သက်သေခံလက်မှတ်များနှင့် ငွေသား အပ်နှံငွေများ ပိုမို ထားရှိရေးကို ဆောင်ရွက်ခဲ့သည်။ ဤဆောင်ရွက်မှုက အရန်ငွေကြေး လိုအပ်ချက်ကို အတိုင်းအတာ တစ်ခုအထိ အပြန်အလှန် ထိန်းကျောင်းနိုင်သလို ပုဂ္ဂလိကဘဏ်များကိုလည်း အစိုးရ ငွေချေးသက်သေခံလက်မှတ်များ ရောင်းထုတ်ကာ ၎င်းတို့၏ ငွေဖြစ်လွယ်ရေးအတွက် ဆောင်ရွက်ချက်များကိုလည်း တားမြစ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ အထက်ဖော်ပြပါ ဆောင်ရွက်ချက်များမှ လွဲ၍ မြန်မာနိုင်ငံတွင် စတော့အိတ်ချိန်းတစ်ခု တည်ထောင်နိုင်ခြင်း မရှိခဲ့သေးပါ။ စစ်မတိုင်မီက ရန်ကုန်မြို့တွင် စတော့အိတ်ချိန်း ရှိခဲ့ပြီး ယင်းအချိန်က ဈေးကွက်စီးပွားရေးစနစ်ကို ကောင်းမွန်စွာ အထောက်အကူ ဖြစ်စေမည့် ဘဏ္ဍာရေးစနစ်တစ်ခု ဖြစ်ပေါ်စေခဲ့သည်။ ဤလမ်းကြောင်းအတိုင်းသာ ဆက်သွားမည် ဆိုပါက မြန်မာနိုင်ငံတော်ဘဏ်အနေနှင့် ပိုမိုရှုပ်ထွေးနက်နဲသော ငွေကြေးမူဝါဒများကို ကိုင်တွယ်ကောင်း ကိုင်တွယ်ခဲ့ရမည် ဖြစ်ပေသည်။ သို့သော် ဤသို့ ဖြစ်မလာခဲ့ချေ။

၁၉၄၇-၁၉၄၈ မှ ၁၉၅၂-၁၉၅၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းတွင် အစိုးရအနေဖြင့် ရသုံးမှန်းခြေငွေစာရင်း ပိုငွေ ပြခဲ့သည်။ ဤကိစ္စမှာ အကြောင်းရင်းနှစ်ခုကြောင့် ဖြစ်နိုင်သည်။ ဝင်ငွေဘက်အခြမ်းတွင် နိုင်ငံဝင်ငွေ၏ သုံးပုံ တစ်ပုံမှ တစ်ဝက်ခန့်သည် ဆန်တင်ပို့မှုမှ ရရှိသော ဝင်ငွေ ဖြစ်ပြီး ယင်းသို့ ဖြစ်ရခြင်းမှာ ကမ္ဘာ့ဆန်ဈေးနှင့် မြန်မာ့ဆန်ဈေး ကွာဟချက် ကြီးမားပြီး ထိုစဉ်က နိုင်ငံပိုင်ကောက်ပဲသီးနှံ ရောင်းဝယ်ရေး ဘုတ်အဖွဲ့ (SAMB) မှ လယ်သမားများသို့ ပေးချေသည့် စပါးဈေးကို ပုံသေ သတ်မှတ်ထားသော အလွန်နိမ့်ကျသည့်ဈေးဖြင့် ဝယ်ယူသည့်အတွက်ကြောင့် ဖြစ်သည်။ အသုံးစရိတ်ဘက်တွင်လည်း ပြည်တွင်း


mgyoe.com

mgyoe.com SAMPLE BOOK

သောင်းကျန်းမှုများကြောင့် စစ်အသုံးစရိတ် ပိုမိုသုံးစွဲနေရသည့်တိုင် နိုင်ငံ ဖွံ့ဖြိုးရေးအတွက် သုံးစွဲရသည့် အသုံးစရိတ်များမှာ လွန်စွာ နည်းပါးသည့်အတွက် စုစုပေါင်း အသုံးစရိတ် ပမာဏ နည်းခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် ၁၉၅၂-၁၉၅၃ ခုနှစ်တွင် ရှစ်နှစ် စီမံကိန်းကို စတင်ခဲ့ပြီးနောက် အစိုးရ၏ အသုံးစရိတ် သိသိသာသာ မြင့်တက်လာခဲ့သည်။ မည်သို့ပင် ဆိုစေ အစိုးရ၏ ဘဏ္ဍာရေး အမြော်အမြင်ရှိမှုကြောင့် နှစ်တချို့မှ လွဲ၍ ဘတ်ဂျက် ပိုငွေ ဆက်လက် ဖြစ်ပေါ်စေခဲ့သည်။

ဇယား (၂-၆)
ဗဟိုအစိုးရ ရသုံးမှန်းခြေငွေစာရင်း ၁၉၃၈ မှ ၁၉၆၂ အထိ
(ကျပ်သန်းပေါင်း)

| ခုနှစ် | ဝင်ငွေ | အသုံးစရိတ် | လျှော့နည်းငွေ |
|---|---|---|---|
| ၁၉၃၈-၁၉၃၉ | ၁၆၄. ၃ | ၁၅၇. ၉ | ၆. ၄ |
| ၁၉၄၇-၁၉၄၈ | ၅၆၂. ၅ | ၅၀၉. ၀ | ၅၃. ၅ |
| ၁၉၄၈-၁၉၄၉ | ၄၆၆. ၂ | ၄၁၂. ၅ | ၅၃. ၇ |
| ၁၉၄၉-၁၉၅၀ | ၆၂၀. ၇ | ၄၃၆. ၆ | ၁၈၄. ၁ |
| ၁၉၅၀-၁၉၅၁ | ၆၄၄. ၈ | ၅၅၈. ၂ | ၈၆. ၆ |
| ၁၉၅၁-၁၉၅၂ | ၇၈၃. ၅ | ၇၇၉. ၈ | ၃. ၇ |
| ၁၉၅၂-၁၉၅၃ | ၉၈၇. ၀ | ၉၈၇. ၀ | ၀. ၀ |
| ၁၉၅၃-၁၉၅၄ | ၁၀၅၂. ၀ | ၁၃၄၇. ၀ | - ၂၉၅. ၀ |
| ၁၉၅၄-၁၉၅၅ | ၁၂၀၈. ၀ | ၁၃၁၀. ၀ | - ၁၀၂. ၀ |
| ၁၉၅၅-၁၉၅၆ | ၁၀၃၃. ၀ | ၁၀၆၇. ၀ | - ၃၄. ၀ |
| ၁၉၅၆-၁၉၅၇ | ၁၂၀၃. ၀ | ၁၂၀၃. ၀ | ၀. ၀ |
| ၁၉၅၇-၁၉၅၈ | ၁၃၃၈. ၀ | ၁၃၃၈. ၀ | ၀. ၀ |
| ၁၉၅၈-၁၉၅၉ | ၁၃၈၃. ၀ | ၁၃၈၃. ၀ | ၀. ၀ |
| ၁၉၅၉-၁၉၆၀ | ၁၄၂၁. ၀ | ၁၄၂၁. ၀ | ၀. ၀ |
| ၁၉၆၀-၁၉၆၁ | ၁၄၀၅. ၀ | ၁၄၅၀. ၀ | - ၄၅. ၀ |
| ၁၉၆၁-၁၉၆၂ | ၁၃၉၅. ၀ | ၁၃၉၆. ၀ | - ၁. ၀ |

Sources: *Economic Survey of Burma* (1958-1959 and earlier): Walinsky (1962) for data on 1938-1939.



mgyoe.com

mgyoe.com
SAMPLE BOOK

ကားချပ် (၂-၃) တွင် ဖော်ပြထားသည့်အတိုင်း ငွေလုံးငွေရင်း အသုံးစရိတ်ကို အချိုးကျ လျှော့ချသွားသည့်အတွက် ဘတ်ဂျက် အသုံးစရိတ် ညီမျှနေခြင်း ဖြစ်သည်။ ဤသည်ကြောင့် နိုင်ငံပိုင်ကဏ္ဍ၏ဘတ်ဂျက်လိုငွေ ဖြစ်ပေါ်မှုက ငွေဖောင်းပွမှုအပေါ် မည်သို့မျှ ထိခိုက်မှု မရှိခဲ့ဟု ပြော၍ မရပါ။ ဇယား (၂-၆) နှင့် ကားချပ် (၂-၃) တို့တွင် ဖော်ပြထားသည့်အတိုင်း ၁၉၅၃-၁၉၅၄၊ ၁၉၅၄-၁၉၅၅ နှင့် ၁၉၅၆-၁၉၅၇ ခုနှစ်တို့တွင် နိုင်ငံပိုင်ကဏ္ဍ၏ ဘတ်ဂျက်လိုငွေများ ဖြစ်ပေါ်နေပြီး ၁၉၅၅၊ ၁၉၅၆ နှင့် ၁၉၅၇ ခုနှစ်တွင် စားသုံးသူဈေးဆန္ဒန်းကိန်း (CPI) မြင့်တက်မှုက ဆက်တိုက် ကပ်ပါလာသည်ကို တွေ့ရပါသည်။

## (ဃ) ပြည်ပကုန်သွယ်ရေး

ဤအခန်း၏ အစောပိုင်းတွင် မှတ်ချက်ပြုထားသည့်အတိုင်း မနှစ်မြို့စရာ အမွေအနှစ်တစ်ခုမှာ ရာစုနှစ် တစ်ခုနှင့် တစ်ဝက်ကျော် ကြာအောင် လွတ်လပ်သော ကုန်သွယ်မှုစနစ်တစ်ခု ရှိခဲ့လျက်နှင့် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုမှ လွဲချော်ခဲ့ခြင်း ဖြစ်သည်။ သို့အတွက်ကြောင့် စစ်ကြိုခေတ် ဖွံ့ဖြိုးတိုးတက်မှု ပုံစံအပေါ် တုံ့ပြန်မှုသည် နိုင်ငံကို သွင်းကုန်အစားထိုး စက်မှုနိုင်ငံတစ်ခုအဖြစ် ချီတက်သင့်သည်ဟု နားလည် သဘောပေါက်ရပေသည်။ (သို့အတွက်ကြောင့် စစ်မတိုင်မီခေတ် ဖွံ့ဖြိုးတိုးတက်မှု ပုံသဏ္ဍာန်တစ်ခုက နိုင်ငံကို သွင်းကုန်အစားထိုး စက်မှုနိုင်ငံတစ်ခုအဖြစ် ချီတက်ရန် အလေးပေးခဲ့ခြင်းကြောင့် ဖြစ်သည်ဟု နားလည် သဘောပေါက်ရသည်။)

တစ်ဖက်တွင်လည်း စက်မှုနိုင်ငံ တည်ဆောက်ရေးတွင် လေ့ကျင့်ထားသည့် ပုဂ္ဂိုလ်၊ အရင်းအနှီးနှင့် ပစ္စည်းကိရိယာ လုံလောက်မှု မရှိဘဲ မအောင်မြင်နိုင်ဆိုသည့်အချက်မှာ သိသာ ထင်ရှားပါသည်။ မြန်မာနိုင်ငံ၏ ၁၉၅၀ ပြည့်နှစ် အစောပိုင်းကာလများသည် ပြည့်စုံမှု မရှိသည့် ကာလများ ဖြစ်ပြီး ယင်းကာလတွင် ပြည်ပပို့ကုန်ကို မြှင့်တင်ရန် လိုအပ်ခဲ့သည်။ စီမံကိန်း ချမှတ်သူများသည် ယင်းကို နားလည် သဘောပေါက်ခဲ့ပုံ ရသည်။ ၎င်းတို့ မှားယွင်းခဲ့သည့်အချက်မှာ ပို့ကုန် မြှင့်တင်ရေးနှင့် အခြေခံထွက်ကုန်ကဏ္ဍတို့၏ ဆက်စပ်ပုံကို မသိခဲ့ခြင်းပင် ဖြစ်သည်။ ယင်းအချက်မှာ ဖြစ်နိုင်ခြေ ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ၁၉၅၀ ပြည့်နှစ် ကာလများတွင် ပြည်ပကုန်သွယ်မှု ပိုငွေကို များစွာ အားမစိုက်ထုတ်ရဘဲ အလွယ် ရခဲ့သောကြောင့် ဖြစ်သည်။


mgyoe.com

mgyoe.com

SAMPLE BOOK

ဇယား (၂-၇)

## ပြည်ပကုန်သွယ်မှု (၁၉၃၈ မှ ၁၉၆၂ အထိ)

| နှစ်* | ကုန်သွယ်မှု ဆခွန်းများ: ပို့ကုန် ပမာဏ | ယူနစ် တန်ဖိုး ပို့ကုန် | ကျပ် (သန်း): ပို့ကုန် | သွင်းကုန် | ပြည်ပ ကုန်သွယ်မှု ရှင်းတမ်း | ကုန်သွယ်မှု ပိုငွေ/လိုငွေ သွင်းကုန်အပေါ် ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁၉၃၈-၁၉၃၉ | | | ၁၈၁ | ၇၉ | ၁၀၂ | ၁၂၉.၁ |
| ၁၉၄၇-၁၉၄၈ | | | ၁၄၄ | ၁၄၂ | ၂ | ၁.၄ |
| ၁၉၄၈-၁၉၄၉ | | | ၂၂၉ | ၁၇၆ | ၅၃ | ၃၀.၁ |
| ၁၉၄၉-၁၉၅၀ | | | ၂၂၂ | ၁၁၃ | ၁၀၉ | ၉၆.၅ |
| ၁၉၅၀-၁၉၅၁ | | | ၁၃၉ | ၉၁ | ၄၈ | ၅၂.၇ |
| ၁၉၅၁-၁၉၅၂ | | | ၂၀၂ | ၁၃၇ | ၇၅ | ၅၄.၇ |
| ၁၉၅၂-၁၉၅၃ | ၉၅ | ၄၀ | ၂၆၄ | ၁၉၂ | ၇၂ | ၃၇.၅ |
| ၁၉၅၃-၁၉၅၄ | ၁၃၇ | ၃၁ | ၂၃၈ | ၁၇၈ | ၆၀ | ၃၃.၇ |
| ၁၉၅၄-၁၉၅၅ | ၁၅၀ | ၂၅ | ၂၅၁ | ၂၀၄ | ၄၇ | ၂၃.၀ |
| ၁၉၅၅-၁၉၅၆ | ၁၇၂ | ၂၄ | ၂၂၇ | ၁၈၁ | ၄၆ | ၂၅.၄ |
| ၁၉၅၆-၁၉၅၇ | ၁၆၈ | ၂၃ | ၂၅၀ | ၁၉၈ | ၅၂ | ၂၆.၃ |
| ၁၉၅၇-၁၉၅၈ | ၁၇၉ | ၂၄ | ၂၂၉ | ၂၉၇ | - ၆၈ | - ၂၂.၈ |
| ၁၉၅၈-၁၉၅၉ | ၁၆၉ | ၂၂ | ၁၉၄ | ၂၀၄ | - ၁၀ | - ၄.၉ |
| ၁၉၅၉-၁၉၆၀ | ၁၇၃ | ၂၀ | ၂၂၄ | ၂၂၃ | ၁ | ၀ |
| ၁၉၆၀-၁၉၆၁ | ၁၆၂ | ၂၃ | ၂၂၄ | ၂၅၉ | - ၃၅ | - ၁၃.၅ |
| ၁၉၆၁-၁၉၆၂ | ၁၇၉ | ၂၄ | ၂၂၂ | ၂၁၅ | ၇ | ၃.၂ |

* Base year = 1980

Source: IMF, *International Financial Statistics* (1952,1956,1960,1966); World Bank, *World Data Series* (1995).

ဇယား (၂-၇) တွင် ဖော်ပြပါရှိသည့်အတိုင်း မြန်မာနိုင်ငံသည် ၁၉၅၆ ခုနှစ်အထိ ပြည်ပကုန်သွယ်မှု ပိုငွေကို အတော်အသင့် ရရှိခဲ့ကြောင်း တွေ့ရှိရသည်။ ၁၉၄၈-၁၉၄၉ မှ ၁၉၅၆-၁၉၅၇ ကာလအထိ မြန်မာနိုင်ငံ၏ နှစ်စဉ်ပျမ်း

mgyoe.com

mgyoe.com SAMPLE BOOK

မှု ကုန်သွယ်မှုပိုငွေမှာ ဒေါ်လာ သန်း ၅၀ ကျော် ရှိခဲ့သည်။ ထိုအချိန်မှ စ၍ ပြည်ပပို့ကုန် ယူနစ်တန်ဖိုး ကျဆင်းခဲ့ခြင်းနှင့်အတူ ပြည်ပကုန်သွယ်မှု ပိုငွေမှာ ပျောက်ကွယ်ခဲ့ရခြင်း သို့မဟုတ် အနည်းဆုံး အနေအထားသို့ ကျရောက်ခဲ့ရသည်။

ပြည်ပပို့ကုန်၏ ပါဝင်ဖွဲ့စည်းပုံကို ကြည့်ပါက ဆန်နှင့် ဆန်ထွက်ပစ္စည်းများက အဓိကနေရာတွင် ရပ်တည်နေမှု အနေအထားကို တွေ့ရပြီး စစ်မတိုင်မီကာလထက် စစ်ပြီးကာလတွင် ပိုမိုအရေးပါလာကြောင်း တွေ့ရသည်။ (ဇယား ၂-၈) သို့အတွက်ကြောင့် ၁၉၅၃ ခုနှစ်တွင် ဆန် တစ်တန်လျှင် စတာလင်ပေါင် ၆၀ ရှိရာမှ ၁၉၅၅ ခုနှစ်တွင် ၄၂ ပေါင်သို့ ကျဆင်းခဲ့ပြီး ထပ်မံ၍ ၃၅ ပေါင်သို့ ကျဆင်းခဲ့သောကြောင့် ပြည်ပပို့ကုန်မှ ရငွေမှာလည်း အမေရိကန် ဒေါ်လာ ၂၂၄ သန်းတွင် တန့်သွားခဲ့သည်။

ဇယား (၂-၈)

ပြည်ပပို့ကုန် ပါဝင်မှု အချိုးအစား (၁၉၃၈ မှ ၁၉၆၂ အထိ)

| | ၁၉၃၈-၁၉၃၉ | | ၁၉၆၁-၁၉၆၂ | |
|---|---|---|---|---|
| | ကျပ်သန်းပေါင်း | ရာနိုင်နှုန်း | ကျပ်သန်းပေါင်း | ရာနိုင်နှုန်း |
| ဆန်နှင့်ဆန်ထွက်ပစ္စည်း | ၂၂၃ | ၄၆.၇ | ၈၅၂ | ၆၇.၃ |
| အခြားလယ်ယာထွက်ကုန် | ၃၂ | ၆.၇ | ၂၁၈ | ၁၇.၂ |
| ဆီ | ၁၀၉ | ၂၂.၈ | - | - |
| သစ် | ၃၃ | ၆.၉ | ၁၃၃ | ၁၀.၅ |
| သတ္တု | ၅၃ | ၁၁.၉ | ၄၂ | ၃.၃ |
| အခြား | ၂၄ | ၅.၀ | ၂၂ | ၁.၇ |
| စုစုပေါင်း | ၄၇၈ | ၁၀၀.၀ | ၁၂၆၇ | ၁၀၀.၀ |

Source: Central Statistics and Economic Department, Rangoon.

## (င) ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု

ယခင်အခန်းတွင် ဖော်ပြခဲ့သည်များမှာ မြန်မာ့စီးပွားရေး စွမ်းဆောင်ချက်များကို စုစုပေါင်း တိုးတက်မှုနှုန်းနှင့် အခြေခံ အကြောင်းရင်းတချို့အပေါ် အခြေခံကာ တင်ပြခဲ့ခြင်း ဖြစ်သည်။ ယခု တင်ပြမည့် အခန်းတွင် ကဏ္ဍအလိုက် ဖွံ့ဖြိုးမှု အခြေအနေကို ရှုထောင့်အသီးသီးမှ သုံးသပ် တင်ပြသွားမည် ဖြစ်သည်။ ဇယား

mgyoe.com

mgyoe.com SAMPLE BOOK

(၂-၉) တွင် ၁၉၅၂-၁၉၅၃ ခုနှစ်မှ ၁၉၆၁-၁၉၆၂ ခုနှစ်အတွင်း ကဏ္ဍအလိုက် ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုးကို တင်ပြထားသည်။

ဇယား (၂-၉)
ကဏ္ဍအလိုက် ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး ပါဝင်မှု
(၁၉၅၈ မှ ၁၉၆၂ အထိ) (၁၉၆၁–၁၉၆၂ ဈေးနှုန်းဖြင့်)

| ကဏ္ဍ | ၁၉၅၂-၁၉၅၃ | ၁၉၆၁-၁၉၆၂ |
|---|---|---|
| လယ်ယာ | ၂၉. ၁ | ၂၂. ၉ |
| စက်မှု | ၇. ၆ | ၁၅. ၂ |
| ဆောက်လုပ်ရေး | ၃. ၄ | ၃. ၀ |
| ပို့ဆောင်ရေး | ၃. ၇ | ၃. ၇ |
| စီမံခန့်ခွဲရေးလုပ်ငန်း | ၁၈. ၈ | ၁၉. ၉ |
| ကုန်သွယ်ရေး | ၂၆. ၄ | ၂၆. ၁ |
| အခြားအခြေခံလုပ်ငန်းများ | ၁၁. ၂ | ၉. ၂ |

Source: Ministry of Planning and Finance.

ဇယား (၂-၉) တွင် ၁၉၆၁-၁၉၆၂ ခု ပုံမှန်ဈေးနှုန်းများအရ စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍတို့တွင် ထုတ်လုပ်မှုကဏ္ဍ ပါဝင်မှု အချိုးအစား ပြောင်းလဲသွားပုံကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။ အခြားသော အခြေခံ ထုတ်ကုန်ကဏ္ဍအပါအဝင် လယ်ယာကဏ္ဍ၏ GDP အပေါ် ပါဝင်မှု အချိုးအစားမှာ ၁၉၅၂-၁၉၅၃ ခုနှစ်တွင် ၄၀. ၃ ရာခိုင်နှုန်း ရှိရာမှ ၁၉၆၁-၁၉၆၂ တွင် ၃၂. ၁ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။ ထိုကာလမှပင် ဆောက်လုပ်ရေးကဏ္ဍ အပါအဝင် စက်မှုကဏ္ဍ၏ GDP အပေါ် ပါဝင်မှုနှုန်းမှာ ၁၁. ၀ ရာခိုင်နှုန်းမှ ၁၈. ၂ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့သည်။

စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍ ပါဝင်မှုအချိုး မြင့်မားလာမှုကြောင့် ယင်းကာလတစ်လျှောက်တွင် ဝန်ဆောင်မှုကဏ္ဍကြီး၏ GDP အပေါ် ပါဝင်မှု အချိုးအစားမှာ ၄၈. ၉ ရာခိုင်နှုန်းမှ ၄၉. ၇ ရာခိုင်နှုန်းသို့ အနည်းငယ် တိုးတက်လာခဲ့သည်။ (ပုံ ၂-၄)




mgyoe.com

mgyoe.com
SAMPLE BOOK

ပုံ (၂-၄)

ပြည်တွင်းအသားတင်ထုတ်လုပ်မှုအပေါ် စက်မှုကဏ္ဍနှင့် လယ်ယာကဏ္ဍမှ ပါဝင်မှုအချိုး (၁၉၅၂ မှ ၁၉၆၂ အထိ)




## (င-၁) လယ်ယာစိုက်ပျိုးရေး

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ အပါအဝင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် မြန်မာ့စီးပွားရေးအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ရပ်တည်နေဆဲ ဖြစ်သည်။ မြန်မာနိုင်ငံ လူဦးရေ၏ ၇၅ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကာ ဤလယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းနေကြရသည်။ ၁၉၅၂-၁၉၅၃ ခုနှစ်တွင် ဤကဏ္ဍမှ တိုင်းပြည် GDP ၏ ၄၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးပြီး စုစုပေါင်း လုပ်သားအင်အား၏ ၆၆ ရာခိုင်နှုန်းကို အလုပ်အကိုင် ဖန်တီးပေးကာ ပြည်ပပို့ကုန် တန်ဖိုး၏ ၅၁. ၃ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

ကောက်ပဲသီးနှံ ထုတ်လုပ်ရေးသည် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ အရေးပါသော ထုတ်ကုန် ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မိုးရေသည် ယနေ့တိုင် အဓိက အားထားရသော အရင်းအမြစ်တစ်ခု ဖြစ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

စပါးသည် အဓိက ကောက်ပဲသီးနှံ ဖြစ်ပြီး နှံစားသီးနှံများ၊ အစေ့ထုတ်ပြောင်းနှင့် ဆီထွက်သီးနှံများသည်လည်း အရေးပါသော ကောက်ပဲသီးနှံများ ဖြစ်သည်။

စစ်အတွင်းတွင် ပျက်စီးမှုများ၏ဒဏ်ကြောင့် ၁၉၄၅-၁၉၄၆ ခုနှစ်တွင် စိုက်ပျိုးနိုင်သော မြေဧက ၁၁. ၇ သန်းသာ ကျန်ခဲ့ပြီး စစ်မတိုင်မီကာလက ရှိခဲ့သော ဧရိယာ၏ ၆၃ ရာခိုင်နှုန်းသာ ရှိခဲ့သည်။ ထို့ပြင် လွတ်လပ်ရေး ရပြီးနောက်ပိုင်းတွင် ပြည်တွင်းစစ်များ ဖြစ်ပေါ်မှုကြောင့် စိုက်ပျိုးရေး လုပ်ငန်းများ နှစ်နှစ်ခန့် လုပ်ဆောင်၍ မရခဲ့ပါ။ မည်သို့ပင် ဖြစ်စေ လယ်ယာစိုက်ပျိုးရေး ကဏ္ဍ တိုးတက်မှု နှေးကွေးရခြင်း၏ အဓိက အကြောင်းရင်းမှာ အစိုးရ၏လျစ်လျူပြုမှုကြောင့်သာမက စီးပွားရေး ဖွံ့ဖြိုးမှုတွင် လယ်ယာကဏ္ဍ၏ အရေးပါမှုကို အသိအမှတ် မပြုခြင်းနှင့် SAMB ၏ ရောင်းဝယ်ရေး မူဝါဒများကြောင့် ဖြစ်ပေသည်။

အဆိုပါ ကာလတွင် အစိုးရ၏ အဓိက အလေးထားမှုမှာ မြေယာမဲ့များနှင့် ကြွေးတင်နေသည့် လယ်သမားများ၏ ပြဿနာများအား တရားသဖြင့် ဖြစ်စေရေးနှင့် တစ်ဖက်တွင်လည်း အခြားသူများ အားလုံးအတွက် သာတူညီမျှမှု ရှိစေရေးကို ဆောင်ရွက်ရန် ဖြစ်သည်။ ဤသည်ကို ကြည့်ကာ အစိုးရ အနေနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို တိုးတက်အောင် မဆောင်ရွက်တော့ဟု မဆိုလိုပါ။ ၁၉၅၂-၁၉၅၃ နှင့် ၁၉၅၉-၁၉၆၀ ကြားကာလများတွင် အစိုးရအနေနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍသို့ ပျမ်းမျှအားဖြင့် စုစုပေါင်း အသုံးစရိတ်၏ ၉ ရာခိုင်နှုန်း ထည့်ဝင်ခဲ့သည်။

သို့ရာတွင် ဤပမာဏသည် အရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လွန်စွာ နည်းပါးသည်။ ၎င်းနိုင်ငံများတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ သုံးစွဲမှုမှာ စုစုပေါင်း အသုံးစရိတ်၏ ၂၀ မှ ၃၀ ရာခိုင်နှုန်းအထိ ရှိသည်။ အစိုးရသည် ၁၉၅၂ ခုနှစ်တွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ်စီမံကိန်းကို ရေးဆွဲကာ ၁၉၅၃ ခုနှစ်တွင် လယ်သမားများကို စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးရေးနှင့် လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ် တည်ထောင်ရေးကို ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် အဆိုပါ အပြုသဘောဆောင်သော ကြိုးစား အားထုတ်မှုများသည် SAMB ၏ ဈေးကွက်မူဝါဒများအောက်တွင် မှေးမှိန်ခဲ့ရသည်။

SAMB ကို ၁၉၄၆ ခုနှစ်တွင် တည်ထောင်ခဲ့ကာ အောက်ဖော်ပြပါ လုပ်ပိုင်ခွင့်များ အပ်နှင်းခဲ့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

- ယခင် နိုင်ငံခြားသားများ ဆောင်ရွက်ခဲ့သည့် ပြည်ပသို့ ဆန် တင်ပို့ရောင်းချခြင်းတာဝန်ကို ယူရန်၊
- လယ်သမားများသို့ ပေးချေငွေနှင့် ဆန်စပါး တင်ပို့၍ ရရှိငွေ ခြားနားသည့် အမြတ်အစွန်းကို ဖွံ့ဖြိုးမှု စီမံကိန်းများတွင် သုံးစွဲရန်၊
- စပါးဈေးနှုန်း တည်ငြိမ်စေရေး အာမခံ အစီအစဉ်များ ချမှတ်ကာ လယ်သမားများကို စိုက်ပျိုးဧကများ တိုးချဲ့စေနိုင်ရေး အားပေးရန်နှင့်
- စီးပွားရေးစနစ် တစ်ခုလုံးတွင် ဈေးနှုန်းများ တည်ငြိမ်စေရေး၊ အထူးသဖြင့် မြို့ပြရှိ လုပ်ခစားများအတွက် ဈေးနှုန်း တည်ငြိမ်စေရေးနှင့် ဆန်ဈေးနှုန်း ကျဆင်းစေရန်တို့ ဖြစ်သည်။ (Ambler 1983, p. 19)

နိုင်ငံပိုင် ကုန်ပစ္စည်း ဝယ်ယူရေး စနစ်ကလည်း လွတ်လပ်သော ဈေးနှုန်းမူဘောင်တစ်ခုကို ချမှတ်ထားခြင်းကြောင့် လယ်သမားများအနေနှင့် မည်သည်ကို စိုက်ပျိုးထုတ်လုပ်မည်၊ မည်သို့ ထုတ်လုပ်မည်၊ မည်သူ့ကို ရောင်းချမည် စသည်တို့ကို မိမိတို့ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။ SAMB သည် ဆန်စက်လုပ်ငန်းရှင်များ၊ ပွဲစားများ၊ သမဝါယမနှင့် လယ်သမားများထံမှ ဆန်စပါးကို ဝယ်ယူသည်။ လယ်ယာထွက်ကုန်များမှာ အဓိကအားဖြင့် ပြည်ပသို့ တင်ပို့ရန် စိုက်ပျိုးထုတ်လုပ်ခြင်း ဖြစ်ပြီး ပြည်တွင်းစားသုံးမှုအတွက် ဆန်စပါး ဖြန့်ဖြူးရောင်းချခြင်းကိုမူ လွတ်လပ်သော ကိုယ်စားလှယ်များမှတစ်ဆင့် ဆောင်ရွက်ခဲ့သည်။ ၁၉၄၈-၁၉၄၉ မှ ၁၉၆၀-၁၉၆၁ ကြားကာလတွင် အစိုးရ၏ တရားဝင် စပါးဝယ်ဈေးမှာ ပုံသေ ဖြစ်ပြီး ယင်းဈေးမှာ ပြည်ပရောင်းဈေးထက် လျော့နည်းသည်။ ဤစနစ်သည် ငွေဖောင်းပွမှုနှုန်းကို အနိမ့်ဆုံးအဆင့်တွင် ထိန်းထားနိုင်ရုံသာမက အရင်းအနှီး ဖွဲ့စည်းတည်ဆောက်ရေးတွင်လည်း ကြီးမားသော အထောက်အကူကို ဖြစ်ပေါ်စေသည်။ (Mya Than and Nishizawa 1990, pp. 92-93)

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အမြဲတစေ ခေါင်းပုံဖြတ်ခံခဲ့ရသော ကဏ္ဍဖြစ်ခဲ့သည်။ အထက်ပါ မူဝါဒ၏ ဆိုးကျိုးများကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှု အထူးသဖြင့် စပါး စိုက်ပျိုးထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေခဲ့သည်။[၈]

၈။ မြန်မာ၏ ဆန်စပါးဈေးနှုန်း မူဝါဒ အသေးစိတ်ကို Tin Soe and Fisher (1990) တွင် ကြည့်ပါ။


mgyoe.com

mgyoe.com SAMPLE BOOK

စစ်မတိုင်မီကာလတွင် ရှိခဲ့သော စုစုပေါင်း စိုက်ပျိုးနိုင်သည့် လယ်ဧက ၁၉ သန်းကို ၁၉၆၁-၁၉၆၂ ကာလတွင်မှ ပြန်လည် ရရှိခဲ့လေသည်။ သို့သော်လည်း စိုက်ပျိုးနိုင်သည့် စိုက်ဧကထဲမှ စပါးစိုက်ဧက ၁၁. ၈ သန်းမှာ ၁၉၃၆-၁၉၄၀ ကာလက ရှိခဲ့သော ဧကထက် ဧက ၁ သန်း သို့မဟုတ် ၁၅ ရာခိုင်နှုန်း လျော့နည်းသည်ကို တွေ့ရသော်လည်း အခြားသီးနှံများ ဖြစ်သည့် မြေပဲ၊ နှမ်း၊ ပဲမျိုးစုံနှင့် ကြံစိုက်ပျိုးဧကမှာ ၁၉၃၆-၁၉၄၀ ကာလထက် သာလွန်သည်ကို တွေ့ရှိရသည်။

ဇယား (၂-၁၀)

**အဓိက သီးနှံအချို့၏ စိုက်ဧက (၁၉၃၆ မှ ၁၉၆၁ အထိ)**

**(ပျမ်းမျှ ဧကထောင်ပေါင်း)**

| သီးနှံ | ၁၉၃၆-၁၉၄၀ | | ၁၉၅၉-၁၉၆၁ | | စိုက်ဧက ရာခိုင်နှုန်း ပြောင်းလဲမှု |
|---|---|---|---|---|---|
| | ပျမ်းမျှဧက | ရာခိုင်နှုန်း | ပျမ်းမျှဧက | ရာခိုင်နှုန်း | (၁၉၃၆-၁၉၄၀) |
| စပါး | ၁၂၈၃၁ | ၆၇. ၀ | ၁၁၈၈၃ | ၆၁. ၀ | ၈၅ |
| မြေပဲ | ၈၀၈ | ၄. ၂ | ၁၂၀၉ | ၆. ၈ | ၁၅၀ |
| နှမ်း | ၁၃၈၈ | ၇. ၂ | ၁၅၁၀ | ၈. ၅ | ၁၀၉ |
| ပဲ | ၁၃၂၉ | ၆. ၉ | ၁၅၄၁ | ၈. ၆ | ၁၁၆ |
| ကြံ | ၆၄ | ၀. ၃ | ၇၉ | ၀. ၄ | ၁၂၂ |
| ဝါဂွမ်း | ၄၅၃ | ၂. ၄ | ၄၀၅ | ၂. ၃ | ၉၀ |
| ရာဘာ | ၁၀၉ | ၀. ၆ | ၁၄၂ | ၀. ၈ | ၁၃၀ |
| အခြား | ၂၁၈၄ | ၁၁. ၄ | ၁၀၅၉ | ၁၁. ၆ | ၄၈ |
| စုစုပေါင်း | ၁၉၁၆၆ | ၁၀၀ | ၁၇၈၂၈ | ၁၀၀ | ၉၃ |

Source: *Economic Survey of Burma* (various issues).

ဤပြောင်းလဲသွားသည့် စိုက်ပျိုးဧက ဖွဲ့စည်းမှု ပုံသဏ္ဍာန်ကို ကြည့်မည်ဆိုပါက မြန်မာလယ်သမားများ၏ ဆွဲဆောင်မှုနှင့် စိတ်ပါဝင်စားမှု များသည့် သီးနှံဈေးနှုန်း အတက်အကျအပေါ် မူတည်ကြောင်း တွေ့ရှိရသည်။ ၁၉၅၉-၁၉၆၀ ပြည့်နှစ်တွင် တရားဝင် စပါးဝယ်ဈေးနှုန်း တင်း ၁၀၀ လျှင် ၂၈၅ ကျပ်သည် စစ်မတိုင်မီကာလ၏ သုံးဆသာ ရှိခဲ့ချိန်တွင် အခြားသီးနှံများ ဖြစ်သည့်

mgyoe.com

mgyoe.com SAMPLE BOOK

မြေပဲ၊ ပဲမျိုးစုံ၊ ကြံတို့၏ဈေးနှုန်းမှာ စစ်မတိုင်မီ ကာလထက် ခြောက်ဆ ရှိခဲ့သည်။ အခြားသော အဓိကသီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှုသည်လည်း အထက်ဖော်ပြပါ ပြောင်းလဲမှုပုံသဏ္ဍာန်အတိုင်း လိုက်ပါ ဖြစ်ပေါ်နေကြောင်း တွေ့ရှိရလေသည်။

ဇယား (၂-၁၁)
လယ်ယာထွက်ကုန် ထုတ်လုပ်မှုတန်ဖိုး (၁၉၃၆ မှ ၁၉၆၁ အထိ)
(တန်ချိန်ထောင်ပေါင်း)

| သီးနှံ | ၁၉၃၆-၁၉၄၀ နှစ်စဉ်ပျမ်းမျှ | ၁၉၅၃-၁၉၅၄ | ၁၉၅၈-၁၉၅၉ | ၁၉၆၀-၁၉၆၁ (ခန့်မှန်း) | ၁၉၆၀-၁၉၆၁ (၁၉၃၆-၁၉၄၀ တွင် ပါဝင်မှု ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| စပါး | ၇၄၂၆ | ၅၅၂၇ | ၆၄၈၆ | ၆၆၈၂ | ၈၉.၉ |
| ပဲ | ၂၅၀ | ၂၀၁ | ၂၁၁ | ၃၄၂ | ၁၃၆.၈ |
| မြေပဲ | ၁၈၁ | ၁၉၁ | ၂၈၄ | ၃၅၁ | ၁၉၃.၉ |
| နှမ်း | ၄၅ | ၄၄ | ၅၂ | ၆၄ | ၁၄၂.၂ |
| ဝါဂွမ်း | ၂၁ | ၂၂ | ၁၂ | ၁၂ | ၅၇.၁ |
| ဆေးရွက်ကြီး | ၄၄ | ၄၈ | ၃၈ | ၄၀ | ၉၀.၉ |
| ဂျုံ | ၇၈ | ၇၈ | ၆၉ | ၇၀ | ၈၉.၇ |

Source: *Economic Survey of Burma* (various issues).

အစိုးရ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ မူဝါဒမှ ဆိုးရွားသည့် အကျိုးဆက်များမှာ သီးနှံထုတ်လုပ်မှုများနှင့် ပတ်သက်၍ နည်းပညာ ပြောင်းလဲမှု မရှိခြင်းပင် ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်ပုံ နည်းစနစ်များမှာလည်း ရှေးရိုးနည်းစနစ်များကိုသာ အသုံးပြုဆဲ ဖြစ်သည်။ ကျွမ်းကျင်သူများ၏အဆိုအရ ၁၉၅၈-၁၉၅၉ ခုနှစ်တွင် အသုံးပြုခဲ့သော ဓာတ်မြေဩဇာ တန်ချိန် ၆၁၂၂ သည် အမှန်တကယ်လိုအပ်သော ပမာဏ၏ ၅၀ ပုံ ၁ ပုံသာ ရှိကြောင်း တွေ့ရှိရသည်။ ၁၉၆၁-၁၉၆၂ ခုနှစ်တွင် ရှိသော ရေသွင်းစိုက်ပျိုးဧက ၁.၅ သန်းမှာလည်း ၁၉၃၆ ခုနှင့် ၁၉၄၁ ခုနှစ်ကြား ပျမ်းမျှဧရိယာနှင့် ပမာဏ တူညီနေသည်။ ၁၉၅၃ ခုနှစ်တွင် လယ်ထွန်စက် အစီးရေ ၄၅ စီးသာ ရှိသည်။ ၁၉၅၆ ခုနှစ်တွင် ခိုင်းကျွဲနွား အကောင်ရေ ၆၄၆၇၀၀၀ မှာ စစ်မတိုင်မီ ကာလရှိ အကောင်ရေ


mgyoe.com

mgyoe.com SAMPLE BOOK
၇၀၄၇၀၀၀ ထက် နည်းပါးခဲ့သည်။ ၁၉၆၁ ခုတွင် လယ်ထွန်စက် အစီးရေ ၂၄၃ စီး ရှိခဲ့သော်လည်း ယင်းအရေအတွက်မှာ သီးထပ်စိုက်ပျိုးရေးအတွက် လုံလောက်မှု မရှိခဲ့ပါ။ အရေးကြီးဆုံးအချက်မှာ သီးနှံဈေးနှုန်းဆွဲဆောင်မှု မရှိခြင်းနှင့် စိုက်ပျိုးစရိတ် ချေးငွေ လုံလောက်မှု မရှိခြင်းကြောင့် လယ်သမားများအနေနှင့် နည်းပညာအသစ်များတွင် ရင်းနှီးရန်အတွက် မစွန့်စားခဲ့ကြခြင်း ဖြစ်သည်။ သို့အတွက်ကြောင့် တစ်ဧက စပါးအထွက်နှုန်းမှာ ကာလအတော်ကြာ တည်ငြိမ်မှု မရှိဘဲ ၁၉၃၆ နှင့် ၁၉၄၁ ကြားတွင် ၂၈. ၁၇ တင်း ရှိရာမှ ၁၉၅၈-၁၉၅၉ နှင့် ၁၉၆၀-၁၉၆၁ တွင် ၃၀ တင်းသို့ အနည်းငယ် မြင့်တက်လာခဲ့သည်။

စပါးသည် အဓိကကျသည့် သီးနှံတစ်ခု ဖြစ်ရုံမျှမက နိုင်ငံခြားငွေကို ၅၀ ရာခိုင်နှုန်းအထက် ရှာဖွေပေးသော အဓိကသီးနှံတစ်ခု ဖြစ်သည်။ ကိုလိုနီကာလ အတွင်းတွင် ပြည်တွင်းစားသုံးမှုအတွက် ချန်လှပ်ပြီးနောက် နိုင်ငံခြားသို့ တင်ပို့နိုင်သည့် ဆန်ပမာဏမှာ စုစုပေါင်း ထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းကျော် ရှိခဲ့သည်။ သို့သော် ယင်းကာလတွင် နိုင်ငံ၏ လူဦးရေမှာ ၁၄ သန်းသာ ရှိခဲ့၍ စစ်ပြီးကာလတွင် လူဦးရေမှာ သန်း ၂၀ ကျော် ရှိလာသည့်တိုင် ဆန် စိုက်ပျိုးထုတ်လုပ်မှုတွင် ထူးခြားသော ပြောင်းလဲမှု မရှိပါ။ ထို့ကြောင့် တစ်ဦးကျ စားသုံးမှုမှာ ပုံသေ ဖြစ်သည်ဟု မှတ်ယူပါလျှင် အဆုံးတွင် ပြည်ပသို့ တင်ပို့နိုင်သည့် ပမာဏမှာ ပကတိတန်ဖိုးနှင့် နှိုင်းယှဉ်တန်ဖိုးများအရ ဆိုလျှင် လျော့ကျသွားရမည် ဖြစ်ပေသည်။ အခြားကိန်းရှင်များကို ထည့်သွင်းတွက်ချက်ခြင်း မရှိသေးဘဲနှင့်ပင် ကာလတိုတွင် နိုင်ငံခြား ပို့ကုန်များ လျော့ကျမသွားစေရေးအတွက် အာဏာပိုင်တို့အနေနှင့် စိုက်ဧကများ တိုးချဲ့ခြင်း၊ ထုတ်လုပ်မှုများ မြှင့်တင်ခြင်းတို့ကို အာရုံစိုက် ဆောင်ရွက်ရမည် ဖြစ်ပေသည်။

သို့ရာတွင် သချာသဘောအရ နိုင်ငံခြားပို့ကုန် ပိုလျှံပမာဏ ကျဆင်းအံ့ဆဲဆဲ ဖြစ်နေသည်ကိုပင် မြန်မာအနေနှင့် ပြည်တွင်း စားသုံးမှုနှင့် နိုင်ငံခြား တင်ပို့မှုအတွက် လုံလောက်စွာ ထုတ်လုပ်နိုင်သည်ဟု ဟန်ဆောင် ဖုံးကွယ်ခဲ့သည်။ အစိုးရ၏ စပါးဝယ်ဈေးနှင့် ဈေးကွက်တန်ဖိုး ကြီးမားသည့် ခြားနားမှု မရှိခြင်းကြောင့် အစိုးရအနေနှင့် လိုအပ်သည့် စပါးဝယ်ယူရာတွင် အခက်အခဲ သိပ်မရှိခဲ့ပေ။ အမှန်အားဖြင့် ကိုရီးယားစစ်ပွဲကြောင့် ဆန်ဝယ်လိုအား မြင့်တက်ခဲ့သည့်အတွက် အစိုးရသည် ၁၉၄၈ မှ ၁၉၅၄ ကာလအတွင်း စပါးတင်း တစ်သန်းမှ နှစ်သန်းသို့ တိုးမြှင့် ဝယ်ယူခဲ့ရသည်။


mgyoe.com

mgyoe.com

SAMPLE BOOK

ဇယား (၂-၁၂)

စပါးအထွက်နှုန်း၊ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပတင်ပို့မှု

(၁၉၃၇ မှ ၁၉၅၉ အထိ) (တန်ချိန်ထောင်ပေါင်း)

| | ၁၉၃၇-၃၈ မှ ၁၉၄၀-၄၁ | ၁၉၅၀-၅၁ မှ ၁၉၅၃-၅၄ | ၁၉၅၄-၅၅ မှ ၁၉၅၇-၅၈ | ၁၉၅၈-၅၉ မှ ၁၉၆၀-၆၁ |
|---|---|---|---|---|
| အထွက် | ၄၉၀၂ | ၃၆၃၀ | ၃၇၉၉ | ၄၄၂၁ |
| ပြည်တွင်းစားသုံးမှု | ၁၆၅၃ | ၂၃၅၉ | ၂၀၁၄ | ၂၆၄၈ |
| ပြည်ပတင်ပို့မှု | ၃၂၄၉ | ၁၂၇၁ | ၁၇၈၅ | ၁၇၇၃ |

Source: Richter (1969).

ဤအချက်က အစိုးရနှင့် SAMB တို့အတွက် အားရ ကျေနပ်စရာ အခြေအနေတစ်ရပ် ဖြစ်ပုံရခဲ့သည်။ SAMB အာဏာပိုင်တို့အနေနှင့် ဆန်စပါး ပြည်ပတင်ပို့မှုမှ ရရှိသည့်ဝင်ငွေကို လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပြန်လည် သုံးစွဲခြင်းမပြုဘဲ အခြားသော ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သုံးစွဲခဲ့ခြင်းကို ဘက်လိုက်မှုလုပ်ခဲ့ခြင်း ဟူ၍ လုံးလုံးလျားလျား သတိမမူမိခြင်းလည်း ဖြစ်နိုင်သည်။ အစိုးရအနေဖြင့် ကျေးလက်ဒေသ၏ ပြဿနာများထက် ကုန်ဈေးနှုန်းများ တက်ခြင်းနှင့် မြို့ပြပြဿနာများကိုသာ ဦးစားပေးခဲ့ဟန် ရှိသည်။ မည်သည့်အကြောင်းများကြောင့်ပင် ဖြစ်စေ အစိုးရ၏ တရားဝင် စပါးဝယ်ဈေးနှုန်းမှာ ၁၉၆၀-၁၉၆၁ ကာလအထိ ပြောင်းလဲခြင်း မရှိခဲ့ဘဲ နောက်ပိုင်းတွင် ပိုလျှံဆန် တစ်စတစ်စ လျော့ကျလာခြင်းနှင့် စီးပွားရေး အကျပ်အတည်းကိစ္စများ ဖြစ်မှုသာ အနည်းငယ်သဘောပေါက်ပုံ ရခဲ့ပေသည်။

## (င-၂) သားငါးကဏ္ဍ

တိရစ္ဆာန် မွေးမြူရေးကဏ္ဍသည် ပြည်တွင်းရိက္ခာ ဖူလုံမှု၊ ဝင်ငွေ ရရှိမှုနှင့် ဝန်တင်ခိုင်းစေမှုအတွက် အရေးကြီးသော အရင်းအမြစ်တစ်ခု ဖြစ်သည်။ သို့ရာတွင် ကျွဲနွားများမှ အသား ထုတ်လုပ်မှုမှာ ဘာသာရေး ကန့်သတ်မှုကြောင့် မရှိသလောက် ဖြစ်ခဲ့ပြီး နွားနို့၊ သိုးသား၊ ဆိတ်သား၊ ကြက်သားနှင့် ဝက်သားတို့မှာ မိသားစု တစ်နိုင်တစ်ပိုင် ထုတ်လုပ်သော လုပ်ငန်းများသာ ဖြစ်ခဲ့သည်။ စစ်ပြီး

mgyoe.com

mgyoe.com
SAMPLE BOOK

ကာလအတွင်း အစိုးရ၏ အရေးတကြီး လုပ်ဆောင်ရမည့် ကိစ္စတွင် လယ်ယာစိုက်ပျိုးရေးအတွက် လိုအပ်သည့် ခိုင်းကျွဲ၊ ခိုင်းနွားကိုသာ ဦးစားပေး မွေးမြူခဲ့ရသောကြောင့် နိုင်ငံခြား သုံးငွေထဲမှ ပမာဏ အတော်များများကို နို့ထွက်ပစ္စည်းများ၊ အထူးသဖြင့် နို့မှုန့် တင်သွင်းရာတွင် သုံးစွဲခဲ့ရခြင်းလည်း ဖြစ်နိုင်သည်။

လူတို့အတွက် အဓိက လိုအပ်သည့် ပရိုတိန်းကို ရရှိစေသည့် ငါး ထုတ်လုပ်မှုကဏ္ဍသည်လည်း မြန်မာနိုင်ငံ စီးပွားရေးအတွက် အတော်အတန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ ၎င်းကဏ္ဍသည် အောက်မြန်မာပြည်ဒေသရှိ ပြည်သူများအတွက်လည်း ဝင်ငွေ ရရှိစေသည့် အဓိက အရင်းအမြစ်တစ်ခု ဖြစ်သည်။ ငါးမွေးကန်လုပ်ငန်း အပါအဝင် ငါးထုတ်လုပ်ရေး လုပ်ငန်းတစ်ခုလုံးသည် အလားအလာကောင်းသည့် ကြီးမားသော လုပ်ငန်းတစ်ခု ဖြစ်ခဲ့သည်။

သို့ရာတွင် ဤငါးလုပ်ငန်းကဏ္ဍအတွက်လည်း နိုင်ငံခြားငွေ အတော်အသင့်သုံးစွဲကာ ရေထွက်ပစ္စည်းတချို့ကို တင်သွင်းခဲ့ရသည်။ တွက်ချက်ခန့်မှန်းမှုတစ်ခုအရ ပြည်တွင်း ငါးစားသုံးမှု၏ ၁၂ ရာခိုင်နှုန်းကို ပြည်ပသွင်းကုန်ဖြင့် ဖြည့်စွက်ခဲ့ရသည်ဟု သိရှိရသည်။ (Myanmar Economic Survey, p. 112)

ရေလုပ်ငန်းကဏ္ဍအတွက် အစိုးရ၏ မှတ်သားစရာကောင်းသော လုပ်ဆောင်ချက် တစ်ခုမှာ မြန်မာနှင့် နိုင်ငံခြားကုမ္ပဏီ (ဂျပန်ကုမ္ပဏီ) တစ်ခုကို ဖက်စပ်လုပ်ငန်း (The Martaban Company) ဆောင်ရွက်ခွင့် ပေးခြင်း ဖြစ်သည်။ သို့သော်လည်း အဆိုပါ ကုမ္ပဏီသည် ၁၉၅၈ ခုနှစ်တွင် အစိုးရ၏ ပြည်သူပိုင် သိမ်းမှုများကြောင့် ငွေကြေး အခက်အခဲနှင့် ကြုံတွေ့ခဲ့လေသည်။

## (င–၃) သစ်တောကဏ္ဍ

သစ်တောကဏ္ဍသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေး တိုးတက် ဖွံ့ဖြိုးမှုအတွက် အဓိကကျသောနေရာမှ ရပ်တည်လျက် ရှိသည်။ မြန်မာနိုင်ငံ၏ ၁၉၄၀ ပြည့်နှစ် သစ်တောဧရိယာမှာ ခန့်မှန်းခြေ ၁၄၅၃၀၀ စတုရန်းမိုင် ရှိပြီး နိုင်ငံမြေဧရိယာ၏ ၅၆ ရာခိုင်နှုန်း ဖုံးလွှမ်းလျက် ရှိသည်။ ထို့အပြင် မြန်မာ့ကျေးရွာစစ်စစ်များဆိုလျှင်လည်း မဝေးလှသော အကွာအဝေးမှပင် မမြင်တွေ့နိုင်လောက်အောင် သစ်ပင်ဝါးပင်များ၊ နွယ်ပင်များဖြင့် ဖုံးလွှမ်းလျက် ရှိပြီး သစ်ပင်အုပ်များသည်လည်း လယ်ကွင်းများ၊ ကွင်းပြင်များအတွင်း၌ပင် မြင်တွေ့နေရသည်။ (Andrus 1947, p. 96).


mgyoe.com

mgyoe.com SAMPLE BOOK

ဇယား (၂-၁၃)
ကျွန်းနှင့်သစ်မာ ထုတ်လုပ်မှု (၁၉၃၆ မှ ၁၉၆၁ အထိ)
(နှစ်စဉ်ပျမ်းမျှ ကုဗတန်*)

| | ၁၉၃၆-၁၉၃၇ မှ ၁၉၃၉-၁၉၄၀ | | ၁၉၅၈-၁၉၅၉ မှ ၁၉၆၀-၁၉၆၁ | |
|---|---|---|---|---|
| | အထွက် | ရာခိုင်နှုန်း | အထွက် | ရာခိုင်နှုန်း |
| ကျွန်းသစ် | ၅၄၃၄၈၁ | ၄၇ | ၂၅၉၉၈၁ | ၃၀ |
| သစ်မာ | ၅၀၁၈၆၆ | ၅၃ | ၆၁၄၆၄၇ | ၇၀ |
| စုစုပေါင်း | ၉၅၅၃၄၇ | ၁၀၀ | ၈၄၇၅၆၂ | ၁၀၀ |

*1 cubic ton is equivalent to 50 cubic feet
Source: *Economic Survey of Burma* (various issues)

စုစုပေါင်း သစ်တောဧရိယာများထဲမှ ၂၄ မှ ၂၅ ရာခိုင်နှုန်းကို ကြိုးဝိုင်းဧရိယာအဖြစ် ထားရှိပြီး ကျန်ဧရိယာများကို သစ်တောဧရိယာအဖြစ် သတ်မှတ်ထားသည်။ (ibid, p. 98) မြန်မာ့သစ်တောများထဲတွင် ကမ္ဘာ့အရည်အသွေးမြင့် ကျွန်းသစ် စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းကို ထိန်းသိမ်းထားသည်။ ကျွန်းသစ်နှင့် အခြားသစ်မာများအပြင် မြန်မာ့သစ်တောများတွင် သစ် မဟုတ်သည့် အခြားသော ဝါး၊ ကြိမ် အစရှိသည်တို့လည်း များစွာ ပေါက်ရောက်လျက် ရှိသည်။

သစ်တောကဏ္ဍသည် နိုင်ငံ၏ GDP အပေါ် အရေးပါသော အခန်းကဏ္ဍမှ မရပ်တည်သော်လည်း (ခန့်မှန်းခြေ ၂ ရာခိုင်နှုန်း) စစ်မတိုင်မီ ကာလများတွင် နိုင်ငံခြား ဝင်ငွေကို တတိယနေရာမှ ရှာဖွေပေးသောကဏ္ဍ (နိုင်ငံခြား ဝင်ငွေ စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်း) ဖြစ်ခဲ့သည်။ စစ်အတွင်းတွင် သစ်တောကဏ္ဍနှင့် ဆက်စပ်သည့် အခြေခံ အဆောက်အအုံ များစွာ ဖျက်ဆီးခံရသည်။ ဥပမာ- စစ်ပြီးကာလတွင် သစ်စက် အရေအတွက်သည် စစ်မတိုင်မီ ကာလ၏ ရာခိုင်နှုန်း ၅၀ သာ ကျန်ရှိသည်။ မည်သို့ပင် ဖြစ်စေ ၁၉၄၈ ခုနှစ်တွင် အစိုးရက သစ်လုပ်ငန်းကို ပြည်သူပိုင် သိမ်းခဲ့သည်။ အကြောင်းရင်းမှာ အဆိုပါ သစ်လုပ်ငန်းကို စစ်မတိုင်မီကာလက နိုင်ငံခြား ကုမ္ပဏီ ငါးခုကသာလျှင် လုံးဝ မောင်ပိုင်စီးထားခဲ့ခြင်းကြောင့် ဖြစ်ပေသည်။[၉]

၉။ နိုင်ငံခြားကုမ္ပဏီ ငါးခုမှာ Bombay Burma, Steel Brothers, Macgregor, Fuquor နှင့် TD Findlay တို့ ဖြစ်သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

သစ်တောထွက်ပစ္စည်းများ အထူးသဖြင့် ကျွန်းသစ်သည် စစ်ပြီးကာလတွင် နိုင်ငံအတွက် ဒုတိယ အရေးကြီးဆုံးသော ပြည်ပပို့ကုန်တစ်ခု ဖြစ်လာခဲ့သည်။ သို့ရာတွင် ၁၉၆၁-၁၉၆၂ ခုတွင် တင်ပို့ခဲ့သည့် ကျွန်းကုဗတန် ၁၂၀၆၉၂ သည် ၁၉၃၆ ခုနှစ်မှ ၁၉၄၀ ကြားကာလ ပျမ်းမျှ ပို့ကုန်၏ ၆၄ ရာခိုင်နှုန်းသာ ရှိခဲ့သည်။

(င-၄) သတ္တုကဏ္ဍ

မြန်မာနိုင်ငံသည် ကျယ်ပြန့်စုံလင်လှသော သဘာဝ တွင်းထွက်ပစ္စည်းများ ဖြစ်သည့် ရေနံ၊ ကျောက်မီးသွေး၊ သံဖြူ ကျောက်မီးသွေး၊ ခဲ၊ သွပ်၊ တန်စတင်၊ ရွှေ၊ ငွေ၊ သံ၊ ကြေးနီနှင့် ခနောက်စိမ်း အစရှိသည်တို့ ထွက်ရှိသည့်အတွက် ထင်ရှားကျော်ကြားသည်။ ထို့ပြင် အရည်အသွေးမြင့် ကျောက်မျက်များ ဖြစ်သည့် ကျောက်စိမ်း၊ ပတ္တမြားနှင့် မြ အစရှိသည်တို့လည်း ထွက်ရှိသည်။ အထက်ပါ အမျိုးအစားများအပြင် စက်မှုတွင်းထွက် ပစ္စည်းများ ဖြစ်သည့် ဘရိုက်တီး၊ ဂျစ်ပဆမ်၊ ထုံးကျောက်၊ ဒိုလိုမိုက်၊ မြေဖယောင်းနှင့် မီးခံရွှံ့စေး စသည်တို့ကို လည်း တွေ့ရှိရသည်။

တွင်းထွက်သတ္တုများအနေနှင့် နိုင်ငံ၏ GDP တွင် ပါဝင်မှု အချိုးအစား နည်းပါးသော်လည်း စစ်မတိုင်မီ ကာလများတွင် နိုင်ငံ၏ ဒုတိယမြောက် နိုင်ငံခြား ဝင်ငွေ ရှာဖွေပေးရာကဏ္ဍတစ်ခု ဖြစ်ခဲ့သည်။ ယင်းတို့အထဲတွင် ရေနံသည် အရေးကြီးဆုံး ကုန်စည်တစ်ခု ဖြစ်ပြီး ၁၉၃၉ ခုနှစ်တွင် သတ္တုကဏ္ဍ နိုင်ငံခြားဝင်ငွေ၏ ၆၂ ရာခိုင်နှုန်း ပါဝင်ခဲ့သည်။ ထိုအချိန်က စုစုပေါင်း ထုတ်လုပ်ခဲ့သည့် ရေနံ ဂါလန် ၂၇၆ သန်းတွင် ၂၀၅ သန်းကို ပြည်ပသို့ တင်ပို့ခဲ့ပြီး ၇၁ သန်းကို သာ ပြည်တွင်း၌ သုံးစွဲခဲ့သည်။

သတ္တုကဏ္ဍသည် အရေးကြီးသည့် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးမှုအဖြစ် သတ်မှတ်ကာ မြန်မာအစိုးရအနေနှင့် လွတ်လပ်ရေး ရလျှင်ရချင်း ဤကဏ္ဍကို ရယူရန် ပြင်ဆင်ခဲ့သည်။ သို့ရာတွင် ၁၉၅၄ ခုနှစ်ကျမှသာ မြန်မာအစိုးရသည် ဗြိတိသျှပိုင် ဘီအိုစီကုမ္ပဏီနှင့် ဖက်စပ် လုပ်ကိုင်နိုင်ခဲ့သည်။ (BOC Ltd. 1954)

ဇယား (၂-၁၄) အရ ထိုအချိန်တွင် မြန်မာအနေနှင့် ရေနံကို စတင်၍ တင်သွင်းနေရပြီ ဖြစ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဇယား (၂-၁၄)
၁၉၅၄ ခုနှစ်အတွင်း စက်သုံးဆီ ထုတ်လုပ်မှုနှင့် တင်သွင်းမှု
(ဂါလန် ထောင်ပေါင်း)

| | ပြည်တွင်း ထုတ်လုပ်မှု | ပြည်ပမှ တင်သွင်းမှု | စုစုပေါင်း သုံးစွဲမှု | ပြည်တွင်းထုတ်လုပ်မှု အပေါ် ရာခိုင်နှုန်း |
|---|---|---|---|---|
| ရေနံဆီ | ၁၄၆၀၆ | ၆၈၆၅ | ၂၁၄၇၁ | ၆၈ |
| ဓာတ်ဆီ | ၁၀၅၇၆ | ၂၁၈၅၆ | ၃၂၄၃၂ | ၃၃ |
| မီးထိုးဆီ | ၈၃၃၄ | ၆၉၇၂ | ၁၅၃၀၆ | ၅၄ |

Source: *Economic Survey of Burma* (1954).

ရေနံစိမ်း ထုတ်လုပ်မှုသည် ၁၉၅၁ တွင် ဂါလန်သန်း ၃၀ မှ ၁၉၅၉-၁၉၆၀ တွင် ၁၈၇ သန်းသို့ တစ်ဟုန်ထိုး မြင့်တက်ခဲ့ကာ စစ်မတိုင်မီ ကာလ၏ သုံးပုံ နှစ်ပုံအထိ ရောက်ရှိခဲ့သည်။ ဓာတ်ဆီ၊ ရေနံဆီနှင့် မီးထိုးဆီ ထုတ်လုပ်မှုမှာ လည်း လေးဆ မြင့်တက်ခဲ့ကာ ၁၉၅၂-၁၉၅၃ တွင် ဂါလန် ၂၅ သန်းခန့်မှ ၁၉၅၉-၁၉၆၀ တွင် ဂါလန် ၁၀၁ သန်း ထုတ်လုပ်နိုင်ခဲ့သည်။ (Walinsky 1962, p. 341)

မည်သို့ပင် ဆိုစေ ပြည်တွင်း ရေနံ သုံးစွဲမှု သိသိသာသာ တိုးမြင့်လာခြင်း၊ ဗြိတိသျှတို့အနေနှင့် တိုးချဲ့ တူးဖော်ရန် စိတ်မဝင်စားတော့ခြင်းတို့ကြောင့် မြန်မာ အနေနှင့် စစ်ပြီးကာလတွင် ရေနံ တင်သွင်းသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ရသည်။

## (င–၅) ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍ

ဗြိတိသျှ ကိုလိုနီတို့၏ Laissez-faire ဟု ခေါ်သော အစိုးရက ဝင်ရောက်စွက်ဖက်မှု နည်းပါးသည့် စီးပွားရေးစနစ်ကြောင့် ကိုလိုနီကာလ မြန်မာနိုင်ငံ၏ ခေတ်မီ စက်မှုလုပ်ငန်းများကို (နိုင်ငံ၏ အရင်းအမြစ် ကြွယ်ဝမှုနှင့် နှိုင်းယှဉ်အကျိုးများ ကြောင့်) ပို့ကုန် ဦးစားပေး စက်မှုလုပ်ငန်းများ ဖြစ်သည့် ဆန်စက်၊ သစ်ခွဲစက် နှင့် စားသုံးဆီ သန့်စင်စက်များဖြင့် စတင်ခဲ့သည်။ အမှန်စင်စစ် ထိန်းချုပ်ထားခြင်း မရှိသော လွတ်လပ်သည့် စီးပွားရေးစနစ်က ယခင်ကတည်းက ရှိခဲ့သော မိရိုးဖလာ လက်မှုလုပ်ငန်းများအား ဖယ်ရှားပစ်လိုက်ပြီး မြန်မာနိုင်ငံကို တစ်ဖက် စောင်းနင်း စီးပွားရေးစနစ်ဆီသို့ တွန်းပို့ခဲ့သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ထို့ကြောင့် ၁၉၄၇ ခုနှစ် အစောပိုင်းကာလလောက်အထိ မြန်မာနိုင်ငံအနေနှင့် အတော်လေး ခိုင်မာ၍ တည်ငြိမ်သည့် စီးပွားရေးစနစ် ရှိခဲ့သည်ဟု မှတ်ယူနိုင်သည့်အပြင် မြေယာစနစ်များကိုလည်း ပြန်လည်ဖွဲ့စည်းခဲ့ကာ ညီညွတ် မျှတသည့် စက်မှုဖွံ့ဖြိုးရေး စီမံကိန်းကိုလည်း ချမှတ်နိုင်ခဲ့သည်။ စီးပွားရေး ဖွံ့ဖြိုးမှုနှစ်နှစ်စီမံကိန်းကို ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် ရေးဆွဲခဲ့ကာ စက်မှုနိုင်ငံအဖြစ် တည်ထောင်ရန် ပြတ်သားစွာ ညွှန်ပြခဲ့သည်။

ဖွံ့ဖြိုးရေးအတွက် ဆောလျင်စွာ ဆောင်ရွက်ရမည့် စက်မှုလုပ်ငန်း အမျိုးအစားများမှာ (က) ကြွေပြားစက်ရုံ၊ (ခ) စက္ကူနှင့်ဓာတုပစ္စည်းစက်ရုံ၊ (ဂ) ချည်မျှင်နှင့် အထည်စက်ရုံ၊ (ဃ) သကြားစက်ရုံ၊ (င) သစ်ခွဲစက်၊ (စ) ကလေး၀ ကျောက်မီးသွေးမိုင်း၊ (ဆ) သံမဏိစက်ရုံ၊ (ဇ) ဆပ်ပြာစက်ရုံ၊ (ဈ) စမ်းသပ်နို့စား နွားမွေးခြံ၊ (ည) ဆန်စက်၊ (ဋ) ရာဘာစက်နှင့် (ဌ) ကြွေမြေစက် စသည်တို့ဖြစ်သည်။ နှစ်နှစ်စီမံကိန်း အောင်မြင်ဖြစ်ထွန်းရေးအတွက် ထပ်မံလေ့လာ စိစစ်၍ ဆောင်ရွက်မည့် စက်မှုလုပ်ငန်းများမှာ (က) အခြေခံဓာတုပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း၊ (ခ) သဘော်ဆေးနှင့် အရောင်တင်ဆီလုပ်ငန်း၊ (ဂ) သစ်ရွက်ဆီ ထုတ်လုပ်ရေးလုပ်ငန်း၊ (ဃ) စက်မှုလုပ်ငန်းသုံးအရက်၊ (င) သားရေနယ်စက်ရုံ၊ (စ) မက်သနောစက်ရုံ၊ (ဆ) ပိုးသတ်ဆေးစက်ရုံ၊ (ဇ) ဆေး၀ါးစက်ရုံ၊ (ဈ) ပိုးတုနှင့် ပလပ်စတစ်စက်ရုံနှင့် (ည) မှန်စက်ရုံ စသည်တို့ ဖြစ်သည်။ (Two-Year Plan of Economic Development of Burma, 1948)

စီမံကိန်းအရ အခြေခံ စက်မှုလုပ်ငန်းများ အားလုံးကို တည်ထောင်ရန်နှင့် အားလုံးကို နိုင်ငံပိုင်အဖြစ် ဆောင်ရွက်ရန် သတ်မှတ် ပြဋ္ဌာန်းခဲ့သည်။ နောက်ထပ် အလေးပေး ဆောင်ရွက်ရန်ကိစ္စမှာ အိမ်တွင်း စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လယ်သမားများ လယ်နားချိန် ကာလများတွင် ၀င်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ဖြစ်သည်။

ယခင် တင်ပြခဲ့သလိုပင် နိုင်ငံတစ်ဝန်းလုံးတွင် မငြိမ်မသက် ဖြစ်မှုများကြောင့် စီမံကိန်းကို အကောင်အထည်ဖော်မှုကို ရွှေ့ဆိုင်းခဲ့ရသည်။ သို့သော်လည်း 'မောင်မောင်လွင်'နှင့် အခြား သုတေသီများက 'အကယ်၍ ထိုအချိန်က ဆူပူ သောင်းကျန်းမှုများ မရှိခဲ့လျှင်ပင် ယင်းစီမံကိန်းမှာ သတ်မှတ်ထားသော နှစ်နှစ် ကာလအတွင်း ပြီးစီးဖို့ ဆိုသည်မှာ သံသယဖြစ်ဖွယ် ဖြစ်သည်'ဟု ဆိုခဲ့သည်။ (Maung Maung Lwin 1996)


mgyoe.com

mgyoe.com
SAMPLE BOOK

အဆိုပါကာလတွင် အစိုးရအနေနှင့် ကျွမ်းကျင်ဝန်ထမ်း အရေအတွက်မှာ လုံလောက်မှု မရှိခဲ့ပေ။ မည်သို့ပင် ဖြစ်စေ အဆိုပါ နှစ်နှစ်စီမံကိန်းတွင် ပါဝင်သော ရည်မှန်းချက်များ အားလုံးကို ရှစ်နှစ် စီမံကိန်း (၁၉၅၂-၁၉၆၀) တွင် တစ်ဖန် ပြန်လည် ထည့်သွင်းခဲ့သည်။ လက်တွေ့တွင် အဆိုပါ စက်ရုံများ တည်ထောင်ခဲ့ရာ၌ စက္ကူစက်ရုံမှ လွဲ၍ ၁၂ နှစ်ကျော် ကြာမြင့်ခဲ့သည်။ ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍ၏ ပကတိနှင့် နှိုင်းယှဉ်တန်ဖိုးများအရ အကောင်အထည်ဖော်မှု အခြေအနေကို ဇယား (၂-၁၅) ဖြင့် ဖော်ပြထားသည်။

ဇယား (၂-၁၅) တွင် မြင်တွေ့ရသည့်အတိုင်း ၁၉၄၆-၁၉၄၇ မှ ၁၉၆၁-၁၉၆၂ ကာလအတွင်း စက်မှုကဏ္ဍ၏ တိုးတက်မှုမှာ အတော်အသင့် မြင့်မားသည်ကို တွေ့ရသည်။ နှိုင်းယှဉ်တန်ဖိုးများအရ စက်မှုကဏ္ဍ၏ GNP အပေါ် ပါဝင်မှု အချိုးအစားမှာလည်း အားရစရာကောင်းပြီး ၁၉၄၆-၁၉၄၇ ခုနှစ်တွင် ၅. ၅ ရာခိုင်နှုန်းမှာ ၁၉၆၁-၁၉၆၂ တွင် ၁၄. ၇ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့သည်။ အဆိုပါကာလအတွင်း တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်းမှာ ၁၁. ၂ ရာခိုင်နှုန်း ရှိခဲ့သည်။ တိုးတက်မှုနှုန်း အမြင့်ဆုံးကို ၁၉၅၄-၁၉၅၅ မှ ၁၉၅၇-၁၉၅၈ ကာလအတွင်း ရရှိခဲ့သည်။ ယင်းမှာ အစိုးရ၏ရည်မှန်းမထားသောရလဒ် ဖြစ်ပြီး ထိုအချိန်က အစိုးရ၏ကူးသန်းရောင်းဝယ်ရေးမူဝါဒအရ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များအား ဘဏ္ဍာရေး ထောက်ပံ့မှုများ ပေးခဲ့ခြင်း၏ ရလဒ်တစ်ခု ဖြစ်သည်။

လေ့လာတွေ့ရှိချက်များအရ အစိုးရ၏ ကူးသန်းရောင်းဝယ်ရေး မူဝါဒသည် စက်မှုကုန်ကြမ်းပစ္စည်းများနှင့် စက်ပစ္စည်းများ တင်သွင်းခြင်းအပေါ် ကောက်ခံသည့် အခွန်နှုန်းကို လွန်စွာ လျှော့ပေးထားသည့်အတွက် လုပ်ငန်းရှင်များအနေနှင့် စက်ရုံအငယ်စားများကို တည်ထောင်နိုင်ခဲ့ကြကာ ကုန်ချောများအပေါ် ပေးရသည့် မြင့်မားသော အခွန်နှုန်းများ သက်သာစေခဲ့သည်။

> အမှန်စင်စစ် ပလတ်စတစ် ထုတ်လုပ်သူ၊ ချည်မျှင်နှင့် အထည်လုပ်ငန်းရှင်၊ အစားအသောက်၊ အချိုရည်နှင့် ယမကာ ထုတ်လုပ်သူ၊ စီးကရက် ထုတ်လုပ်သူ စသည်ဖြင့် အရေအတွက် များပြားစွာ ပေါ်ပေါက်လာခဲ့သည်။ ထို့ပြင် ၁၉၅၅ ခုနှစ်နောက်ပိုင်းတွင် အသေးစား စက်မှုလုပ်ငန်းများလည်း ရန်ကုန် အင်းစိန်တစ်ဝိုက်တွင် အနှံ့အပြား ပေါ်ပေါက်လာခဲ့လေသည်။ (Khin Maung Kyi et al. 2000, p. 9)

mgyoe.com

mgyoe.com
SAMPLE BOOK

ဇယား (၂-၁၅)
**စက်မှုကဏ္ဍ တိုးတက်မှုနှုန်း (၁၉၄၆ မှ ၁၉၆၂ အထိ)**
(၁၉၆၁–၁၉၆၂ ဈေးနှုန်းဖြင့်)

| နှစ် | GNP (ကျပ်သန်းပေါင်း) | စက်မှုကဏ္ဍ ထပ်ဆင့်တိုးတန်ဖိုး (ကျပ်သန်းပေါင်း) | GNP တွင် ပါဝင်မှု ရာခိုင်နှုန်း | စက်မှုကဏ္ဍ နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်း | လေးနှစ်ပေါင်း တိုးတက်မှုနှုန်း |
|---|---|---|---|---|---|
| ၁၉၄၆-၄၇ | ၃၇၁၆ | ၂၀၇ | ၅.၅ | - | - |
| ၁၉၄၇-၄၈ | ၄၂၅၀ | ၂၃၅ | ၅.၅ | ၁၃.၅ | - |
| ၁၉၄၈-၄၉ | ၃၈၈၂ | ၂၆၅ | ၆.၈ | ၁၂.၇ | - |
| ၁၉၄၉-၅၀ | ၃၉၈၁ | ၂၆၅ | ၆.၆ | - | ၆.၄ |
| ၁၉၅၀-၅၁ | ၄၃၉၃ | ၂၈၈ | ၆.၅ | ၈.၆ | - |
| ၁၉၅၁-၅၂ | ၄၈၃၃ | ၃၀၃ | ၆.၂ | ၅.၂ | - |
| ၁၉၅၂-၅၃ | ၅၀၅၅ | ၃၂၂ | ၆.၃ | ၆.၂ | - |
| ၁၉၅၃-၅၄ | ၅၂၀၃ | ၃၈၄ | ၇.၃ | ၁၉.၂ | ၇.၄ |
| ၁၉၅၄-၅၅ | ၅၅၇၇ | ၄၅၃ | ၈.၁ | ၁၈.၂ | - |
| ၁၉၅၅-၅၆ | ၅၆၅၁ | ၅၄၃ | ၉.၅ | ၁၇.၈ | - |
| ၁၉၅၆-၅၇ | ၆၃၅၃ | ၆၇၁ | ၁၀.၅ | ၂၃.၅ | - |
| ၁၉၅၇-၅၈ | ၆၁၂၀ | ၇၄၆ | ၁၂.၁ | ၁၁.၂ | ၁၃.၃ |
| ၁၉၅၈-၅၉ | ၆၉၁၅ | ၈၂၇ | ၁၁.၉ | ၁၀.၈ | - |
| ၁၉၅၉-၆၀ | ၇၃၄၈ | ၉၃၈ | ၁၂.၉ | ၁၃.၄ | - |
| ၁၉၆၀-၆၁ | ၇၃၈၅ | ၁၀၂၁ | ၁၅.၁ | ၈.၈ | - |
| ၁၉၆၁-၆၂ | ၇၇၀၆ | ၁၁၃၄ | ၁၄.၇ | ၁၁.၁ | ၈.၁ |

Source: Kyaw Myint (1963)

သို့ရာတွင် အဆိုပါ အသေးစား စက်မှုလုပ်ငန်းများသည် သွင်းကုန် မှီခို၊ သွင်းကုန်အစားထိုးလုပ်ငန်းများ ဖြစ်ပြီး အများစုမှာ ကုန်ပစ္စည်း ထုပ်ပိုးရေးလုပ်ငန်း (packaging industries) ထက် မပိုကြပါ။ ဘဏ္ဍာငွေထောက်ပံ့မှုအစီအစဉ်များ ဆောင်ရွက်ရန် ၁၉၅၂ ခုတွင် စက်မှုဖွံ့ဖြိုးရေးကော်ပိုရေးရှင်း (Industrial


mgyoe.com

mgyoe.com
SAMPLE BOOK

Developent Corporation, IDC) ကို တည်ထောင်ခဲ့ကာ ၁၉၅၃-၁၉၅၄ နှင့် ၁၉၅၄-၁၉၅၅ တို့တွင် စက်မှုချေးငွေ ကျပ်ငါးသန်းကို လုပ်ငန်းပေါင်း ၂၈ ခုသို့ ထုတ်ချေးခဲ့ပြီး ၁၉၅၅-၁၉၅၆ တွင် ကျပ် ၁၃. ၄ သန်းကို လုပ်ငန်းပေါင်း ၁၉၅ ခုသို့ ထုတ်ချေးခဲ့သည်။ (Walinsky 1962, pp. 316-17)

စက်မှုလုပ်ငန်းများစာရင်းတွင် ဖော်ပြထားသည့်အတိုင်း ရည်မှန်းထားသည့် စက်မှုလုပ်ငန်းများကို ၁၉၅၀ ပြည့်နှစ်များတွင် တည်ထောင်နိုင်ခဲ့ပြီး အများစုမှာ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ ဖြစ်ခဲ့သည်။ ရလဒ်မှာမူ ဝိရောဓိ ဖြစ်စွာပင် အထက်ပါ စက်မှုလုပ်ငန်းအများစုမှာ ကုန်ပစ္စည်း ထုပ်ပိုးရေးလုပ်ငန်း အဆင့်ထက် မပိုကြသလို ယင်းတို့သည် နိုင်ငံခြားငွေ ချွေတာမှုထက် လိုအပ်မှုက တဖြည်းဖြည်း များပြားလာသည်။ (Maung Maung Lwin 1996, p. 88)

မှတ်သားဖွယ်တစ်ချက်မှာ နိုင်ငံပိုင်ဆေးဝါးစက်ရုံ ဖြစ်ပြီး ပြည်ပမှ တင်သွင်းလာသည့် သွင်းအားစုများကို ပုလင်းသွင်းရုံ၊ ထုပ်ပိုးရုံသာ ရှိခဲ့ပြီး တန်ဖိုးမြှင့် ထုတ်လုပ်မှု အနည်းငယ်သာ ပြုလုပ်နိုင်သည်။ သို့သော် သံမဏိစက်ရုံမျိုးကဲ့သို့သော အခြားသော စက်ရုံများလည်း ရှိနေပြန်ရာ မြန်မာနိုင်ငံကို ဖွံ့ဖြိုးမှုအဆင့်နိမ့်ကျသည်ဟု ပြောဆိုရန် အနည်းငယ် ယုတ္တိမတန်သလို ဖြစ်နေသည်။

'ခင်မောင်ကြည်'က 'နိုင်ငံပိုင်ကဏ္ဍများရှိ စက်ရုံအလုပ်ရုံများ၏ ရင်းနှီးငွေများမှာ ကြီးမားသည့် ဖြုန်းတီးမှုသာ ဖြစ်ကြောင်း ဆိုခဲ့သည်။ ယင်းအစားအဆိုပါ ရင်းနှီးငွေများကို လျင်မြန်စွာ ကြီးထွားလာသောပုဂ္ဂလိကကဏ္ဍမှ စက်ရုံအလုပ်ရုံများကို ခွဲဝေချထားပေးမည် ဆိုပါလျှင် ကြီးမားသော အကျိုးအမြတ်များ ဖြစ်ထွန်းနိုင်မည်'ဟု ဆိုခဲ့သည်။ (Khin Maung Kyi et al 2000, p. 8)

ခေါင်းဆောင်များအနေနှင့် ဆိုရှယ်လစ်ဝါဒအပေါ် မြင့်မားသည့် ဆန္ဒများရှိသည်မှ လွဲ၍ ခေတ်ပြိုင်ပုဂ္ဂိုလ်တို့၏ အမြင်အရ နိုင်ငံအတွင်းရှိ ပုဂ္ဂလိကကဏ္ဍ စက်မှုလုပ်ငန်းများ အားလုံးနီးပါးမှာ အိန္ဒိယနှင့် တရုတ်တို့၏ လက်တွင်သာ ရှိကြောင်း ဆိုခဲ့သည်။

မည်သို့ပင် ဖြစ်စေ အရပ်သားအစိုးရလက်ထက် ခေါင်းဆောင်များ ရေးဆွဲခဲ့သောပြည်တော်သာစီမံကိန်းမှာ ၁၉၅၀ ပြည့်နှစ်လယ်မှ စ၍ ဒယီးဒယိုင် ဖြစ်ခဲ့ကာ ပြည်သူပိုင် သိမ်းခဲ့သော စက်ရုံအလုပ်ရုံများမှာလည်း ဆိုးရွားသော စီမံခန့်ခွဲမှုများဖြင့် ကြုံတွေ့ခဲ့ရသောကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍ ပါဝင်ပတ်သက်မှု အရေးတကြီး လိုအပ်လာခဲ့ပါသည်။ ပထမဦးစွာ ကုစားမှုမှာ


mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ငံခြား ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ရေး ဖြစ်သည်။ ထို့နောက် ဖက်စပ်လုပ်ငန်းများ ဖြစ်သည့် JV1, JV2 အစ ရှိသည်တို့ကို ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။[၁၀]

တစ်ချိန်တည်းမှာပင် ဝန်ကြီးချုပ် ဦးနုက ဤလုပ်ငန်းများ ပြန်လည်သန်စွမ်းလာကာ လိုအပ်သည့် အတွေ့အကြုံ ဗဟုသုတ၊ စီမံခန့်ခွဲမှုစနစ်များ ပြန်လည်ရရှိလာသည့် တစ်နေ့တွင် ပြည်သူပိုင် ပြန်လည် သိမ်းယူရမည်ဟု ကြေညာခဲ့သည်။ (Tinker 1967, p. 116)

အဆိုပါ ကြေညာချက်ကြောင့် လည်းကောင်း၊ အခြား အကြောင်းရင်းများကြောင့် လည်းကောင်း ဖက်စပ်လုပ်ငန်းများမှာ အောင်မြင်မှု မရှိခဲ့ပါ။ ထို့ကြောင့် ၁၉၅၇ ခုနှစ်တွင် ဦးနုအနေနှင့် ၁၀ နှစ်အတွင်း ပြည်သူပိုင် မသိမ်းပါ ဟူသော အာမခံချက်ကို ပေးခဲ့ကာ ပုဂ္ဂလိကကဏ္ဍ တိုးတက်လာရေးကို ဆောင်ရွက်ပေးခဲ့သည်။ နောက်ဆုံး၌ ၁၉၅၉ ခုနှစ်တွင် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေ (The Burma Investment Act) ကို စီးပွားရေးနှင့် လူမှုရေး ဘုတ်အဖွဲ့မှ အတည်ပြုခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့သည်။[၁၁]

---

၁၀။ ၁၉၅၆-၁၉၅၇ ခုနှစ်တွင် အစိုးရသည် ဖက်စပ်ကော်ပိုရေးရှင်း ခုနစ်ခု (JV 1 to 7) ကို မြန်မာ့ပုဂ္ဂလိကနှင့် ပူးတွဲတည်ထောင်ခဲ့ကာ သွင်းကုန်လုပ်ငန်းနှင့် ပြည်တွင်းဈေးကွက်တွင် ဖြန့်ချိရေးနှင့် ဈေးနှုန်းများ ကျဆင်းရေးအတွက် ဆောင်ရွက်ခဲ့သည်။ (Tun Wai 1965, p. 17)

၁၁။ ဤသည်က အတော့်ကို မျှတသည်ဟု မှတ်ယူပါသည်။ ဥပဒေအရ (က) ကုန်ကြမ်းပစ္စည်းများနှင့် မရှိမဖြစ် ကုန်စည်များ တင်သွင်းရန်အတွက် နိုင်ငံခြားငွေ ခွဲဝေချထားမှုအတွက် သုံးနှစ် အကောက်ခွန် ကင်းလွတ်ခွင့် ပေးခြင်း၊ (ခ) ဝင်ငွေခွန် သုံးနှစ်ဆက်တိုက် ကင်းလွတ်ခွင့်ပေးခြင်း၊ (ဂ) ညီနိုင်းဆွေးနွေးမှုပေါ်တွင် မူတည်၍ မူလရင်းနှီးမြှုပ်နှံမှုပစ္စည်းများအပေါ် တန်ဖိုးလျှော့ခွင့်ပြုခြင်း၊ (ဃ) ဆယ်နှစ်တိတိ နိုင်ငံပိုင် သိမ်းယူခြင်း မပြုဟု အာမခံပေးခြင်း၊ (င) အဆုံးတွင် နိုင်ငံပိုင် သိမ်းယူသည့်တိုင် လျော်ကြေး ရပိုင်ခွင့်နှင့် ရင်းနှီးငွေ နိုင်ငံခြားသို့ သယ်ယူနိုင်ခွင့်၊ (စ) အမြတ်ဝေစုနှင့် အမြတ်ငွေကို နိုင်ငံခြားငွေပေါက်ဈေးနှင့် ပြန်လည်သယ်ယူပိုင်ခွင့်တို့ ဖြစ်သည်။ ထို့နောက် ၁၉၆၁ ခုနှစ် စက်တင်ဘာလတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်ပြင်ဆင်ခဲ့ပြီး အစိုးရ တည်ရှိသရွေ့ ပြည်သူပိုင် သိမ်းယူခြင်း မပြုသည့်အချက် (အများအားဖြင့် ၂၀ နှစ်နှင့်အထက်) ကို ပြင်ဆင်ခဲ့သည်။ သို့သော်လည်း ၁၉၆၂ ခုနှစ် အစောပိုင်းတွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည့် အမေရိကန် ကုန်သွယ်ရေးမစ်ရှင်တစ်ခုက 'နှိုင်းယှဉ်လေ့လာချက်များအရ ရင်းနှီးမြှုပ်နှံမှုဥပဒေသည် အမေရိကန် ရင်းနှီးမြှုပ်နှံသူများအဖို့ အခြားနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံရသလောက် လွတ်လပ်မှု မရှိ'ဟု ဆိုခဲ့သည်။ (US Department of Commerce, Foreign Commerce Weekly, 9 April 1962, p. 587)



mgyoe.com

mgyoe.com SAMPLE BOOK

Myrdal က ပြုပြင်ပြောင်းလဲရေး ဆိုရှယ်လစ်ဝါဒမှသည် ရှေးရိုးစွဲဝါဒသို့ ပြောင်းလဲရခြင်းမှာ အကျိုးရလဒ်များ လျင်မြန်စွာ ရယူလိုမှုကြောင့် သော်လည်းကောင်း၊ မိမိကိုယ်ကိုမိမိ ဝေဖန်မှုမှ ထွက်ပေါ်လာသော အကြောင်းရင်းများကြောင့် သော်လည်းကောင်း ဖြစ်ပေါ်နိုင်ကြောင်း ရှင်းလင်းစွာ ထုတ်ဖော်ခဲ့သည်။ (Box 2.1)

**Box 2.1**

**ဆိုရှယ်လစ်ဝါဒမှသည် လက်တွေ့ဝါဒသို့ အစိုးရ၏ စမ်းသပ်ခြင်းနှင့် ဒုက္ခခံရခြင်း**

တစ်ပိုင်းတစ်စ နောက်ကြောင်းပြန်ခဲ့ရခြင်းတွင် နိုင်ငံခြားငွေ ချေးတာရေးနှင့် စီမံအုပ်ချုပ်မှုများတွင် အတွေ့အကြုံ ရရှိရေးအတွက် သံဖြူ တူးဖော်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းများတွင် ဖက်စပ်လုပ်ငန်းများ တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ အစောပိုင်းက ဤ ဖက်စပ်လုပ်ငန်းများမှာ ယာယီသာဟု ဆိုခဲ့သည်။ ဤအကြောင်းပြချက်မှာ တစ်ဝက်တစ်ပျက် မှန်သော်လည်း ပို၍ ယေဘုယျကျသည့်အချက်မှာ ထိရောက်မှု မရှိသော၊ ဖရိုဖရဲ ဖြစ်ပြီး စာရိတ္တ ပျက်ပြားသော စီမံခန့်ခွဲမှုစနစ် များပြီး ယင်းဖက်စပ်လုပ်ငန်းများ၏ ထုတ်လုပ်နိုင်မှုမှာ စစ်ကြိုခေတ်ကာလက ထုတ်လုပ်မှုကိုပင် မမီခဲ့ပါ။ နိုင်ငံပိုင်ကဏ္ဍတွင် စက်မှုလုပ်ငန်းသစ်များ တည်ထောင်ရန် တစ်ချက်တစ်ချက်တွင် ထကြိုးစားကာ ဂုန်လျှော်စက်၊ ဘိလပ်မြေစက်၊ သကြားစက် စသည်တို့ကို တည်ထောင်ခဲ့သော်လည်း စက်မှုနိုင်ငံ တည်ထောင်ရေးအတွက် အထောက်အကူ မဖြစ်ခဲ့ပေ။ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် အကြီးစားစက်မှုလုပ်ငန်းများ တည်ထောင်ရန် အနိုင်နိုင် ဖြစ်ခဲ့သည်။

ဤအတွေ့အကြုံများကြောင့်ပင် ပြုပြင်ပြောင်းလဲရေး ဆိုရှယ်လစ်ဝါဒ၏ လမ်းညွှန်ချက်များ ဖြစ်သည့် အစိုးရ၏မူဝါဒများမှာ ၁၉၅၀ ပြည့်နှစ် နောက်ပိုင်းကာလများတွင် အားပျော့ခဲ့လေသည်။ ၁၉၅၅ ခုနှစ်တွင် ထုတ်ပြန်သည့် ရင်းနှီးမြှုပ်နှံမှုမူဝါဒတွင်လည်း လက်နက်ခဲယမ်းစက်ရုံနှင့် အဓိက အသုံးအဆောင်ပစ္စည်း စက်ရုံများ ထုတ်လုပ်ရန်အတွက်သာ လျာထားခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ဝန်ကြီးချုပ်ဦးနုသည် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အထောက်အကူဖြစ်စေမည့် ဆယ်နှစ်အတွင်း ပြည်သူပိုင် သိမ်းခြင်း မပြုသည့် အာမခံချက်များ၊ အကျိုးအမြတ် ဖြစ်ထွန်းစေမည့် စက်မှုလုပ်ငန်းများကို အားပေးသည့် မူဝါဒများကို ထုတ်ပြန်ကြေညာခဲ့သည်။ တဖြည်းဖြည်းချင်း ရွေ့လျားလာသည့် ရှေးရိုးစွဲဝါဒသည် စစ်တပ်၏ ဒုတိယအကြိမ် အာဏာသိမ်းသည့် ၁၉၆၂ နွေဦးကာလအထိ ရှိခဲ့လေသည်။

Source: Myrdal (1968, p. 835)


mgyoe.com

mgyoe.com SAMPLE BOOK

မည်သို့ပင်ဖြစ်စေ Furnivall ၏ ကြိုမြင်ထားချက်များနှင့် ဒေါက်တာထွန်းဝေ၏ ရှာဖွေဖော်ထုတ်ခဲ့မှုများအရ ဆိုလျှင် အရပ်သားအစိုးရအနေနှင့် အကျပ်ရိုက်စေသည့် အနေအထားတွင် ရှိခဲ့သည်။ ဆိုရှယ်လစ်လမ်းစဉ်ကို တွယ်ဖက်ကာ ၎င်းတို့အတွက် အရုဏ်ဦးအဖြစ် မှတ်ယူကာ ဆက်လက်ချီတက်ရင်း ဆိုးရွားသောအခြေအနေသို့ ရောက်ရှိခဲ့သည်။ သို့သော်လည်း ကံခေစွာပင် အဆိုပါ အရပ်သား အစိုးရ၏ စမ်းသပ်မှုနှင့် ဆင်းရဲဒုက္ခတို့သည် ၁၉၆၂ ခုတွင် စစ်တပ်၏ အာဏာသိမ်းယူမှုနှင့်အတူ ပျောက်ကွယ်သွားခဲ့သည်။ နောက်ပိုင်းတွင် အသေးစိတ် ရှင်းပြထားသည့်အတိုင်း အတွေ့အကြုံများ အားလုံး ဆုံးရှုံးသွားရခြင်း၏ အဓိကအကျဆုံး အကြောင်းရင်းတစ်ရပ်မှာ စစ်တပ်က အာဏာသိမ်းပြီးသည့် အချိန်မှ စ၍ အလယ်အလတ်နှင့် အဆင့်မြင့် ပညာရှင်များ၊ ဗျူရိုကရက်များထံမှ မည်သည့်အကြံဉာဏ်မျှ ရယူမှု မရှိခဲ့ခြင်းကြောင့် ဖြစ်သည်။

## (င–၆) အခြေခံ အဆောက်အအုံ

ယေဘုယျကျကျ ပြောရလျှင် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသည် ဆိုရာဝယ် ရုပ်ပိုင်းဆိုင်ရာ အခြေခံ အဆောက်အအုံများကို ပြုပြင် ထိန်းသိမ်းခြင်း၊ ချဲ့ထွင်ခြင်းများ အတိုင်းအတာ တစ်ခုအထိ ဖြည့်စွမ်းပေးခြင်းကို ဆိုလိုသည်။ အခြေခံအဆောက်အအုံလုပ်ငန်းကဏ္ဍ ဆိုသည်ကို အတိအကျ အဓိပ္ပာယ် ဖွင့်ဆိုရလျှင် စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ အစရှိသည့် စီးပွားရေးကဏ္ဍ အားလုံး၏ တိုးတက်ဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည် ပြည့်ဝစေရေး အတွက် အဓိက အထောက်အပံ့ ပေးသည့် လုပ်ငန်းများကို ဆိုလိုသည်။[၁၂]

အထူးသဖြင့် ဤကဏ္ဍတွင် ထောက်ပံ့မှု မပြည့်စုံခြင်းသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုကဏ္ဍကို တိုက်ရိုက်ထိခိုက်စေသည်။ အခြားတစ်ဖက်တွင်လည်း အခြေခံ အဆောက်အအုံဆိုင်ရာ လုပ်ငန်းများတွင် အလွန်အကျွံ ရင်းနှီး မြှုပ်နှံမှုကို လယ်ယာစိုက်ပျိုးရေးကဏ္ဍကဲ့သို့သော တိုက်ရိုက် ထုတ်လုပ်မှုကဏ္ဍတွင် အသုံးပြုမည် ဆိုပါက ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။

လေ့လာနေသည့် ကာလအတွင်း အခြေခံအဆောက်အအုံကဏ္ဍ၌ ထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုတစ်ခုမှာ ၁၉၅၁ ခုနှစ်တွင် ပုဂ္ဂလိကပိုင် လျှပ်စစ် ဖြန့်ဖြူး

၁၂။ အခြေခံ အဆောက်အအုံပါ 'လူမှုရေး အထွေထွေအသုံးစရိတ်'ကို ကျယ်ပြန့်စွာ ဖွင့်ဆိုရလျှင် စွမ်းအင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအပြင် ဆည်မြောင်း၊ ရေပေးဝေမှု၊ မိလ္လာစနစ်နှင့် အညစ်အကြေးများကို လုံခြုံစွာ စွန့်ပစ်သည့်စနစ်တို့ ပါဝင်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

ရေးကဏ္ဍအား နိုင်ငံပိုင် သိမ်းခဲ့ခြင်း ဖြစ်ပေသည်။ ယင်းမတိုင်မီ ကာလများက မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းလုပ်ငန်းကို ပုဂ္ဂလိက ကုမ္ပဏီများစွာက ၁၉၁၀ ဥပဒေအရ လိုင်စင် ရယူ ဆောင်ရွက်ခဲ့ကြသည်။ သို့သော်လည်း ၁၉၄၈ ခုနှစ်တွင် အဆိုပါ လျှပ်စစ်ဖြန့်ဖြူးသည့် ပုဂ္ဂလိက ကုမ္ပဏီ အားလုံးကို နောက်ဆုံးတွင် ပြည်သူပိုင် သိမ်းနိုင်သည့် လျှပ်စစ် ဖြန့်ဖြူးရေး ဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့သည်။ ပို့ဆောင်ရေးကဏ္ဍတွင် ကမ်းရိုးတန်းသွား သင်္ဘောလိုင်း ဖြစ်သည့် Irrawaddy Flottila ကိုလည်း နိုင်ငံပိုင်အဖြစ် သိမ်းယူခဲ့သည်။ ယင်းမှလွဲ၍ ရေလမ်းနှင့် ကုန်းလမ်း ပို့ဆောင်ရေးလုပ်ငန်း အများစုမှာ ပုဂ္ဂလိကပိုင်များဖြစ်ကြပြီး ယိုင်နဲ့နေသည့် Union of Burma Airways, UBA လေကြောင်းလိုင်းကိုမူ နိုင်ငံတော်ကသာ ချုပ်ကိုင်ထားသည်။ ထို့အတူပင် စာတိုက်နှင့် ကြေးနန်းလုပ်ငန်းကိုလည်း စစ်မတိုင်မီကာလက နိုင်ငံတော်ကသာ ချုပ်ကိုင်ထားရှိသည်။

နိုင်ငံပိုင်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ခွဲဝေလျာထားမှုကို ကြည့်ပါက ဇယား (၂-၄) တွင် ဖော်ပြထားသည့်အတိုင်း အစိုးရအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကို အဓိက ဦးစားပေးခဲ့သည်မှာ သိသာသည်။ ၁၉၅၂-၁၉၅၃ နှင့် ၁၉၅၅-၁၉၅၆ ကြားတွင် နိုင်ငံအနေနှင့် စွမ်းအင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးတို့တွင် ရင်းနှီးမြှုပ်နှံမှုမှာ ရာခိုင်နှုန်း ၃၀ ကျော် ရှိခဲ့ပြီး ပထမ လေးနှစ် စီမံကိန်းကာလ ၁၉၅၅-၁၉၅၆ မှ ၁၉၅၉-၁၉၆၀ အတွင်းတွင် ရာခိုင်နှုန်း ၄၀ ကျော် ရှိခဲ့သည်။ အခြေခံ အဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်နှင့် တိုက်ရိုက် ထုတ်လုပ်မှု ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ကိစ္စနှစ်ခုအား ညှိနှိုင်း ဆောင်ရွက်ရသည်မှာ လွယ်ကူသည့်ကိစ္စ မဟုတ်သော်လည်း Dr. Mali နှင့် Dr. Tun Wai တို့၏ အဆိုအရ အစိုးရအနေနှင့် ယခင်ကာလများထက် နောက်ပိုင်းတွင် ပိုမိုများပြားစွာ ရင်းနှီး မြှုပ်နှံခဲ့ကြောင်း သိရသည်။ ဤအမြင်ကို ထပ်မံ ဖြည့်စွက်ရပါလျှင် အစိုးရအနေနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ၁၉၅၉-၁၉၆၀ တွင် ၂၀၀၀၀၀ ကီလိုဝပ် ရှိခဲ့သောကြောင့် စစ်မတိုင်မီကာလက ရှိခဲ့သည့် ၂၃၀၀၀ ကီလိုဝပ်ထက် ငါးဆ ရှိခဲ့သည်ဟု Dr. Tun Wai က ဆိုခဲ့သည်။[၁၃]

---

၁၃။ ဒေါက်တာထွန်းဝေ၏ အယူအဆကို အငြင်းပွားစရာ မရှိသော်လည်း စွမ်းအင်ကဏ္ဍတွင် အလွန်အကျွံ ရင်းနှီးမြှုပ်နှံမှုသည် ၁၉၆၀ ပြည့်နှစ် ဧပြီလမှ စတင်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခဲ့သည့် လောပိတ ဘီလူးချောင်း ရေအားလျှပ်စစ် စီမံချက်ကဲ့သို့သော စီမံချက်များတွင် တစ်လုံးတစ်ခဲတည်း ရင်းနှီးမြှုပ်နှံခဲ့ခြင်းကြောင့် ဖြစ်နိုင်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

## (စ) လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ

မြန်မာနိုင်ငံသည် ရှေးယခင်ကတည်းက လူဦးရေ သန်းခေါင်စာရင်း ကောက်ယူခဲ့သည့် အလေ့အထရှိခဲ့သည်။ ဘိုးတော်ဘုရားလက်ထက် (၁၇၈၂-၁၈၁၉) တွင် လူဦးရေ သန်းခေါင်စာရင်း ကောက်ခဲ့သည်ဟု ဆိုသည်။ ကိုလိုနီလက်အောက်ကာလ ၁၈၇၂ ခုနှစ်၊ ၁၈၈၁ ခုနှစ်နှင့် နောက်ပိုင်းတွင် ၁၉၄၁ ခုနှစ်အထိ ဆယ်နှစ် တစ်ကြိမ် လူဦးရေ သန်းခေါင်စာရင်းများ ကောက်ခဲ့သည့် မှတ်တမ်းများ တွေ့ရှိရသည်။ ၁၉၄၁ ခုနှစ်တွင် ကောက်ယူခဲ့သော နောက်ဆုံးစာရင်းများအရ ထိုအချိန်က မြန်မာနိုင်ငံ၏လူဦးရေမှာ ၁၆. ၈ သန်း ရှိကြောင်း သိရသည်။

လွတ်လပ်ရေး ရပြီးနောက် ၁၉၅၃ ခုနှစ်တွင် မြို့ပေါင်း ၂၅၂ မြို့နယ်၌ လူဦးရေ သန်းခေါင်စာရင်းများ ကောက်ယူခဲ့သည်။ ဆက်လက်၍ ၁၉၅၄ ခုနှစ်တွင် ကျေးလက်ဒေသ စုစုပေါင်း ၂၁၄၃ ခုတွင် စာရင်းများ ကောက်ယူခဲ့သည်။ အဆိုပါ ကောက်ယူခဲ့သည့် စာရင်း နှစ်ခုအရ ၁၉၅၅ ခုနှစ်တွင် လူဦးရေ ၂၀. ၃ သန်းနှင့် ၁၉၆၁ ခုနှစ်တွင် ၂၂. ၇ သန်း ရှိခဲ့သည်။ နှစ်စဉ် လူဦးရေပျမ်းမျှ တိုးတက်မှုနှုန်းမှာ ၂. ၀ ရာခိုင်နှုန်း ရှိခဲ့သည်။

ဇယား (၂-၁၆) တွင် အခြားသော တိုင်းတာနည်း ဖြစ်သည့် အမှန် ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးနှင့် တစ်ဦးကျ အသားတင် ထုတ်လုပ်မှုတန်ဖိုးတို့ကို ၁၉၇၀-၁၉၇၁ ပုံမှန်ဈေးနှုန်းများဖြင့် ဖော်ပြထားသည်။

ဇယား (၂-၁၆)

တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု တန်ဖိုးနှင့် တစ်ဦးကျ ထုတ်လုပ်မှုတန်ဖိုး (၁၉၃၈ မှ ၁၉၆၇ အထိ)

(၁၉၇၀–၁၉၇၁ ပုံမှန်ဈေးနှုန်းဖြင့်)

| နှစ် | GDP (ကျပ်သန်းပေါင်း) | တစ်ဦးကျ GDP (ကျပ်) |
|---|---|---|
| ၁၉၃၈-၁၉၃၉ | ၆၄၈၃ | ၃၉၅. ၃ |
| ၁၉၄၇-၁၉၄၈ | ၄၆၆၃ | ၂၆၂. ၁ |
| ၁၉၄၈-၁၉၄၉ | ၃၉၈၃ | ၂၁၈. ၁ |
| ၁၉၅၁-၁၉၅၂ | ၄၇၆၇ | ၂၅၄. ၄ |
| ၁၉၅၆-၁၉၅၇ | ၆၄၂၄ | ၃၀၄. ၀ |
| ၁၉၆၁-၁၉၆၂ | ၇၇၅၈ | ၃၃၅. ၄ |
| ၁၉၆၆-၁၉၆၇ | ၈၃၅၅ | ၃၃၀. ၁ |

Source: Steinberg (1981, p. 32)



mgyoe.com

mgyoe.com
SAMPLE BOOK

ဇယား (၂-၁၆) နှင့် (၂-၁) နှစ်ခုလုံးတွင် လူ တစ်ဦးချင်းစီ၏ အမှန်ဝင်ငွေသည် တူညီသော ပုံစံနှင့် ပြောင်းလဲမှုကို တွေ့ရှိရသည်။ ၁၉၆၁-၁၉၆၂ ခုနှစ် တစ်ဦးကျ ထုတ်လုပ်မှု တန်ဖိုးသည် ၁၉၃၈-၁၉၃၉ ခုနှစ် စစ်မတိုင်မီ ကာလထက် လျော့နည်းနေသော်လည်း ၁၉၄၇-၁၉၄၈ ခုနှစ် ကာလထက် ပိုမိုကြောင်း တွေ့ရှိရသည်။ ၁၉၄၇-၁၉၄၈ နှင့် ၁၉၆၁-၁၉၆၂ ကာလကြား တစ်နှစ် ပျမ်းမျှ တိုးတက်မှုနှုန်းမှာ ၃.၀ ရာခိုင်နှုန်း ရှိခဲ့သည်။ ထိုအချိန်က အာရှဒေသအတွင်းတွင် အဆိုပါ နှုန်းမှာ လွန်စွာ ကောင်းမွန်သော အနေအထား ဖြစ်သည်။

သို့သော်လည်း လူနေမှု အဆင့်အတန်း တိုးမြင့်လာမှုက ပြည်သူအားလုံးကို ညီမျှစွာ ခွဲဝေမပေးနိုင်ခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် တိုးတက်လာသည့် ဥစ္စာဓနကို ညီမျှစွာ ခွဲဝေမပေးနိုင်ခဲ့မှုကြောင့် ဖြစ်ကြောင်း Dr. Mali က ဆိုခဲ့သည်။ ၎င်းက ဆက်လက်၍ ပြည်သူတို့၏ အခြေအနေမှာ တစ်စထက် တစ်စ ဆိုးရွားလာကာ လူတန်းစားအုပ်စုတချို့ အထူးသဖြင့် တောင်သူလယ်သမားများနှင့် ပုံသေလစာရ ဝန်ထမ်းများ၏ လူနေမှု အဆင့်အတန်းမှာ ဆိုးရွားခဲ့သည်ဟု ဖော်ပြခဲ့သည်။

အဆုံးသတ် ကောက်ချက်မှာ အငြင်းပွားဖွယ် ဖြစ်ပြီး အချို့အချက်များမှာ အနည်းငယ် ချဲ့ကားထားပုံ ရသည်။ အဘယ်ကြောင့်ဆိုသော် Hill and Jayasuriya တို့ထံမှ ရရှိသည့် လစဉ် လုပ်ခလစာ စာရင်းသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) မှ ရရှိသည့် ခန့်မှန်းခြေ စာရင်းများကို အခြေခံထားခြင်း ဖြစ်ပြီး ယင်းစာရင်းများမှာ ၁၉၅၀ ပြည့်နှစ် နောက်ပိုင်း လယ်ယာကဏ္ဍ တိုးတက်လာမှုအပေါ် အခြေခံကာ ခန့်မှန်းထားခြင်း ဖြစ်သည်။ (Hill and Jayasuriya 1986, p. 63) အဆိုပါ စကော်လာ နှစ်ဦးသည် ILO ၏ ကိန်းဂဏန်း အချက်အလက်များကို ယုံကြည် အားထားရသော ကိန်းဂဏန်းများ အဖြစ် တွေးဆခဲ့ပြီး အဖွဲ့အစည်းတွင်းနှင့် အဖွဲ့အစည်း ပြင်ပရှိ ဝန်ထမ်းများ၏ လစာ ခြားနားချက်ကို ကျဉ်းမြောင်းသည်ဟု တွက်ချက် ခန့်မှန်းခဲ့သည်။

ပြည်တော်သာ ကိုယ်တိုင် စီမံခန့်ခွဲပိုင်ခွင့်ရှိ ထောက်ပံ့ကြေး အစီအစဉ်က ပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှုကိုလည်း ထည့်သွင်း စဉ်းစားရန် လိုအပ်သည်။ အဆိုပါစနစ်အရ အစိုးရအနေနှင့် ပြည်တော်သာ ကိုယ်ပိုင်စီမံခန့်ခွဲပိုင်ခွင့်ရှိ ရန်ပုံငွေကို ထူထောင်ပေးကာ ပြည်သူတို့အတွက် လိုအပ်သော

mgyoe.com

mgyoe.com
SAMPLE BOOK

ဆောက်လုပ်ရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များ ဖြစ်သည့် ရေတွင်း၊ ကျောင်း၊ လမ်း၊ တံတား အစရှိသည်တို့ကို ဖြည့်စွမ်းပေးရန်၊ မြို့နယ်တစ်ခုတွင် အခြေခံ ကျပ် ၅၀၀၀၀ နှုန်းဖြင့် လုပ်အားနှင့် ပစ္စည်း ရရှိမှုအပေါ် မူတည်ကာ ဆောင်ရွက်သွားရန် စီစဉ်ခဲ့သည်။

မြန်မာပြည်သူများသည် အစဉ်အလာအရ ပညာရေးကို အဓိက ဦးစားပေး အဖြစ် သတ်မှတ်ထားသည်။ ဘုန်းတော်ကြီးသင် ပညာရေးစနစ်သည် အခြေခံ ပညာ တတ်မြောက်ရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ပတ်သက် ခဲ့သော်လည်း ခေါင်းဆောင်များသာမက ပြည်သူများသည် ခေတ်မီပညာရေး စနစ်တစ်ခုကို မျှော်မှန်းတမ်းတခဲ့ကြသည်။ ဤအကြောင်းများကြောင့်ပင် နိုင်ငံ အသုံးစရိတ်၏ အချိုးအစား အတော်များများကို ပညာရေးကဏ္ဍတွင် သုံးစွဲခဲ့ ဟန် ရှိသည်။

ဇယား (၂-၁၇)
ရွေးချယ်ထားသောနိုင်ငံများအလိုက် အစိုးရ၏ ပညာရေး အသုံးစရိတ်
(၁၉၅၁ မှ ၁၉၅၉ အထိ)

| နိုင်ငံ | လေ့လာသည့်ကာလ | | အမျိုးသားဝင်ငွေအပေါ် ပညာရေး အသုံးစရိတ် ပါဝင်မှုရာခိုင်နှုန်း | |
|---|---|---|---|---|
| | အစ | အဆုံးသတ် | အစ | အဆုံးသတ် |
| ပါကစ္စတန် | ၁၉၅၁ | ၁၉၅၉-၁၉၆၀ | ၀.၅ | ၁.၂ |
| အိန္ဒိယ | ၁၉၄၈ | ၁၉၅၈-၁၉၅၉ | ၀.၅ | ၁.၇ |
| မြန်မာ | ၁၉၅၀ | ၁၉၅၈-၁၉၅၉ | ၁.၁ | ၃.၆ |
| ဖိလစ်ပိုင် | ၁၉၄၉ | ၁၉၅၉ | ၃.၁ | ၃.၂ |
| ထိုင်း | ၁၉၅၁ | ၁၉၅၉ | ၀.၆ | ၂.၇ |
| ဗီယက်နမ် | ၁၉၅၁ | ၁၉၅၉ | ၁.၈ | ၄.၆ |

Myrdal (1968, p. 1665)

ရန်ကုန် စီးပွားရေးတက္ကသိုလ်မှ စီးပွားရေး ပညာရှင်များ၏ သုတေသနပြု ချက်အရ အဆိုပါ လေ့လာခဲ့သော ကာလများတွင် ကျေးလက်ဒေသများ၏ လူမှုစီးပွားရေး အခြေအနေမှာ တိုးတက်မှု အနည်းငယ် ရရှိခဲ့ကြောင်း တွေ့ရ



mgyoe.com

mgyoe.com
SAMPLE BOOK

သည်။ အထူးသဖြင့် ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများကို သိသိသာသာ တိုးတက်အောင် ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။ ပညာရေးတွင် ၁၉၅၂ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းပေါင်း ထောင်နှင့်ချီ၍ ဖွင့်လှစ်ခဲ့သည်။ အဆိုပါကာလအတွင်း မူလတန်းကျောင်းပေါင်း ၃၃၃၅ ခုမှ ၁၁၅၅၇ ခုအထိ တိုးမြှင့် ဖွင့်လှစ်ခဲ့ပြီး အစိုးရ တာဝန်ယူထားသော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်း အသီးသီးတွင် ကျောင်းသား ဝင်ရောက်မှုမှာ ၆၆၆၀၀၀ မှ ၁၇၆၄၀၀၀ အထိ သုံးဆသို့ လည်းကောင်း၊ တက္ကသိုလ် ကောလိပ်များသို့ ကျောင်းသား ဝင်ရောက်မှုမှာ ၆၀၀၀ ခန့်မှ ၁၂၀၀၀ ကျော်သို့ လည်းကောင်း တိုးတက်လာခဲ့သည်။

ပြည်သူတို့အတွက် ပညာရေးကဏ္ဍ တိုးချဲ့ဆောင်ရွက်မှုများ၏ အောင်မြင်မှုအဖြစ် မူလတန်းအဆင့် ပညာသင်ယူနိုင်သူ အရေအတွက် ၃၁ မှ ၅၁ ရာခိုင်နှုန်းသို့ လည်းကောင်း၊ အလယ်တန်းအဆင့်တွင် ၅ မှ ၉ ရာခိုင်နှုန်းသို့ လည်းကောင်း၊ အထက်တန်းအဆင့်တွင် ၁ မှ ၃ ရာခိုင်နှုန်းသို့ လည်းကောင်း တိုးတက်လာခဲ့သည်။ (Walinsky 1962, pp. 365-66)

ဇယား (၂-၁၈)

ကျောင်းနှင့် ကျောင်းသားအရေအတွက် (၁၉၄၅ မှ ၁၉၆၁ အထိ)

| နှစ် | ကျောင်းအရေအတွက် | | | ကျောင်းသားအရေအတွက် (ထောင်ပေါင်း) | | |
|---|---|---|---|---|---|---|
| | မူလတန်း | အလယ်တန်း | အထက်တန်း | မူလတန်း | အလယ်တန်း | အထက်တန်း |
| ၁၉၄၅ | ၂၀၆၀ | ၄၂ | - | - | - | - |
| ၁၉၅၄ | ၅၈၈၈ | ၂၉၀ | ၁၈၁ | ၃၃၃.၄ | ၈၀.၄ | ၂၃.၂ |
| ၁၉၆၁ | ၁၁၉၃၅ | ၃၃၃ | ၆၈၁ | ၁၃၉၄.၁ | ၂၃၄.၉ | ၃၀၅.၃ |

Source: *Burma's Agrarian History* (1970).

ကျန်းမာရေးကဏ္ဍတွင်လည်း ကိုလိုနီခေတ်အတွင်း ကျေးလက်နေပြည်သူတို့အနေနှင့် အဓိကအားဖြင့် တိုင်းရင်းဆေးဆရာနှင့် တိုင်းရင်းဆေးများကိုသာ အားကိုးခဲ့ရသည်။ သို့သော်လည်း လွတ်လပ်ရေး ရပြီးနောက်ပိုင်းကာလများတွင် ကျေးလက်နေ ပြည်သူများအနေနှင့် ခေတ်မီဆေးဝန်ဆောင်မှုများကို ရရှိခဲ့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

၁၉၅၃ ခုနှစ်တွင် စတင် တည်ထောင်ခဲ့သော ကျေးလက်ကျန်းမာရေးဌာန (Rural Health Centers, RHCs) အရေအတွက်သည်လည်း ၁၉၅၄ ခုနှစ်တွင် ၁၁၂ ခု ရှိရာမှ ၁၉၆၁-၁၉၆၂ ခုနှစ်တွင် ၄၉၁ ခုအထိ ရှိလာခဲ့သည်။ ထို့ပြင် ပြည်သူ့ကျန်းမာရေး စီမံချက်များ ဖြစ်သည့် ငှက်ဖျား တိုက်ဖျက်ရေး စီမံချက်၊ အနာကြီးရောဂါ တိုက်ဖျက်ရေး စီမံချက်နှင့် အဆုတ်ရောဂါ တိုက်ဖျက်ရေး စီမံချက်များကိုလည်း အစိုးရက ဆောင်ရွက်ပေးခဲ့သည်။



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၃)

# စစ်အုပ်ချုပ်ရေးအောက်မှ ဆိုရှယ်လစ်ခေတ် (၁၉၆၂-၁၉၈၈) မေခရီ စီးပွားရေးနှင့် ပြည်ပကုန်သွယ်မှုကဏ္ဍ ဆောင်ရွက်မှု အခြေအနေ

*ကျွန်တော်တို့ စီးပွားရေးကို စီမံကိန်းချရာတွင် နိုင်ငံရေးကို ဆွဲသွင်း၍ ရှုပ်ထွေးအောင် လုပ်သင့်သည် မဟုတ်။ နိုင်ငံရေးနှင့် စီးပွားရေး အတော်အတန် ဆက်စပ်နေကြောင်း ကျွန်တော် သဘောပေါက်ပါသည်။ သို့သော် ယခုအချိန်တွင်မူ ကျွန်တော်တို့ နိုင်ငံရေးကို ဘေးဖယ်ထားသင့်ပေသည်။ ကျွန်တော်တို့သည် နယ်ချဲ့ဝါဒ ဆန့်ကျင်ရေးထဲတွင် နစ်မြုပ်မနေရန်၊ ဆင်ခြေဆင်လက်များ ရှာဖွေမနေရန် လိုအပ်လှပေသည်။*

ဗိုလ်ချုပ်အောင်ဆန်း

'အောင်ဆန်းမိသားစု' (အောင်သန်း၊ ၁၉၇၀)

၁၉၆၁ ခုတွင် သမ္မတ ပတ်ချ်ဟီးသည် စစ်အာဏာသိမ်းမှုမှတစ်ဆင့် အာဏာကို ရယူခဲ့ပြီးနောက် ၎င်းသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အစိုးရ၏ ထိပ်ဆုံး ဦးစားပေးအဆင့်တွင် ထားရှိကာ စီးပွားရေးကို နိုင်ငံရေးထက် ရှေ့တန်းတင်ခဲ့လေသည်။

## (က) နိဒါန်း

၁၉၅၈ မေလမှ ၁၉၆၀ ဇန်နဝါရီလအထိ ၁၈ လ ကာလအတွင်း စစ်အစိုးရသည် အိမ်စောင့်အစိုးရအနေနှင့် နိုင်ငံအား စီမံခန့်ခွဲသည့် အတွေ့အကြုံတချို့ကို ရရှိခဲ့သည်။ ဥပဒေနှင့် အမိန့်များကို ထုတ်ပြန်ခဲ့ပြီး မြို့တော်များကို ရှင်းလင်း

mgyoe.com

mgyoe.com
SAMPLE BOOK

ခြင်း၊ ကျူးကျော်နေထိုင်သူများကို ဖယ်ရှားကာ မြို့သစ်များတွင် နေရာချထားခြင်း၊ မလိုအပ်သော နိုင်ငံတော် စီမံချက်များကို ဖြတ်တောက်ခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံခြားအဖွဲ့များ ဖက်စပ်ကုမ္ပဏီများ တည်ထောင်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။ ယင်းမတိုင်မီတွင် အစိုးရသည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကို တည်ထောင်ခဲ့ပြီး ၎င်း၏လုပ်ငန်းများကို ဖြည်းဖြည်းချင်း ချဲ့ထွင်ကာ နိုင်ငံတော်၏ စီးပွားရေး လုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာ ရေကြောင်းလုပ်ငန်းများမှသည် ပြည်တွင်းကုန်သွယ်ရေးနှင့် ကုန်ထုတ်လုပ်ရေး လုပ်ငန်းများအထိ ပါဝင် ဆောင်ရွက်ခဲ့သည်။

စင်စစ် ၎င်းတို့သည် ကိုယ့်ကိုယ်ကိုယ် အားကိုးသည့် စီးပွားရေးစနစ် အငယ်စားကို ကြီးမားသည့် စီးပွားရေးစနစ်အောက်တွင် ဖန်တီးလိုခြင်း ဖြစ်သည်။ ၎င်းတို့အနေဖြင့် စကားသာ တွင်တွင်များနေတတ်သော နိုင်ငံရေးသမားများထက် ပို၍အောင်မြင်အောင် လုပ်ဆောင်တတ်သည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိလာကြလေရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရှည် ဖြေရှင်းရမည့် ပြဿနာများကိုပင် ကိုင်တွယ်နိုင်သည်ဟု ထင်လာကြခြင်းပင်။ အဖြစ်အပျက်များကို ဝမ်းနည်းစွာ သက်သေပြုရပါလျှင် ၎င်းတို့အနေဖြင့် ဆက်လက်၍ အမှားများ မပြုသင့်တော့ပါ။

စစ်တပ်၏ ဒုတိယအကြိမ်အာဏာသိမ်းမှုတွင် အကြောင်းပြချက် နှစ်ခု ရှိသည်။ ပထမအချက်မှာ မြန်မာနိုင်ငံသည် ဖရိုဖရဲ ဖြစ်မည့် အနေအထားတစ်ခုသို့ ရောက်ရှိနေခြင်းနှင့် ဒုတိယအချက်မှာ ဦးနု ဦးဆောင်သည့် အရပ်သားအစိုးရ၏ နိုင်ငံရေးစနစ်သည် နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် ဆိုရှယ်လစ်လမ်းစဉ်မှ သွေဖည်သွားခဲ့သည် ဟူသည့် အချက်များ ဖြစ်ပေသည်။

၁၉၆၂ ခုနှစ် စစ်တပ်မှ အာဏာသိမ်းယူပြီးလျှင်ပြီးချင်းပင် အဓိက အရေးပါသော မှတ်တမ်းမှတ်ရာ သုံးခုကို ထုတ်ပြန်ခဲ့သည်။ ယင်းတို့မှာ ၁၉၆၂ ခုနှစ် ဧပြီ ၃၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စနစ်၊ ၁၉၆၂ ခုနှစ် ဇူလိုင် ၄ ရက်တွင် ထုတ်ပြန်ခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဖွဲ့စည်းပုံ စည်းမျဉ်းနှင့် ၁၉၆၃ ခုနှစ် ဇန်နဝါရီ ၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော လူနှင့် ပတ်ဝန်းကျင်တို့၏ အညမည သဘောတရားတို့ ဖြစ်သည်။ ဤ မှတ်တမ်းများနှင့် အစိုးရ၏ မူဝါဒများ၏ အဓိက ဆိုလိုရင်းများမှာ မြန်မာ့နည်း မြန်မာ့ဟန်စနစ်၊ ဗဟိုချုပ်ကိုင် ဆိုရှယ်လစ်စနစ်နှင့် အတွင်းမျှော်ကိုယ့်အားကိုယ်ကိုးသည့် မဟာဗျူဟာတို့ ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

ယင်းမူဝါဒ အရောအပြွမ်းကို သစ္စာရှိစွာ ခံယူသည့်အနေဖြင့် အစိုးရသည် ကိုယ့်အားကိုယ်ကိုးသည့် ဆိုရှယ်လစ် စီးပွားရေးစနစ်၏ အခြေခံ အုတ်မြစ်များ တက်သုတ်ရိုက်၍ ချခဲ့ကြသည်။ နိုင်ငံခြား ကုမ္ပဏီများ၊ ဖက်စပ်ကုမ္ပဏီများ၊ ဘဏ်များ၊ စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ ပြည်ပ ကုန်သွယ်ရေး လုပ်ငန်းများ၊ ပြည်တွင်း ကုန်သွယ်ရေး လုပ်ငန်းများ၊ သစ်တော၊ သားငါး၊ သတ္တုလုပ်ငန်းတို့အပြင် ဆေးရုံများ၊ ကျောင်းများကိုပါ ပြည်သူပိုင် သိမ်းခဲ့သည်။ ပြည်သူပိုင် သိမ်းရန် မလိုအပ်သော ကဏ္ဍများ ဖြစ်သည့် လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွင်ပင် လယ်ယာ စိုက်ပျိုးသူများအတွက် အရေအတွက်နှင့် ဈေးနှုန်းများ ကို ထိန်းချုပ်ခဲ့သည်။ လယ်သမားများသည် အစိုးရက သတ်မှတ်ထားသည့် ဧရိယာများတွင် စီမံကိန်း သီးနှံများကို စိုက်ပျိုးခဲ့ကြရရုံသာမက ထွက်ရှိလာသော သီးနှံများကိုလည်း ကန့်သတ်ထားသည့်ဈေးနှုန်းဖြင့် အစိုးရသို့ ပြန်လည်ရောင်း ချရသည်။

ပြည်သူပိုင် သိမ်းယူခြင်း လုပ်ငန်းစဉ်တစ်လျှောက်တွင် တရုတ်နှင့် အိန္ဒိယ စီးပွားရေး လုပ်ငန်းရှင်များ ကြီးစိုးထားသည့် လုပ်ငန်းများကို ရပ်စဲခဲ့သည်။ ၁၉၇၀ ပြည့်နှစ် အစောပိုင်း ကာလအထိ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းမှလွဲ၍ အခြား စီးပွားရေးလုပ်ငန်း အငယ်စားများ ဖြစ်သည့် လက်လီ ကုန်သွယ်ရေး လုပ်ငန်းများ၊ ကုန်းလမ်းနှင့် ရေလမ်းပို့ဆောင်ရေးလုပ်ငန်းများကို ပြည်သူပိုင် သိမ်းခဲ့သည်။ ပေါ်ထွက်ခဲ့သည့် ရလဒ်မှာ လွန်ကဲသည့် ဆိုရှယ်လစ်စနစ်နှင့် ထိန်းချုပ်အမိန့်ပေးသည့် စီးပွားရေး စနစ်တို့ပင် ဖြစ်သည်။

Steinberg နှင့် စစ်ကြိုခေတ် မြန်မာ့နိုင်ငံရေးသမား ခေါင်းဆောင်တစ်ဦး ဖြစ်သည့် ဒေါက်တာဘမော်တို့က အဆိုပါ မြန်မာ့နည်း မြန်မာ့ဟန် 'ဆိုရှယ် လစ်စနစ်ကို မှတ်ချက်ပြုခဲ့ရာတွင် ဆိုရှယ်လစ်စနစ် ဖြစ်သောကြောင့် ကောင်း မွန်သည်၊ သို့သော် မြန်မာ ဖြစ်သောကြောင့် ပိုမိုကောင်းသည်'ဟု ဆိုခဲ့သည်။ (Steinberg 1981, p. 30) ပြင်သစ် သံအမတ်ကြီးနှင့် ယူနက်စကို အကြီးတန်း အရာရှိ ဖြစ်ခဲ့သူ ဦးသက်ထွန်းကမူ မြန်မာနိုင်ငံသည် စတုတ္ထ အကြိမ်မြောက် ဖွံ့ဖြိုး တိုးတက်မှု ရရှိရန် အခွင့်အလမ်းများမှ လွဲချော်ခဲ့ရသည်ဟု ဆို ခဲ့သည်။

*စစ်တပ်သည် လက်လွန်ပြီးသော အာဏာသိမ်းမှုကိစ္စရပ်အတွက် အကြောင်း ပြချက် ရှာခဲ့ရာတွင် အာဏာရှင် စနစ်အောက်တွင် လက်ယာမှ လက်ဝဲဝါဒသို့*

mgyoe.com

mgyoe.com
SAMPLE BOOK

*တိမ်းသွားခဲ့သဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ လွဲချော်ခဲ့ချိန်တွင် အိမ်နီးနားချင်းနိုင်ငံများသည် ဖွံ့ဖြိုးမှု အသီးအပွင့်များ ခံစားနေရပြီ ဖြစ်သည်။ (U Thet Tun 1999, p. 1)*

*ဒေါက်တာခင်မောင်ကြည်က 'ဆိုရှယ်လစ်စနစ်၏ အတိုင်းအတာသည် ဆိုဗီယက်နှင့် အရှေ့ဥရောပဒေသမှ သံတမန်များ၊ ဧည့်အရာရှိများနှင့် ပညာသင်များပင် ထိတ်လန့် တုန်လှုပ်စေခဲ့သည်။ သူတို့အနေဖြင့် ဆိုရှယ်လစ်စနစ်အမည်ဖြင့် ကြမ်းတမ်းလှသည့် ကိစ္စရပ်များ ပြုမူခဲ့ခြင်းကြောင့် ဆိုရှယ်လစ်စနစ်ဆိုသည်မှာ နာမည်ဆိုး အယူဝါဒတစ်ခု ဖြစ်သွားနိုင်သည်ဟု ဆိုခဲ့ကြသည်။ (Khin Maung Kyi et al. 2000, pp. 10-11)*

IMF Institute ၏ ဒု-ညွှန်မှူးဟောင်း ဒေါက်တာထွန်းဝေနှင့် IMF မှ အတိုင်ပင်ခံများ၊ UNCTAD, UNDP နှင့် အစိုးရ အများစု၏ အဆိုအရ အဓိကပြဿနာမှာ ဆိုရှယ်လစ်စနစ်ကို ကိုင်တွယ် ထိန်းကျောင်းသည့်နည်းစနစ် ဖြစ်ကြောင်း ဆိုခဲ့သည်။ ကိုးကားဖော်ပြရလျှင် အာဏာရှင်တို့အနေနှင့် ဆိုရှယ်လစ်စနစ်ကို မည်သို့စီမံ ခန့်ခွဲသည်ကို သတိပြုမိခဲ့ကြပါသလား၊ အကယ်၍ ပိုမိုသင့်လျော်သော စီမံခန့်ခွဲမှုစနစ်ကိုသာ ကျင့်သုံးခဲ့မည် ဆိုလျှင် ပိုမို ကောင်းမွန်သော ရလဒ်များ ရရှိနိုင်သည်ဟု ဆိုခဲ့သည်။ (U Tun Wai 1990, p. 21)

စစ်အုပ်ချုပ်ရေး၏ အစောပိုင်းကာလ ခေတ်ပြိုင်များနှင့် မရှေးမနှောင်း ပုဂ္ဂိုလ်များကြားတွင် အရေးပါ အရာရောက်ခဲ့သော ပုဂ္ဂိုလ်တစ်ဦး ရှိခဲ့ပြီး ၎င်းမှာ BCS ဦးဘငြိမ် ဖြစ်သည်။ ဦးဘငြိမ်သည် စစ်တပ်အတွင်းတွင် ဆိုရှယ်လစ်စနစ်ကို စာအုပ်ကြီးအတိုင်း ကိုင်တွယ် ကျင့်သုံးခဲ့သည်ဟု နာမည်သတင်းကောင်းရခဲ့သူ ဗိုလ်မှူးချုပ်တင်ပေကို ထောက်ခံခဲ့သည့် တစ်ဦးတည်းသော အရပ်သား တစ်ဦး ဖြစ်ခဲ့သည်။

## (ခ) မေခရို စီးပွားရေး ဆောင်ရွက်မှုများ

၁၉၆၂ ခုတွင် စစ်တပ်က အာဏာသိမ်းယူပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ စီးပွားရေးမှာ ကောင်းမွန်သော အနေအထား ရောက်ခဲ့ခြင်း မရှိပါ။ ယင်းသို့ မရောက်ရှိခဲ့ခြင်း အကြောင်းရင်းကို အချက် သုံးချက်ဖြင့် ရှင်းလင်းစွာ ထောက်ပြခဲ့ပါသည်။ ပထမတစ်ချက်မှာ GDP အဆင့်သည် ၁၉၅၉-၁၉၆၀ တွင် တိုးတက်မလာဘဲ ၁၉၆၁-၁၉၆၂ မှသာ အနည်းငယ် တက်လာခဲ့သည်။ (ယခင်အခန်းမှ ဇယား ၂-၁)

mgyoe.com

mgyoe.com
SAMPLE BOOK

နောက်တစ်ချက်မှာ ၁၉၅၇-၁၉၅၈ ခုမှ စတင်၍ စုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှု အချိုးအစား ကျဆင်းလာခြင်း ဖြစ်သည်။ သို့သော် ၁၉၆၁-၁၉၆၂ ခုနှစ်တွင် အနည်းငယ် ပြန်လည် မြင့်တက်လာခဲ့သည်။ (ပုံ ၂-၃)

တတိယ အချက်မှာ ၁၉၅၇ ခုနှစ်မှ စတင်၍ ကုန်သွယ်မှုအချိုးအစား ကျဆင်းခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ၁၉၆၁-၁၉၆၂ တွင် အနည်းငယ် ပြန်လည် မြင့်တက်ခဲ့သည်။ (ဇယား ၂-၇)

နိုင်ငံစီးပွားရေးတွင် စိုးရိမ်ဖွယ် ဘေးကျပ်နံကျပ် အခြေအနေ မရှိခဲ့ပါ။ တစ်ဦးကျဝင်ငွေတွင် မြန်မာနှင့် အင်ဒိုနီးရှားတို့ ကွာဟချက် မရှိလှဘဲ ဖိလစ်ပိုင်နှင့် ထိုင်းတို့သည်သာ အနည်းငယ် မြင့်မားသည်ကို တွေ့ရသည်။ ၎င်းတို့၏ ဖွံ့ဖြိုးမှုအဆင့်၊ ဖွံ့ဖြိုးဆဲ အဆင့်များသည် အနည်းနှင့်အများ ဆိုသလို မတိမ်းမယိမ်းသာ ရှိခဲ့သည်။ မြန်မာနိုင်ငံ၏စုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုနှုန်းမှာ အဆိုပါ နိုင်ငံများထက် အနည်းငယ် သာခဲ့သည်။ ထို့ပြင် နိုင်ငံ၏ ပြည်ပ ကုန်သွယ်မှုရှင်းတမ်းတွင်လည်း ကောင်းမွန်သော အနေအထားကို ရရှိခဲ့သည်။ တစ်နှစ်၊ နှစ်နှစ်မှ လွဲ၍ ငွေဖောင်းပွမှုနှုန်းသည်လည်း ဆိုးရွားသော အခြေအနေ မရှိခဲ့ပါ။ ထို့ပြင် လွန်ခဲ့သည့် ဆယ်စုနှစ် တစ်စုအတွင်းတွင် အစိုးရအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်သည့် စွမ်းအင်၊ မီးရထားနှင့် ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခဲ့သည်။ သို့အတွက် နိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးညွှန်းကိန်းများမှာ အထက်ပါနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ကောင်းမွန်သော အနေအထားတွင် ရှိခဲ့သည်။ အကယ်၍ အထက်ပါ နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲတွင် တာထွက်တုံး (starting-bloc) ဖြစ်သည်ဟု ယူဆပါလျှင် မြန်မာနိုင်ငံသည်လည်း ရှေ့ဆုံးမှ ပြေးသူတစ်ယောက် ဖြစ်ပါလိမ့်မည်။

ထို့ပြင် စီးပွားရေး အခြေအနေ အားလုံးကို ခြုံကြည့်ပါက လွန်ခဲ့သည့် ဆယ်စုနှစ်ကာလ၏ အရှိန်အဟုန်ကြောင့် ၁၉၆၅ ခုနှစ်အထိ ကောင်းမွန်သည့် အခြေအနေတွင် ရှိခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၆၅ ခုနှစ်အကြားတွင် ပျမ်းမျှ GDP တိုးတက်မှုနှုန်းနှင့် စားသုံးသူဈေးဆနှုန်းကိန်းတို့မှာ ၄. ၉ ရာခိုင်နှုန်းနှင့် ၃. ၂ ရာခိုင်နှုန်း အသီးသီး ရှိခဲ့ပြီး ယင်းတို့မှာ လက်ခံနိုင်သော အနေအထားတွင် ရှိခဲ့သည်။ ပြည်ပကုန်သွယ်မှုရှင်းတမ်း (balance of trade) တွင်လည်း အပေါင်းလက္ခဏာ အနည်းငယ် ပြခဲ့သည်။ (ဇယား ၃-၁) (Myat Thein and Mya Than 1995, p. 213)


mgyoe.com

mgyoe.com

SAMPLE BOOK

ဇယား (၃-၁)

ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှု တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်း (၁၉၆၂ မှ ၁၉၈၈ အထိ)
(ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးအပေါ်တွင် ပါဝင်မှု ရာခိုင်နှုန်း)

| နှစ် | GDP တိုးတက်မှုနှုန်း | ရင်းနှီးမြှုပ်နှံမှု | စုဆောင်းမှု | Resource Gap |
|---|---|---|---|---|
| ၁၉၆၂-၁၉၆၅ | ၄.၉ | ၁၃.၅ | ၁၅.၄ | - ၁.၉ |
| ၁၉၆၆-၁၉၆၉ | ၂.၂ | ၁၀.၉ | ၈.၇ | ၂.၂ |
| ၁၉၇၀-၁၉၇၃ | ၁.၃ | ၁၁.၂ | ၁၀.၅ | ၀.၇ |
| ၁၉၇၄-၁၉၇၇ | ၄.၇ | ၁၀.၉ | ၁၀.၀ | ၀.၉ |
| ၁၉၇၈-၁၉၈၁ | ၆.၅ | ၂၀.၉ | ၁၆.၅ | ၄.၄ |
| ၁၉၈၂-၁၉၈၅ | ၄.၇ | ၁၇.၇ | ၁၂.၅ | ၅.၂ |
| ၁၉၈၆-၁၉၈၈ | - ၁.၇ | ၁၂.၅ | ၉.၇ | ၂.၈ |

Source: *Report to the Pyithu Hluttaw on the Financial, Economic and Social Conditions for 1988/89;* and *Review of the Financial, Economic and Social Conditions for 1989/90;* IMF, *International Financial Statistics* (various issue); U Tun Wai (1990, p. 24).

သို့ရာတွင် ပေါင်းရုံးစုဝေးလာသော ဆိုးကျိုးများ ဖြစ်သည့် ပြည်သူပိုင် သိမ်းခြင်း၊ စီမံခန့်ခွဲမှု လွဲချော်ခြင်းနှင့် မှားယွင်းသော စီးပွားရေး မူဝါဒများကြောင့် ယိုယွင်းလာသော စီးပွားရေး အခြေအနေများ မြင်တွေ့ခဲ့ရသည်။ အထူးသဖြင့် ဆန်တင်ပို့မှု ပမာဏ ကျဆင်းလာခြင်း၊ စုစုပေါင်း ပြည်ပပို့ကုန်တန်ဖိုး ကျဆင်းလာခြင်းနှင့် စုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျဆင်းလာခြင်းတို့ကို တွေ့မြင်ရသည်။ ဆန်တင်ပို့မှုမှာ ၁၉၆၂-၁၉၆၃ တွင် တန်ချိန် ၁.၆ သန်း ရှိခဲ့ရာမှ ၁၉၆၆-၁၉၆၇ တွင် ၀.၆၄ သန်းသို့ ကျဆင်းခဲ့သည်ကို တွေ့ရသည်။ ဤကာလအတွင်းတွင် ဆန်တင်ပို့မှုမှ ဝင်ငွေမှာ ကျပ် ၁၂၆၂.၇ သန်းမှ ၅၀၀.၈ သန်းသို့ သိသိသာသာ ကျဆင်းခဲ့ရသည်။ တစ်ဖန် ပို့ကုန်တန်ဖိုးများ ကျဆင်းခြင်းကြောင့် သွင်းကုန် တန်ဖိုး၊ စုဆောင်းမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် GDP တိုးတက်မှုနှုန်းများလည်း ကျဆင်းခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

၁၉၆၇ ခုနှစ်အထိ နိုင်ငံ၏ စီးပွားရေး အခြေအနေမှာ ဆိုးရွားစွာ ယိမ်းယိုင်ခဲ့ပြီး စီးပွားရေးလုပ်ငန်းအမျိုးအစား ၃ ခု ပေါ်ထွက်ခဲ့သည်။ ယင်းတို့မှာ အမည်ခံ တရားဝင် စီးပွားရေး ၁ မျိုးနှင့် မှောင်ခိုဈေးကွက် ၂ မျိုးတို့ ဖြစ်သည်။ အမည်ခံ တရားဝင် စီးပွားရေးစနစ်အောက်တွင် အများပြည်သူသို့ ဖြန့်ဖြူးရောင်းချရေးစနစ်မှာ ထိရောက်မှု မရှိဘဲ အရေးကြီး လူသုံးကုန်ပစ္စည်းများမှာ အမှန်တကယ် သုံးစွဲသူများ လက်ဝယ်သို့ မှောင်ခိုဈေးကွက်မှတစ်ဆင့်သာ ရောက်ရှိခြင်း ဖြစ်သည်။ ထို့ပြင် ထိရောက်မှု မရှိသည့် ဖြန့်ချိမှုစနစ်ကလည်း ကုန်ပစ္စည်း အမှန်တကယ် မလုံလောက်မှုကဲ့သို့ အရေးကြီးပြီး ယင်းမှတစ်ဖန် အလျင်အမြန် ကြီးထွားလာသည့် ပြည်တွင်း ထုတ်ကုန်နှင့် ပြည်ပ သွင်းကုန်များ၏ မှောင်ခိုဈေးကွက်မှာ အန္တအပြား ကြီးထွားလာခဲ့သည်။

အခြားသော မှောင်ခိုဈေးကွက်တစ်ခုမှာ အစိုးရက ပြည်ပမှ လူသုံးကုန်များကို တရားဝင် ပိတ်ပင်ခဲ့မှုကြောင့် နယ်စပ်ဒေသများတွင် မှောင်ခို တင်သွင်းသည့် ဈေးကွက် ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ယင်းကို နောက်ပိုင်းတွင် အသေးစိတ်တင်ပြမည်။ ဆန်နှင့် အခြားသော အရေးပါသည့် လူသုံးကုန်ပစ္စည်းများလည်း ပြတ်လပ်မှု ဖြစ်ပေါ်ခြင်း သို့မဟုတ် မှောင်ခိုဈေးကွက်အတွင်းတွင် ရောင်းချခြင်း၊ မတန်တဆ ဈေးပေးရခြင်းများ ဖြစ်ပေါ်ခဲ့သည်။ စစ်အစိုးရအတွက် ကံကောင်းသည်မှာ တရုတ်ဆန့်ကျင်ရေး အရေးအခင်း ပေါ်ပေါက်ခဲ့၍ ယင်းက ပြည်သူများကို အာရုံလွှဲပြောင်းသွားစေခဲ့သည်။ ကံမကောင်းစွာပင် အာဏာပိုင်တို့အနေနှင့် စီးပွားရေး အခြေအနေ ဆိုးရွားမှုကို အာရုံမစိုက်နိုင်ဘဲ အခြားဘက်သို့ အာရုံရောက်ခဲ့ကြရသည်။[၁]

ဆက်လက်၍ မည်သည့်ဝေဖန်မှုကိုမျှ ဆတ်ဆတ်ထိမခံတတ်မှုက အစိုးရအား အမှန်ကို မမြင်နိုင်သော မျက်ကန်း အဖြစ်သို့ ရောက်သွားစေရန် တွန်းအား

---

၁။ တရုတ်ကျောင်းသူ၊ ကျောင်းသားများကို မော်စီတုန်း၏တံဆိပ်နှင့် လက်ပတ်များ ပေးထားသည်။ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနက ကျောင်းသားများအား နိုင်ငံရေးတံဆိပ်များ တပ်ဆင်ခြင်း မပြုရန် အမိန့် ထုတ်ပြန်ခဲ့သည်။ တရုတ်ကျောင်းသားများသည် အမိန့်ကို ဖီဆန်ကာ ဆန္ဒပြခဲ့ကြသည်။ မြန်မာသည် ဆူပူမှုများကို နှိမ်နင်းခဲ့ပြီး တရုတ်-မြန်မာ ကျောင်းသားများ၏ သွေးစွန်းသော တိုက်ခိုက်မှုများ ဖြစ်စေခဲ့သည်။ တရုတ်တို့သည် ပစ္စည်း သိုလှောင်သူများအဖြစ် အစွပ်စွဲခံရကာ ၎င်းတို့သည် ဆန်အကျပ်အတည်းကာလတွင် ဈေးနှုန်းများကို မြှင့်တင် ရောင်းချခဲ့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

တစ်ရပ် ဖြစ်ခဲ့သည်။ ၁၉၆၃ အစောပိုင်းကာလတွင် News Agency of Burma (NAB) ကို တည်ထောင်ကာ နိုင်ငံခြားသတင်း အေဂျင်စီများနေရာတွင် အစားထိုးခဲ့သည်။ ဆက်တိုက် ဆိုသလိုပင် အစိုးရပိုင် သတင်းစာများ ဖြစ်သည့် The Working Peoples' Daily ကို မြန်မာဘာသာဖြင့် လည်းကောင်း၊ နောက်ပိုင်းတွင် အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း ထုတ်ဝေခဲ့သည်။ နောက်ဆုံးတွင် ကိုယ်ပိုင်သတင်းထုတ်ပြန်ရေးအဖွဲ့များကိုပင် ကျေနပ်မှု မရှိဘဲ အင်္ဂလိပ် သတင်းစာ Nation နှင့် မြန်မာသတင်းစာ သုံးစောင်တို့ကို ပိတ်ခဲ့ပြန်သည်။

ထိုသို့ဖြင့် အစိုးရသည် ဆန့်ကျင် ဝေဖန်မှုများ အားလုံးကို ထိရောက်စွာ နှိမ်နှင်းခဲ့ပြီး ယင်းဆန့်ကျင်မှုများ အားလုံး မြေအောက်သို့ ရောက်အောင် တွန်းပို့ခဲ့သည်။ ထို့ပြင် အစိုးရသည် ပြည်သူတို့၏ လိုအပ်ချက် အစစ်အမှန်များ အားလုံးကို မျက်ကွယ်ပြုခဲ့သေးသည်။ သို့အတွက် အစိုးရသည် ကမ္ဘာ့နိုင်ငံများနှင့် သာမက မိမိပြည်သူပြည်သားများနှင့်ပါ ကျောခိုင်း ဝေးကွာခဲ့တော့သည်။

## (ခ–၁) GDP တိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုများ

တရားဝင် ကိန်းဂဏန်းများအရ GDP တိုးတက်မှုနှုန်းမှာ ၁၉၆၆-၁၉၆၉ ခုတွင် ၂. ၂ ရာခိုင်နှုန်းသို့ ရင်းနှီး မြှုပ်နှံမှုနှင့် စုဆောင်းမှုများနှင့်အတူ လိုက်ပါ ကျဆင်းခဲ့သည်။ (ဇယား ၃-၁)

GDP အပေါ် ရင်းနှီး မြှုပ်နှံမှုနှင့် စုဆောင်းမှု အချိုးအစားမှာ ၁၉၆၂-၁၉၆၅ တွင် ၁၃. ၅ နှင့် ၁၅. ၄ ရာခိုင်နှုန်း အသီးသီး ရှိရာမှ ၁၉၆၆-၁၉၆၉ တွင် ၁၀. ၉ ရာခိုင်နှုန်းနှင့် ၈. ၇ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သည်။ တော်လှန်ရေးကောင်စီလက်ထက် ပျမ်းမျှ တိုးတက်မှုနှုန်း (၁၉၆၂ ခုမှ ၁၉၇၃ ခုနှစ်အထိ) မှာ ၁. ၇ ရာခိုင်နှုန်းသာ ရှိခဲ့ပြီး နှစ်စဉ် လူဦးရေ တိုးတက်မှုနှုန်း ၂. ၁ ရာခိုင်နှုန်း ထက်ပင် နည်းပါးခဲ့သည်။ ဆိုလိုသည်မှာ တစ်ဦးကျ ဝင်ငွေနှုန်းနှင့် တွက်ချက်ပါက တစ်နှစ်လျှင် ဝ. ၄ ရာခိုင်နှုန်း လျော့ကျသွားသည့်သဘော ဖြစ်ပေသည်။


ဇယား (၃-၁) တွင် စစ်အုပ်ချုပ်ရေးအောက် ဆိုရှယ်လစ် ခေတ်ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို ဖော်ပြထားသည်။ ယင်းကိန်းနှစ်ခုစလုံးမှာ လေ့လာနေသည့်ကာလအတွင်းတွင် တိုးတက်မှု မရှိဘဲ သာမက အနေနှင့် ထိုင်းနိုင်ငံနှင့် နှိုင်းယှဉ်ရာတွင် ခြားနားမှု များစွာ ဖြစ်ခဲ့သည်။ အမှန်



mgyoe.com

mgyoe.com
SAMPLE BOOK

ပုံ (၃-၁)
၁၉၆၁ မှ ၁၉၈၈ အတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှု




စင်စစ် ပေါ်ထွန်းစ စက်မှုနိုင်ငံများ (NICs) ဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် အဆိုပါကာလအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှု နှုန်းများမှာ ဆက်တိုက် မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပေသည်။ (နောက်ဆက် တွဲ ဇယား A 3.2)

မြန်မာအစိုးရအနေနှင့် ဒေသအတွင်း မည်သို့ ဖြစ်ပေါ် ပြောင်းလဲနေသည် ကို အစဉ်နီးကြားစွာ ကြည့်နေခဲ့လျှင် ဖြစ်စေ၊ မြန်မာ စီးပွားရေးပညာရှင်များ၏ သတိပေးမှုများကို ဂရုစိုက်ခဲ့လျှင် ဖြစ်စေ မြန်မာအနေနှင့် အဆိုပါ စိတ်ပျက်စရာ ကောင်းလှသည့် အခြေအနေများကို ရှောင်ရှားနိုင်ခဲ့မည် ဖြစ်သည်။ ထိုအချိန်က အာရှတိုက်အတွင်း လက်တစ်ဆုပ်စာမျှလောက်သော နိုင်ငံများသည်သာ ပြည်ပ ပို့ကုန်ကို အလေးထားမှု စတင်ခဲ့ပြီး ပြည်ပပို့ကုန် ဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက် မှု၏ အရေးပါပုံကို သတိပြုမိလာကြသည်။ ဥပမာ - နိုင်ငံတကာသိ မြန်မာပညာ ရှင် ဒေါက်တာလှမြင့်က မြန်မာနှင့် အင်ဒိုနီးရှားတို့ ကျင့်သုံးခဲ့သော အတွင်း မျှော် စီးပွားရေးမူဝါဒ (Inward looking) ၏ ဆိုးကျိုးများကို ထောက်ပြခဲ့သည်။ (Hla Myint 1967)


mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ဖန် ၁၉၆၇ ခုနှစ်၌ ရန်ကုန်တွင် ကျင်းပခဲ့သည့် ကိုလံဘို စီမံကိန်း ၅ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ညီလာခံ အစီရင်ခံစာအရ ထိုင်းမှိုင်းသော ပို့ကုန်စွမ်းဆောင်ရည်နှင့် တစ်မျိုးသားလုံး၏ ထုတ်လုပ်မှုတန်ဖိုး (GNP) နိမ့်ကျမှုတို့၏ ဆက်နွယ်မှုကို တက်ရောက်လာသည့် ကိုယ်စားလှယ် အားလုံးက အာရုံစိုက်မိခဲ့သည်။ ယင်းအစီရင်ခံစာသည် အိမ်ရှင် ဖြစ်သည့် မြန်မာနိုင်ငံမှ စီးပွားရေးပညာရှင်များ အဓိက ပြုစုခဲ့ခြင်း ဖြစ်သည်။ ယင်းတွင် အိန္ဒိယ၊ မြန်မာနှင့် သီဟိုဠ် (ယခု သီရိလင်္ကာ) တို့၏ ပို့ကုန်များ ကျဆင်းလာမှုနှင့်အတူ ယင်းနိုင်ငံများ၏ GNP တိုးတက်မှုနှုန်း နိမ့်ကျမှုတို့ကို အထူးမှတ်ချက်ပြုခဲ့ကြသည်။ (The Colombo Plan 1967, p. 4)

ကွဲပြားသောအချက်တစ်ခုမှာ ပို့ကုန်များ ချဲ့ထွင်မှုနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတို့ အတွဲညီညီ ဆောင်ရွက်နိုင်မှုကြောင့် တောင်ကိုရီးယား၊ ထိုင်ဝမ်နှင့် ဟောင်ကောင်တို့မှာ ဖွံ့ဖြိုးတိုးတက်ဆဲ နိုင်ငံအဆင့်မှ လွတ်မြောက်ပြီး စက်မှုနိုင်ငံများအဖြစ်သို့ ရောက်ရှိစေခဲ့သည်။[၂] ဤလုပ်ငန်းစဉ်တွင် စီးပွားရေးအရ အောင်မြင်မှုရရှိနေသောနိုင်ငံများမှ အာဏာရှင်စနစ်များသည် တိုင်းပြည်၏ ကြွယ်ဝချမ်းသာမှုကြောင့် ပြည်သူတို့၏ထောက်ခံမှုကို ရရှိလာကာ နိုင်ငံရေးအာဏာ တည်မြဲမှုကို

၂။ ပြည်တွင်းနှင့်ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်ကာ အချိန်ကြာမြင့်စွာကပင် အသိအမှတ်ပြုခဲ့သော သွယ်ဝိုက်အကျိုးအမြတ် သို့မဟုတ် ဒုတိယ အကျိုးအမြတ် ဖြစ်သည့် အင်အားကြီးမားသော ပို့ကုန်ကဏ္ဍ အကျိုးဖြစ်ထွန်းခဲ့သည်။ ပို့ကုန် ချဲ့ထွင်ခြင်းနှင့် စီးပွားရေး တိုးတက်မှုနှုန်းတို့ နီးကပ်စွာ ဆက်နွယ်မှုကို လက်တွေ့ သက်သေပြခဲ့သူ Emery က မူလထွက်ကုန်များ ပြည်ပတင်ပို့ခြင်းမှ အကျိုးဖြစ်ထွန်းပြီး ဈေးကွက် ချဲ့ထွင်သည့်နေရာတွင် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုနှင့် လက်ရှိစက်မှုလုပ်ငန်းများ၊ ယင်းထုတ်ကုန်များနှင့် ဆက်နွယ်လျက်ရှိသော ထုတ်လုပ်မှု နည်းစဉ်အဆင့်ဆင့်တို့ကို အားပေးရန် လိုအပ်ကြောင်း ဆိုခဲ့သည်။ ပို့ကုန် ချဲ့ထွင်ရေးတွင် အထောက်အကူပြု စက်မှုလုပ်ငန်းများကိုပါ အားပေးပြီး အဓိက ပို့ကုန် ချဲ့ထွင်ရေးအတွက် ဝန်ဆောင်မှုများ ပြုလုပ်ရန် လိုအပ်သည်။ ပို့ကုန် လျင်မြန်စွာ တိုးတက်မှုသည် နိုင်ငံအတွင်းသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် ဆွဲဆောင်မှုတစ်ခု ဖြစ်သည်။ အထူးသဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ အမြင်တွင် အခွင့်အခါသင့်သော အချိန်လည်း ဖြစ်ပေသည်။ ပို့ကုန်မြှင့်တင်မှုမှသည် ပြည်တွင်းနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံသူများကို နှိုးဆော်ပေးသည့်အပြင် နည်းပညာနှင့် ဈေးကွက်အသစ်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများကိုလည်း လက်ဝယ် ရရှိစေပါသည်။ (Emery 1967, pp. 471-72)


mgyoe.com

mgyoe.com SAMPLE BOOK

ရရှိခဲ့ကြသည်။[၃] နောက်ဆုံးတွင် အဆိုပါနိုင်ငံများ ဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့သည် စွမ်းဆောင်ရည် မြင့်မားသည့် အာရှစီးပွားရေး နိုင်ငံများ (HAPEs) ဖြစ်လာခဲ့ပါသည်။

အတွင်းမျှော်နိုင်ငံများ အထူးသဖြင့် မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများ၏ ခြားနားချက်မှာ ဇယား (၃-၂) တွင် ပြထားသည့်အတိုင်း ဖြစ်သည်။ ဇယား (၃-၂) သည် လွယ်ကူရှင်းလင်းသည့် ပြကိန်းများ ဖြစ်သော်လည်း အဆိုပါဇယားသည် မြန်မာနိုင်ငံနှင့် အခြားသောနိုင်ငံများ၏ခြားနားမှုကို ပြသည့် အသင့်လျော်ဆုံး ဇယားတစ်ခု ဖြစ်သည်။ ယင်းသည် ၁၉၆၀ မှ စ၍ ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ စီးပွားရေး မူဝါဒများကို သီးသန့်စူးစိုက် ဖော်ပြထားခြင်း ဖြစ်သည်။ အရေးတကြီး မှတ်သားရန် တစ်ချက်မှာ ၎င်းတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးမှု သို့မဟုတ် မဖွံ့ဖြိုးမှု စသည်တို့ကို အပိုင်းလိုက် ခွဲကာ ရှင်းလင်းဖော်ပြထားချက်များ ဖြစ်သည်။

မြန်မာကဲ့သို့ပင် ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း ဖွံ့ဖြိုးဆဲနိုင်ငံ အများစုသည် သွင်းကုန် အစားထိုး စက်မှုလုပ်ငန်းများ (ISI) ဗျူဟာဖြင့် စတင်ခဲ့သည်။ ဆယ်စုနှစ်တစ်ခု ကြာပြီးနောက် ၎င်းတို့ကိုယ်တိုင် တွေ့ရှိခဲ့သည်မှာ (မြန်မာနိုင်ငံကဲ့သို့ပင်) ဆိုးသွမ်းသံသရာနွံထဲသို့ နစ်ကာ ပို့ကုန်များ လျော့ကျခြင်း၊ ပြည်ပ ငွေပေးငွေယူရှင်းတမ်း (BOP) နှင့် ဘတ်ဂျက်အကန့်အသတ်များ ဖြစ်ပေါ်ခြင်း၊ ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှု နိမ့်ကျခြင်း၊ စက်မှုနိုင်ငံ ထူထောင်ရန် နှောင့်နှေးခြင်းနှင့် တိုးတက်မှု နှေးကွေးခြင်း၊ အဆုံးတွင် ပြည်ပပို့ကုန် နိမ့်ကျခြင်းနှင့် ပြည်ပမှကုန်ကြမ်း တင်သွင်းမှု မြင့်မားခြင်းတို့ ဖြစ်၍ ယင်းတို့ကို ပုံ (၃-၂) ၏ ဘယ်ဘက်အခြမ်းတွင် ဖော်ပြထားသည်။ ဤမှတစ်ဆင့် NIC များသည် နောက်ပိုင်းတွင် HPAE များ ဖြစ်လာ၍ ပို့ကုန်ဦးစားပေး စက်မှုမဟာဗျူဟာများကို ကျင့်သုံးကာ


၃။ ဖြစ်တန်ရာသည်မှာ ထိုစဉ်က စစ်တပ် အနေနှင့် စီးပွားရေး ဖွံ့ဖြိုးမှုမှတစ်ဆင့် နိုင်ငံရေး အာဏာ တည်မြဲစေရေးအတွက် ဆောင်ရွက်၍ ရသည်ကို မသိရှိခြင်းလည်း ဖြစ်နိုင်ပါသည်။ ယင်းအစား အာဏာတည်မြဲစေသည့်နည်းလမ်းများကို ယခင်လမ်းဟောင်းအတိုင်းလိုက်ကာ ပါတီအသစ်တစ်ခု တည်ထောင်ပြီး ကိုယ်ပိုင်ဟန်ကို တည်ဆောက်ခဲ့သည်။ ၁၉၆၂ အစောပိုင်းတွင် စစ်တပ်သည် လူစုဆောင်းပြီး နိုင်ငံရေးပါတီတစ်ခု တည်ထောင်ကာ အချိန်တန်လျှင် အာဏာကို စွန့်လွှတ်ရန် စီမံဆောင်ရွက်ခဲ့သည်။ ကနဦးတွင် ကေဒါပါတီတစ်ခုအဖြစ် ဖွဲ့ကာ အဖွဲ့ဝင်များမှာ စစ်တပ်မှ ဖြစ်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် အရေအတွက် များပြားလာကာ ကေဒါပါတီမှ လူထုပါတီအဖြစ် ပြောင်းလဲပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ရေးဆွဲရေးအတွက် အာဏာအပ်နှင်းခံခဲ့ရသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ပုံ (၃-၂)

**မြန်မာနှင့် စွမ်းဆောင်ရည် မြင့်မားသည့် အာရှစီးပွားရေးနိုင်ငံများ (HAPEs) နှိုင်းယှဉ်ချက်**




Source: Courtesy of Seiichi Masuyama (personal communication).

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို တိုးတက်အောင် လုပ်ဆောင်ခဲ့ကြသည်။ ထို့ကြောင့် ရင်းနိုင်ငံများသည် ပြည်ပပို့ကုန်နှင့် FDI မြင့်တက်မှု၊ ပြည်ပ ငွေပေးငွေယူ ရှင်းတမ်းနှင့် ဘတ်ဂျက် အကန့်အသတ်များ လျော့ကျမှု၊ ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာမှု၊ စက်မှုလုပ်ငန်းများ မြန်ဆန်လာမှု၊ မြန်ဆန်သော တိုးတက်မှု စသည့် ကောင်းမှုသံသရာများကို ရရှိ ခံစားခဲ့ကြလေသည်။ (ပုံ ၃-၂)

အဘယ်ကြောင့် မြန်မာအစိုးရအနေနှင့် မိမိစီးပွားရေးပညာရှင်များ၏ သတိပေးချက်ကို အလေးဂရုမပြုခဲ့ပါသနည်း။ အခြားနိုင်ငံများ၏ နမူနာကို မယူခဲ့ပါသနည်း။ အတွင်းကြည့်စနစ်ကို တိမ်းညွတ်သောစနစ်ကို ကျင့်သုံး၍ ကမ္ဘာနှင့် ပတ်ဝန်းကျင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုကို လျစ်လျူရှုခဲ့မည် ဆိုပါမူ အထက်ပါ မေးခွန်းများမှာ ဆီလျော်မှု ရှိတော့မည် မဟုတ်ပါ။ သို့သော်လည်း မြန်မာအတွက် သီးခြားအကြောင်းပြချက်များ ရှိပေသည်။ တစ်ချက်မှာ ကိုလံဘို စီမံကိန်း အစီရင်ခံစာအတွက် အဓိက တာဝန်ရှိခဲ့သော ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ စီးပွားရေးပညာရှင်များသည် အုပ်စိုးသူ အဆင့်ဆင့်တို့၏ ချောင်ထိုးခြင်း ခံရသည့် အခြေအနေကို ရောက်ရှိသွားခြင်း ဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း ဩဇာကြီးမားသည့် ဗိုလ်မှူးချုပ်တင်ဖေနှင့် ဦးဘငြိမ်တို့မှာ ၁၉၇၀ ပြည့်နှစ်ခန့်တွင် ရာထူးမှ



mgyoe.com

mgyoe.com
SAMPLE BOOK

ဖယ်ရှားခံခဲ့ရသော်လည်း အရာရောက်နေဆဲ ဖြစ်ခဲ့သောကြောင့် ဖြစ်သည်။ သို့အတွက်ကြောင့် ပြည်ပပို့ကုန်များ ကျဆင်းသွားရခြင်းကို တရားဝင် လက်ခံလိုက်ကာ နိုင်ငံသည် တဖြည်းဖြည်း ကိုယ့်အားကိုယ်ကိုးစနစ်သို့ ရောက်ရှိသွားခဲ့ပါသည်။ ၁၉၆၈-၁၉၆၉ ပြည်သူသို့ အစီရင်ခံစာအရ 'မြန်မာနိုင်ငံသည် ယခင်ကကဲ့သို့ ပို့ကုန် ဦးစားပေး နိုင်ငံ မဟုတ်တော့ကြောင်း' ဖော်ပြခဲ့သည်။ (Report to the People on the Revolutionary Government's Budget Estimate for 1968-69, p. 26)

မူဝါဒ ချမှတ်သူများ အနည်းငယ် သဘောပေါက်ခဲ့သည့် အချက်များမှာ စီးပွားရေးမှာ တဖြည်းဖြည်း နွံနစ်လာကာ ပျက်စီးစေသည့် သံသရာအတွင်း ရောက်ရှိပြီး ပို့ကုန်များ ကျဆင်းခြင်း၊ ပြည်ပ ငွေပေးငွေယူ ရှင်းတမ်းနှင့် ဘတ်ဂျက် အကန့်အသတ်များ ဖြစ်ပေါ်စေခြင်းနှင့် နောက်ဆက်တွဲ ဖြစ်ရပ်များအဖြစ် ရင်းနှီးမြှုပ်နှံမှု နိမ့်ကျခြင်း၊ စက်မှုလုပ်ငန်းများ တည်ထောင်ရန် နှောင့်နှေးခြင်း၊ တိုးတက်မှု နိမ့်ကျခြင်းနှင့် နောက်ဆုံးတွင် ပို့ကုန်များ လျော့ကျခြင်း၊ သွင်းကုန်များ လျှော့ချရခြင်း စသည်တို့ ဖြစ်ပါသည်။

ပို၍အရေးကြီးမည် ထင်သည့် အချက်တစ်ခုမှာ ထိုအချိန်က ပြုလုပ်ခဲ့သည့် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဝန်ကြီးချုပ် ဦးနု၊ ဒုတိယဝန်ကြီးချုပ် ဦးဘဆွေ၊ ဦးကျော်ငြိမ်းနှင့် အတိုက်အခံအဖွဲ့မှ အင်အား ၃၃ ဦး ပါဝင်သော တွေ့ဆုံဆွေးနွေးပွဲတွင် မည်သည့် ရလဒ်မှ ထွက်ပေါ်မလာဘဲ ကြီးမားသော အခွင့်အရေးတစ်ခု ဆုံးရှုံးခဲ့ခြင်း ဖြစ်သည်။ အဆိုပါ တွေ့ဆုံပွဲ အစီရင်ခံစာတွင် အဓိက အချက်မှာ လွန်ခဲ့သည့် ခုနစ်နှစ်က ရယူခဲ့သော တော်လှန်ရေးကောင်စီ၏ အာဏာကို စွန့်လွှတ်ရန်နှင့် အာဏာ မသိမ်းမီကာလ နိုင်ငံရေးစနစ်ကို ပြန်လည် ကျင့်သုံးရန်တို့ ဖြစ်သည်။ သို့သော် အဆိုပါ တောင်းဆိုချက် တစ်ခုကိုမျှ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တော်လှန်ရေးကောင်စီက လက်မခံဘဲ ပြီးဆုံးခဲ့ရသည်။

၁၉၇၂ ခုနှစ်ကျမှသာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီမှ အတည်ပြုခဲ့သော လမ်းစဉ်ပါတီ၏ နှစ်တိုနှစ်ရှည်စီမံကိန်း စီးပွားရေး မူဝါဒကို ချမှတ်ခဲ့သည်။ ယင်းက နိုင်ငံ၏ စီးပွားရေးစနစ် သီးခြား တည်ရှိမှုနှင့် စီးပွားရေး စွမ်းဆောင်ရည် နိမ့်ကျမှုတို့ ချိတ်ဆက်ထားသည်ကို တရားဝင် အသိအမှတ်ပြုလိုက်ခြင်း ဖြစ်သည်။ ယင်းသို့ ချမှတ်ခဲ့သော်ငြားလည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို လက်ခံရန် လက်တွန့်နေလျက် နိုင်ငံခြားမှ အထောက်အပံ့ အကူအညီ ရယူရန်အတွက်ကိုမူ ဦးစားပေးကိစ္စအဖြစ် သတ်မှတ်ခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဇယား (၃-၂)

ကဏ္ဍအလိုက် နိုင်ငံပိုင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု (၁၉၆၂ မှ ၁၉၈၉ ထိ) (စုစုပေါင်းတွင် ပါဝင်မှု ရာခိုင်နှုန်း)

| | ၁၉၆၂-၆၃ | ၁၉၇၄-၇၇ | ၁၉၇၈-၈၁ | ၁၉၈၂-၈၅ | ၁၉၈၆-၈၇ | ၁၉၈၇-၈၈ | ၁၉၈၈-၈၉ |
|---|---|---|---|---|---|---|---|
| ထုတ်လုပ်မှုကဏ္ဍ | ၃၅.၉ | ၅၈.၇ | ၇၂.၀ | ၆၅.၁ | ၅၂.၀ | ၅၃.၅ | ၅၃.၁ |
| လယ်ယာ | ၁၃.၀ | ၁၀.၆ | ၉.၂ | ၁၁.၀ | ၉.၂ | ၁၂.၈ | ၉.၀ |
| မွေးမြူရေးနှင့် ရေလုပ်ငန်း | - | ၃.၂ | ၆.၅ | ၂.၅ | ၂.၈ | ၁.၉ | ၂.၆ |
| သစ်တော | ၀.၂ | ၄.၉ | ၃.၆ | ၂.၇ | ၂.၉ | ၃.၀ | ၄.၁ |
| သတ္တု | ၂.၀ | ၁၁.၁ | ၁၃.၃ | ၈.၅ | ၃.၈ | ၆.၄ | ၁၂.၅ |
| ကုန်ထုတ်လုပ်မှု | ၄.၉ | ၂၅.၈ | ၃၆.၄ | ၃၆.၀ | ၂၄.၁ | ၂၀.၁ | ၁၅.၂ |
| ဆောက်လုပ်ရေး | ၁၅.၈ | ၃.၁ | ၃.၀ | ၄.၄ | ၉.၂ | ၉.၃ | ၉.၇ |
| အခြေခံ အဆောက်အအုံ | ၂၇.၇ | ၁၇.၇ | ၂၃.၆ | ၁၇.၁ | ၂၆.၅ | ၃၀.၄ | ၂၆.၂ |
| စွမ်းအင် | ၄.၂ | ၆.၂ | ၅.၃ | ၈.၃ | ၈.၈ | ၁၂.၆ | ၁၁.၁ |
| ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၂၃.၅ | ၁၇.၄ | ၁၂.၄ | ၈.၈ | ၁၇.၇ | ၁၇.၈ | ၁၅.၁ |
| ဝန်ဆောင်မှု | ၃၆.၄ | ၁၇.၇ | ၁၀.၃ | ၁၇.၈ | ၂၀.၅ | ၁၆.၁ | ၂၀.၇ |
| ကုန်သွယ်ရေး | ၄.၉ | - | - | - | ၂.၅ | ၂.၀ | ၂.၀ |
| လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၃၀.၅ | - | - | - | ၁၈.၈ | ၁၃.၈ | ၁၈.၁ |
| ဘဏ္ဍာရေး | ၁.၀ | ၀.၉ | - | - | ၀.၂ | ၀.၃ | ၀.၆ |
| | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |

Source: *Report to the Pyiyhu Hluttaw on the Financia;, Economic and Social Conditions for 1988-89; Review of the Financial Economic and Social Conditions* (various issues).



mgyoe.com

mgyoe.com
SAMPLE BOOK

အထက်ပါ မူဝါဒ ကျဆုံးမှုနှင့်အတူ ဆက်နွယ်၍ ဖြစ်ပေါ်ခဲ့သည်မှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို လျစ်လျူရှုခဲ့ခြင်းပင် ဖြစ်သည်။ (ဇယား၃-၂) နိုင်ငံတော်မှ လယ်ယာစိုက်ပျိုးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမှာ ၁၉၆၂-၁၉၆၃ ခုတွင် ၁၃ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၁၉၇၄-၁၉၇၇ ကာလတွင် ၁၀. ၆ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။ အဆိုပါကာလအတွင်း ကုန်ပစ္စည်း ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ၄. ၉ ရာခိုင်နှုန်းမှ ၂၅. ၈ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့သည်။

ထို့ပြင် အစိုးရ၏ သာတူညီမျှမူဝါဒ ဖြစ်သည့် စားသုံးကုန်ပစ္စည်းဈေးနှုန်း နိမ့်ကျရေးနှင့် တည်ငြိမ်ရေး၊ လယ်ယာထွက်ကုန်ပစ္စည်း ဈေးနှုန်းကို အခြားကုန်စည်ဈေးနှုန်းများ မြင့်တက်သည့်တိုင် နိမ့်ကျစေရေးကို ဆောင်ရွက်ခဲ့ရာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ပြောင်းပြန်အကျိုးသက်ရောက်မှုများ ဖြစ်ခဲ့သည်။

ဤသည်မှာ လယ်ယာလုပ်ငန်းများ၏ အမှန်ဝင်ငွေ ကျဆင်းလာခြင်းနှင့် ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့အတွက် ဆွဲဆောင်မှု နည်းပါးခြင်း၊ သို့အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်မှု ရပ်ဆိုင်းသွားခြင်းကို ဆိုလိုသည်။ ၎င်း၏ တိုးတက်မှုနှုန်း ၁. ၇၆ ရာခိုင်နှုန်းမှာ လူဦးရေ တိုးတက်မှုနှုန်းထက်ပင် နည်းပါးသည်။ ထို့ကြောင့် အစိုးရ၏ ပြည်ပပို့ကုန်နှင့် ဝင်ငွေမှာ ကျဆင်းခဲ့သည်။ ယင်းသို့ ကျဆင်းရခြင်းကြောင့် တစ်ဖက်တွင် သွင်းကုန်များ လျော့နည်းခြင်း၊ ရင်းနှီးမြှုပ်နှံမှု လျော့ကျခြင်း၊ အလုံးစုံ ထောက်ပံ့မှုများ ကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေကာ ငွေဖောင်းပွမှုသို့ ဦးတည်သွားစေနိုင်ပြီး အဆုံးတွင် အမှန်ဝင်ငွေ ကျဆင်းမှု စသည့် ဆိုးဝါးမှုများကို ကြုံတွေ့ရနိုင်သည်။ (Myat Thein and Mya Than 1995, pp. 212-13)

ဆိုရှယ်လစ်စနစ်၏ ပထမ ဆယ်စုနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုနှုန်း ကျဆင်းရခြင်း အကြောင်းရင်းမှာ အာဏာပိုင်တချို့ အနေဖြင့် နိုင်ငံခြားမှ အထောက်အပံ့များ ရယူရန် ဝန်လေးနေမှုပင် ဖြစ်သည်။ ထိုစဉ်က လွှမ်းမိုးနေသော အယူအဆအရလည်း ဆိုရှယ်လစ်စနစ်နှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဆိုသည်မှာ သူစိမ်းတစ်ရံဆံဖြစ်နေခြင်းပင် ဖြစ်သည်။ သို့သော်လည်း ဒေါက်တာထွန်းဝေက နိုင်ငံခြား အထောက်အပံ့များကို အစောပိုင်း ကာလကတည်းက လက်ခံခဲ့သင့်ကြောင်း ထောက်ပြခဲ့သည်။ သို့အတွက် ကိုယ့်ကိုယ်ကိုယ် အားကိုးသည့် မှားယွင်းသော အယူအဆအောက်မှ တစ်ကိုယ်တော် စွန့်စားမှု မူဝါဒမှာ တိုင်းပြည်၏


mgyoe.com

mgyoe.com SAMPLE BOOK

စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေသည်။ (Tun Wai 1990, p. 23)

ဦးသက်ထွန်းဘက်သို့ အနည်းငယ် ဘက်လိုက်၍ ပြောရပါလျှင် ဆိုရှယ်လစ်စနစ်သည် တစ်စုံတစ်ခုသော အတိုင်းအတာအထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ပိတ်ဆို့မှု ဖြစ်ပေါ်စေပါသည်။ အခြား တစ်ဖက်တွင်လည်း စစ်အစိုးရသည် အကယ်၍ လက်ဝဲသို့ မယိမ်းဘဲ လက်ယာဘက်သို့ ယိမ်းခဲ့ပါလျှင်လည်း ၎င်းတို့အနေနှင့် မည်သို့ ဖြစ်ပျက်မည် ဆိုသည်မှာ ယခုတိုင် အငြင်းပွားဖွယ် ဖြစ်သည်။ ထို့ပြင် စစ်တပ်၏ စီမံအုပ်ချုပ်မှုစွမ်းရည်တွင် ပညာရှင်များနှင့် ဆန့်ကျင်ဘက် အယူရှိသူများကို မယုံကြည်မှုများကြောင့်ပေလားဟု မေးစရာ ဖြစ်လေသည်။

စင်စစ် မူဝါဒ ကျဆုံးခြင်းအပြင် စီမံခန့်ခွဲမှုစနစ် ညံ့ဖျင်းမှုများက စီးပွားရေးစနစ် ယိမ်းယိုင်ခဲ့ခြင်း၏ အဓိက အကြောင်းရင်းများ ဖြစ်သည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် သူ ယုံကြည်စိတ်ချရသော စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များကို အစိုးရအဖွဲ့ နေရာအားလုံးတွင် ခန့်ထားမှုအပေါ် နားလည်နိုင်သည်။ ဤစနစ်မှာ ယခင် တာဝန်ယူသွားခဲ့သူများ၏ လုပ်ရပ်နှင့် သိသာစွာ ကွဲပြားသော်လည်း အတွေ့အကြုံ ကြွယ်ဝသော ထိပ်တန်း အရပ်ဘက် ဝန်ထမ်းများနေရာတွင် စစ်တပ်မှ အတွေ့အကြုံ မရှိသော ပုဂ္ဂိုလ်များနှင့် အစားထိုးမှုက ဘေးဒုက္ခကို ဖိတ်ခေါ်သလို ဖြစ်ခဲ့သည်။ အဆိုပါ အရာရှိများ၏ အတွေ့အကြုံ နည်းပါးမှုက မှားယွင်းသော ဆုံးဖြတ်ချက်များကို မဆင်မခြင် ချမှတ်ပြီး ၎င်းတို့ကို နောက်ရာထူးတစ်ဆင့်သို့ပင် ထပ်မံ တွန်းတင်ပေးလိုက်ခြင်း ဖြစ်ပါသည်။

အခြားတစ်ဖက်တွင်လည်း အဆိုပါပုဂ္ဂိုလ်များ အတွေ့အကြုံ အတော်အသင့်ရလျှင်ရချင်းပင် စစ်အရာရှိငယ်များနှင့် မကြာခဏ ဆိုသလို အစားထိုးလေ့ရှိသည်။ ဤအစားထိုးမှုများသည် စီမံအုပ်ချုပ်ရေးကိစ္စများတွင် ပိုမိုထိရောက်မှုရှိရန် ဆောင်ရွက်ခြင်း မဟုတ်ပါ။ ကိစ္စအတော်များများတွင် အငယ်တန်း အရာရှိများအား သစ္စာခံစေပြီး နောင်တစ်ချိန် သူတို့သည်လည်း အနေးနှင့် အမြန်ဆိုသလို ရာထူး တက်လာလိမ့်မည်ဟု သိစေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။ ဗိုလ်ချုပ်ကြီးနေဝင်းအနေနှင့် ဤအစဉ်အလာသည် နိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေး



mgyoe.com

mgyoe.com
SAMPLE BOOK

အတွက် ထာဝရ ဟန့်တားစေမည် ဆိုသည့်အချက်ကို အနည်းငယ်သာ သဘော ပေါက်ခဲ့သည်။[၄]

အရပ်ဘက်ရာထူး ခန့်အပ်မှုများနှင့် စပ်လျဉ်း၍ သစ္စာရှိမှုက တတ်ကျွမ်းမှု ထက် ပိုမိုအရေးပါသည်ဟု မှတ်ယူစေခြင်းကကို ညီတူညီမျှ ဆိုရှားမှုကို ဖြစ်ပေါ် စေသည်။ ဤမူဝါဒကို 'လူကောင်းလူတော်'ဟု ခေါ်ဆိုသည့် လူကောင်း ပထမ၊ လူတော်ဒုတိယ ဆိုသည့် ဝါဒဟု ခေါ်ကာ ယင်းသည် မော်စီတုံး၏ ခြားနားသော တွေးခေါ်ပုံ ဖြစ်သည့် 'အနီ'နှင့် 'ကျွမ်းကျင်သူ'ကေဒါများ ဆိုသည်မှ ဆင်းသက်လာပုံကို ဒေါက်တာမြမောင်က ဆက်စပ်ပေးထားသည်။ (Mya Maung 1998, p. 228)။

ဤစနစ်၏ အကျိုးဆက်မှာ အနည်းငယ် ယုံကြည်ရသည့် အရပ်သား ဝန် ထမ်းများသည်သာ စီမံခန့်ခွဲမှုစနစ်၏ ထိပ်တန်းနေရာများတွင် တာဝန်ပေးအပ် ခံခဲ့ရပြီး ယင်းတို့မှာလည်း တွေးခေါ်မှုများ ရပ်တန့်သွားကာ ၎င်းတို့၏ စစ်ဘက်မှ

---

၄။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးနု နှစ်ဦးစလုံးသည် ICS, BCS အပါအဝင် အတွေ့အကြုံ ရင့် ကျက်သည့် စီမံခန့်ခွဲသူများကို အားထားခဲ့သည်။ ဦးချမ်းသာက အဖြစ်အပျက်တစ်ခုကို ပြန်ပြောခဲ့ရာ၌ ၁၉၄၇ ဇူလိုင်လ ၁၆ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းက ငွေဖောင်းပွမှုကို တိုက်ဖျက်ရန်အတွက် စားသုံးသူ သမဝါယမအသင်းများ တည်ထောင်ရန် တွန်းအားပေး ခဲ့သည်။ ICS ဦးကြင်က ငွေကြေးစွာပင် ဗိုလ်ချုပ်၏အဆိုကို ငြင်းဆန်ခဲ့သည့်အပြင် ကြမ်းတမ်း သော စကားများပင် သုံးခဲ့သည်။ ဗိုလ်ချုပ်သည် ဦးကြင် ဆွေးနွေးသည်ကို စိတ်ရှည်လက် ရှည် နားထောင်ခဲ့သည့်အပြင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့သော ဦးကြင်ကိုပင် ချီးမွမ်းခဲ့ သည်။ (Chan Tha 1988, p. 524)

အလားတူပင် ပါလီမန် ဒီမိုကရေစီကာလတွင် အစိုးရ၏ လစဉ် စီးပွားရေးကောင်စီ အစည်းအဝေးများတွင် တက်ကြွစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ဦးသက်ထွန်း၏ ပြန်လည်ပြောပြချက်အရ ၁၉၅၁ ခုနှစ် ပထမ နှစ်ဝက်ကာလများတွင် ဝန်ကြီးချုပ် အပါအဝင် အဖွဲ့ဝင်အားလုံးသည် ဘဏ္ဍာရေး ကော်မရှင်နာ ဦးကြင် ဆွေးနွေးမှုများကို မမှိတ်မသုန် အာရုံစိုက်ကာ နားထောင်ခဲ့ကြကြောင်း သိရှိရသည်။ (Kyin 1990, p. 2)

နိုင်ငံအများကို နှိုင်းယှဉ် လေ့လာရာတွင် အင်ဒိုနီးရှားကို အရင်ဆုံး မြင်မိပါသည်။ တော်လှန်ရေးကောင်စီကာလ အင်ဒိုနီးရှားတွင်လည်း စစ်အစိုးရ ကြီးစိုးချိန်တွင် ၎င်းတို့ သည် အသိပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ အခြားသော ကျွမ်းကျင်ပညာရှင်များကို အုပ်ချုပ်ရေးအဖွဲ့တွင် ထည့်သွင်း ဖွဲ့စည်းခဲ့သည်။ အမှန်စင်စစ် Berkeley Mafia ဟု ခေါ်သော Berkeley တွင် ပညာသင်ခဲ့သည့် စီးပွားရေးပညာရှင်များ ပါဝင်သည့် အဆိုပါ အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံအား အတွင်းမျှော်နိုင်ငံမှသည် တိုးတက်မှုနှုန်း မြင့်မားသည့် အပြင်မျှော် နိုင်ငံတစ်ခု ဖြစ်ပေါ်ရေးအတွက် အဓိကနေရာမှ ပါဝင်ခဲ့သူများ ဖြစ်ပေသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

အဆင့်တူပုဂ္ဂိုလ်များပုံစံ ပေါက်သွားပါတော့သည်။ ထပ်မံ၍ စစ်ဆေးခြင်းနှင့် ထိန်းညှိခြင်းစနစ်များ ဖြစ်ပေါ်စေရေးအတွက် အမှန်တကယ် အာဏာ မရှိသော ကော်မတီများ ဖွဲ့စည်းကာ အရေးပါသည်ဟု မယူဆသော ကိစ္စများ သို့မဟုတ် အခြားနိုင်ငံများတွင် အရေးကြီးသည်ဟု မသတ်မှတ်သော ကိစ္စများကို ဆုံးဖြတ်စေခဲ့သည်။ ကော်မတီများ၏လုပ်ငန်းများကိုလည်း အစိုးရအဖွဲ့ထံ အဆိုပြု တင်ပြရသည်။ သို့အတွက်ကြောင့် ဆုံးဖြတ်ချက်များမှာ အဆင့်မမီခြင်း၊ ဗဟို ချုပ်ကိုင်မှု များခြင်းနှင့် အကျိုးသက်ရောက်မှု နှေးကွေးခြင်းများကို ဖြစ်စေသည်။

ဒေါက်တာထွန်းဝေက 'စစ်တပ်သည် ပညာရှင်များ၏ အကြံဉာဏ်များကို ရယူရန် မလိုဟု ခံယူသည်၊ လက်တွေ့ထက် ဆိုရှယ်လစ် အခြေခံ မူဝါဒများ အပေါ် အခြေခံ၍သာ မကြာခဏ ဆုံးဖြတ်ချက်များ ချမှတ်လေ့ ရှိသည်၊ စိတ်ဝင်စားစရာ ဖြစ်ရပ်များအနေဖြင့် ပြည်ပမှ တင်သွင်းလာသော ပစ္စည်းများကို ဝင်ငွေနှုန်းထား ကွဲပြားမှု၊ ကြိုက်နှစ်သက်ခြင်း ရှိ မရှိ၊ ရာသီဥတုနှင့် ဒေသတွင်း ထုတ်လုပ်နိုင်မှုတို့အပေါ် ထည့်သွင်းမစဉ်းစားဘဲ ဒေသအားလုံးသို့ အညီအမျှ ဖြန့်ဝေပေးခြင်းမျိုး မကြာခဏ တွေ့ရသည်၊ ဖြန့်ဝေရာတွင်လည်း ပို့ဆောင်ရေးစရိတ် အနည်းအများကို ထည့်မတွက်ဘဲ ဈေးနှုန်း တစ်ညီတည်းဖြင့် ဖြန့်ဝေစေသည်မှာ ဆိုရှယ်လစ် မူဝါဒကို လက်တွေ့ထက် ပိုမိုဦးစားပေးကြောင်း ပြသလျက်ရှိသည်'ဟု ဆက်လက် သုံးသပ်ပြခဲ့ပေသည်။ (Tun Wai 1990, P. 22)

ကွဲလွဲချက်တစ်ခုမှာ အင်ဒိုနီးရှားသမ္မတဆူဟာတိုသည် စီးပွားရေးမူဝါဒများကို ထိန်းကျောင်းရာတွင် ကျွမ်းကျင်သည့် စီးပွားရေးပညာရှင်များကို အကြံပေးများအဖြစ် အသုံးပြုခဲ့ကာ ၎င်းတို့ကို Berkeley Mafia ဟု ရည်ညွှန်းခေါ်ဝေါ်ခဲ့သည်။

အစောကတည်းက ယိုင်နဲ့နေသော နိုင်ငံစီးပွားရေးသည် အဆုံးတွင် သိသာထင်ရှားစွာ ပေါ်လာပြီး လူငယ်များအတွင်း အလုပ်လက်မဲ့ ပေါများမှု၊ ဝယ်ယူနိုင်စွမ်းအား ကျဆင်းလာမှု၊ ဆန်နှင့် စားသုံးဆီ စသည့် အရေးကြီး ကုန်စည်များ ပြတ်လပ်မှုတို့ကို ဖြစ်ပေါ်စေခဲ့သည်။ ဤစီးပွားရေး အကြောင်းခြင်းရာများက ၁၉၇၄ ခုနှစ်တွင် ကျောင်းသားအရေးအခင်းကို ဖြစ်ပေါ်စေခဲ့ပြီး ၁၉၇၄ ခုနှစ် မေလမှ ဇွန်လအထိ အလုပ်သမား အရေးအခင်းများ ဖြစ်ပေါ်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံတကာ ငွေဖောင်းပွမှု ဝဲဂယက်၊ အာရပ် ရေနံပိတ်ပင်မှုတို့ကလည်း စီးပွားရေး အခြေအနေကို ဆိုးရွားစေသည့်အကြောင်းများ ဖြစ်နိုင်ပြီး ယင်းမှတစ်ဆင့် ကြီးမားသည့်မှောင်ခိုဈေးကွက်ကို ဖြစ်ပေါ်စေခဲ့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

တရားဝင် ထုတ်ပြန်ချက်များအရ ယင်းအဖြစ်အပျက်များကို ကွန်မြူနစ်တို့က လှုံ့ဆော်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။ အထက်ပါ ယူဆချက်မှာ အတိုင်းအတာတစ်ခုအထိလည်း မှန်ကန်ပါသည်။ ဆိုရလျှင် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး အခြေခံအကြောင်းရင်းများ အချင်းချင်း အပြန်အလှန် တုံ့ပြန်ဆောင်ရွက်ပုံများက သက်သေခံလျက် ရှိသည်။ လိုရင်းသို့ ထပ်မံ သွားရလျှင် ဤအရေးအခင်းများ၊ ဆန္ဒပြမှုများကြောင့် အုပ်ချုပ်သူ စစ်တပ်အနေနှင့် စည်းမျဉ်းနှင့် ဥပဒေများမှ ပိုမိုဖယ်ကြဉ်သွားစေခဲ့ပါသည်။ ထိုအဖြစ်အပျက်များက စစ်တပ်အား 'အလွန်အကျွံအကာအကွယ်ယူသည့်စိတ်' သို့မဟုတ် 'အန္တရာယ်များ ဝိုင်းနေသည်ဟု ထင်နေသည့်စိတ်'များ အမြစ်တွယ်စေခဲ့ပါသည်။ အုပ်ချုပ်သူများနှင့် အုပ်ချုပ်ခံတို့ အပြန်အလှန် မယုံကြည်မှုများကြောင့် လူမှုရေး ညီညွတ်မှုနှင့် စီးပွားရေး တိုးတက်မှုများ ရရှိရန် ဆိုသည်မှာ မဖြစ်နိုင်သော အခြေအနေ ဆိုက်ရောက်ခဲ့ရသည်။

နိုင်ငံ၏ စီးပွားရေး အခြေအနေ ဆုတ်ယုတ်ကျဆင်းမှုကြောင့် အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ခဲ့ရသည်။ ၁၉၇၃-၁၉၇၄ ခုနှစ်တွင် အစိုးရက ကန့်သတ်ထားခဲ့သည့် စပါးနှင့် အခြားသော သီးနှံများ၏ ဈေးနှုန်းများကို မြှင့်တင်ပေးခဲ့သည်။[၅] ဆက်လက်ပြီး ၁၉၇၅-၁၉၇၆ ခုနှစ်တွင် မြို့နယ်စုံ စပါး အထူးထုတ်လုပ်ရေး အစီအစဉ်ကို ချမှတ် ဆောင်ရွက်ခဲ့ကာ အထွက်တိုး မျိုးစေ့များ (HYV) နှင့် ဓာတ်မြေဩဇာများကို အသုံးပြုကာ 'အစိမ်းရောင် တော်လှန်ရေး'ဟု ခေါ်သည့် စပါးအထူးအတွက်တိုး စီမံကိန်းကို ဆောင်ရွက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများအား စီမံအုပ်ချုပ်ပုံ နည်းစနစ် ပြန်လည်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကာ စီးပွားရေးဆန်ဆန် ဆောင်ရွက်စေခဲ့ပြီး စက်မှုလုပ်ငန်း ၂၃၆ ခုကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု၊ ပိုင်ဆိုင်မှု၊ လုပ်ငန်းဆောင်ရွက်မှုများ ခွင့်ပြုခဲ့သည်။ အစိုးရ အနေနှင့် ကိုယ့်ကိုယ်ကိုယ် အားကိုးသော မူဝါဒကို ဖြေလျှော့ကာ

၅။ စပါးအပြင် အခြားသော ကန့်သတ်သီးနှံများမှာ ဂျုံ၊ ပြောင်း၊ ဝါဂွမ်း၊ ချဉ်ပေါင်လျှော်၊ ဂုန်လျှော်၊ ရာဘာ၊ ကြံ၊ ဗာဂျီးနီးယားဆေးရွက်ကြီးနှင့် အခြားသော ပဲအမျိုးမျိုးတို့ ဖြစ်သည်။ အစိုးရ အနေနှင့် အထက်ပါ ကောက်ပဲသီးနှံများ၏ တည်နေရာနှင့် ပထဝီဝင် အနေအထားကို ထည့်တွက်ခြင်း မပြုဘဲ တစ်နိုင်ငံလုံးတွင် ဝယ်ဈေးကို တစ်မျိုးတည်း သတ်မှတ်ထားပြီး ကောက်ပဲသီးနှံ၏ အရည်အသွေးနှင့် အတန်းအစားကိုသာ ဈေးနှုန်း ခွဲခြား သတ်မှတ်ထားပါသည်။


mgyoe.com